# ကြေးမုံ

The Mirror Daily


၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 30 April 2019 ၉၆၃၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမှ အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ပေးစွမ်းနိုင်မည်ဟု ယုံကြည်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်** (Belt and Road Forum for International Cooperation)**သို့ တက်ရောက်ရန် ၂၀၁၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်ခဲ့သည်။**

ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၅-၄-၂၀၁၉ ရက်နေ့မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ ပေကျင်းမြို့၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း (၃၇) နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအပါအဝင် နိုင်ငံပေါင်း (၁၅၀)နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ စုစုပေါင်း (၅၀၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

**မိန့်ခွန်းပြောကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၆-၄-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ China National Convention Centre (CNCC) တွင် ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး Belt and Road Cooperation: Shaping a Brighter Shared Future ခေါင်းစဉ်ဖြင့် ကျင်းပသည့် အဆင့်မြင့်အစည်းအဝေး(ပထမပိုင်း)သို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားခဲ့သည်။

**ယုံကြည်ထောက်ခံမှုရရှိရန် လိုအပ်**

ထိုသို့ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် ပထမအကြိမ်ဖိုရမ်တွင် တရုတ်နိုင်ငံက အဆိုပြုထားသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI)ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အရည်အသွေးပြည့်မီသည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက် အခွင့်အလမ်းများကို ယခု ဒုတိယအကြိမ်မြောက်ဖိုရမ်မှ ပေးစွမ်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ BRI အောက်ရှိ စီမံကိန်းများသည် ပါဝင်သည့်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ ဦးစားပေးကိစ္စရပ်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ စီးပွားရေး အရသာမက လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်သိမှုကို အခြေခံ၍ စီမံကိန်းများ၏ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး အရေးအကြီးဆုံးအချက်အနေဖြင့် ဒေသခံပြည်သူများ၏ ယုံကြည်ထောက်ခံမှုရရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအကြား **စာမျက်နှာ ၃ ကော်လံ ၁ သို့**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ကမ္ဘာကြီးပူနွေးမှုလျော့ကျရေးကြိုးပမ်း

ဤကမ္ဘာမြေသည် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်နေထိုင်နိုင်ရန်အတွက် သဘာဝကဖန်တီးပေးထားသော နေရာဖြစ်၏။ ရေထု၊ မြေထု၊ လေထုတို့ အချိုးညီမျှတစွာဖြင့် လူသတ္တဝါများ အသက်ရှင်သန်နိုင်အောင် ဖွဲ့စည်းထား၏။ ဖြစ်ဖြစ်သမျှအရာဝတ္ထုအစုစုတို့သည့် ဇာကန်မုချပျက်ရမည့် အနိစ္စသဘောဖြစ်သော်လည်း အချိန်မတန်မီမပျက်စီးရေး၊ အချိန်ကြာကြာ ရပ်တည်ရေးအတွက် ဤကမ္ဘာမြေကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယခုအခါ ကမ္ဘာလောကကြီးသည် လွန်ခဲ့သည့်နှစ်များနှင့်မတူ ပိုမိုလွန်ကဲပူနွေးလာသည်ကို ခံစားကြုံတွေ့နေသည်။ လာမည့်နှစ်များတွင် ယခုထက် ပိုမိုမလွန်ကဲလာစေရန် လူသားအားလုံး အသိတရားဖြင့် ဆင်ခြင်ကြရမည် ဖြစ်သည်။ ဤကမ္ဘာကြီးကို လူသားတို့ပင် အလျင်အမြန်ဖျက်ဆီးနေကြခြင်းဖြစ်သည်။ စက်မှု၊ သိပ္ပံနှင့် နည်းပညာ အလျင်အမြန်တိုးတက်ထွန်းကားလာခြင်းနှင့်အတူ ကမ္ဘာကြီးကိုပျက်စီးစေသော အကြောင်းများလည်း မြန်မြန်ဖြစ်ပေါ်လာပေသည်။

ယခုအခါ လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုများလာသဖြင့် ကမ္ဘာကြီးပိုမိုပူပြင်းလာခြင်းဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် ကမ္ဘာကြီးပိုမိုပူပြင်းစေသည့် ကနဦးလက်သည်ဖြစ်သည်။ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ တစ်နေ့တခြား တိုးပွားများပြားနေသော မော်တော်ယာဉ်များမှ ထွက်ပေါ်လာသည့် ဓာတ်ငွေ့များမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များဖြစ်ပြီး ယင်းဓာတ်ငွေ့များ လေထုထဲတွင်ပိုများလာသောကြောင့်လေထုညစ်ညမ်းမှုများ၊ အပူချိန်လွန်ကဲမှုများ ဖြစ်လာရသည်။

ထို့အပြင် အလွန်ပူပြင်းသော နေရောင်ခြည်ကို ဤကမ္ဘာမြေနှင့် တိုက်ရိုက်မထိတွေ့စေရန်အတွက် ဖန်လုံအိမ်အလွှာထုဖြင့် လွှမ်းပတ်ခြုံကာ အကာအကွယ်ပေးထားသည်။ ယင်းကို လူသတ္တဝါတို့ကပင် ဖျက်ဆီးခဲ့ကြသည်။ လူသတ္တဝါတို့အသုံးပြုမှုမှ ပေါ်ထွက်လာသော ဓာတ်ငွေ့အမျိုးမျိုးတို့ကြောင့် ကမ္ဘာကြီးကို ကာကွယ်ပေးထားသော အိုဇုန်းလွှာပေါက်ပြဲလာပြီး ခရမ်းလွန်ရောင်ခြည်များ ထိုးဖောက်ဝင်ရောက်ကာ လူသတ္တဝါများနှင့် ကမ္ဘာမြေထိခိုက်ပျက်စီးခြင်းဖြစ်ရသည်။

နွေရာသီကာလတွင် အပူချိန်ပြင်းထန်လွန်းသောကြောင့် လည်းကောင်း၊ လူတို့က တောင်ယာအတွက်ဖြစ်စေ၊ ထင်း၊ မီးသွေးအတွက်ဖြစ်စေ တောမီးရှို့သောကြောင့်လည်းကောင်း တောတောင်များတွင် တောမီးများ လောင်ကျွမ်းနေသည်ကို မြင်တွေ့ဖူးမည်ဖြစ်သည်။ တောမီးများ ပိုမိုလောင်သည်နှင့် ကမ္ဘာကြီးပိုမိုပူပြင်းလာပြီး လူ၊ သတ္တဝါနှင့်အပင်များ ပျက်စီးထိခိုက်ခြင်း ဖြစ်ရသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်လာသည်။ အချိန်ရာသီအလိုက်ဖြစ်ပေါ်သည့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါး ပျက်စီးလာသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်ပြင်းထန်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းတို့နှင့် ကြုံတွေ့နေရပြီး ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေချိုမြစ်များအတွင်း ရေငန်များဝင်ရောက်လာခြင်း၊ သီးနှံများပျက်စီးခြင်း၊ အထွက်နှုန်းလျော့ကျခြင်း၊ အချို့သတ္တဝါမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း၊ ကပ်ရောဂါများ အလျင်အမြန်ဖြစ်ပွားခြင်း စသည့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာကြီး အလျင်အမြန်ပူပြင်းလာမှုကို လျော့ကျစေနိုင်မည့် နည်းလမ်းများအား ကမ္ဘာ့လူသားများအားလုံးက အလျင်အမြန်အဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် မော်တော်ယာဉ်အသုံးပြုမှုများကို လျှော့ချပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်သည့်၊ လေထုညစ်ညမ်းမှုလည်း မဖြစ်သည့် စက်ဘီးစီးခြင်း၊ ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှုလျှော့ချခြင်းတို့ ဆောင်ရွက်သင့်သည်။ နိုင်ငံ အစိုးရများကလည်း နည်းလမ်းစည်းကမ်းဖြင့်၊ ကမ္ဘာလူသားတိုင်းကလည်း အသိတရားဖြင့် ကမ္ဘာကြီးပူပြင်းမှု လျော့ကျလာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm






# Myanmar e-ID Program အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NEC Corporation တို့ ပူးပေါင်းကျင်းပသည့် Myanmar e-ID Program အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံး**

အစီအစဉ်အရ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို Biographic နှင့် Biometric Data များကောက်ယူပြီး UID နံပါတ်တစ်ခုစီ သတ်မှတ်ပေးပြီး မှတ်ပုံတင်၍ Database တွင် သိမ်းဆည်းမည့် e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်း e-ID စနစ်သည် e-Government စနစ် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကျသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ e-ID လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနသို့ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် World Bank, OMIDYAR NETWORK နှင့် Center for Humintarian Dialogue (HD), Unique Identification Authority of India (UIDAI) အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းကုမ္ပဏီများ၊ စုစုပေါင်း ကုမ္ပဏီအဖွဲ့အစည်း ၅၀ ကျော် လာရောက် ရှင်းလင်းပြသပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်များအား စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးနိုင်ရန်အတွက် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၏ ရှင်းလင်းတင်ပြ ဆွေးနွေးချက်များကို လေ့လာလျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အာရှနှင့် ပစိဖိတ်ဒေသတွင်း၌ စီမံခန့်ခွဲမှုမဟာဗျူဟာ အကြံပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အကောင်အထည်ဖော် ခဲ့သည့် Aadhaar စနစ်တွင်လည်း အစိုးရအဖွဲ့အစည်းဖြစ်သည့် UIDAI နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ အတွေ့အကြုံရှိသည့် Dr. Krishna V Giri မှ Main Presenter အဖြစ် ရှင်းလင်းဆွေးနွေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် e-ID စနစ်အတွက်များစွာ အထောက်အကူပြုမည့်အချက်အလက်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ထို့ပြင် ဤအလုပ်ရုံဆွေးနွေးပွဲတွင် Digital စနစ်ပြုပြင် ပြောင်းလဲရေးအတွက် အထောက်အကူပြုမည့် အကြောင်းအရာများ ရရှိနိုင်မည်ဖြစ်၍ တက်ရောက်လာကြသူများ အနေဖြင့် ဆွေးနွေးပွဲတွင် မရှင်းလင်းသည့်အချက်များ သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်နှင့် အချိန်နှင့် နေရာကန့်သတ်ချက်ကြောင့် တက်ရောက်နိုင်ခြင်း မရှိသည့် e-ID စနစ်လုပ်ငန်းဆိုင်ရာ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များကိုလည်း ဆွေးနွေးပွဲဆိုင်ရာ အချက်အလက်များ ဝေမျှပေးကြရန် မှာကြားလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် NEC Corporation (ရန်ကုန်ဌာနခွဲ)မှ ဌာနေကိုယ်စားလှယ် Mr. Toshio Suzuki က e-ID Program အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၌ ကျင့်သုံးလျက်ရှိသည့် Aadhaar စနစ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ Biometric Authentication နည်းပညာဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြရမည်ဖြစ်ပြီး e-ID စနစ်လုပ်ငန်း ဆပ်ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အန္တရာယ်ကင်းရှင်းသည့် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်

**ရေတာရှည် ဧပြီ ၂၉**

မှိုမျိုးစုံစိုက်ပျိုးနည်းသင်တန်း ဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမြင့်က မှိုများ၏သမိုင်းကြောင်း၊ မှိုအမျိုးမျိုးကို စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် မိသားစုအလိုက် ဝင်ငွေရရှိနိုင်သည်သာမက စီးပွားရေးအကျိုးဖြစ်ထွန်းနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ယနေ့ တက်ရောက်လာသည့် သင်တန်းသားများ အနေဖြင့် သင်တန်းမှ ပို့ချလိုက်သော နည်းပညာများကို မိမိတို့ အရပ်ဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ အောင်အောင် မြင်မြင်လက်တွေ့ ဆောင်ရွက်ကြသည့်အပြင် အခြားသူများကိုပါ နည်းပညာများ ဖြန့်ဝေပေးခြင်းဖြင့် တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်၍ ကြိုးစားသင်ယူကြရန် ပြောကြားသည်။

သင်တန်းကာလမှာ မေ ၃ ရက်အထိဖြစ်ပြီး တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၂၉**

ရန်ကုန်(ရွှေဈေး) ၁၀၄၀၀၀၀ - ၁၀၄၀၀၀၀    မန္တလေး(ရွှေဈေး) ၁၀၄၀၀၀၀ - ၁၀၄၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၇၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၆၅ ကျပ် | ၉၄၀/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၄၀/၉၃၀ ကျပ် | ၉၂၅/၁၀၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၂၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၀/၉၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၈၀/၈၉၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၃.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၀.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၇၅၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၂၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၃.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၃၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၄.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

❐ ရှေ့ဖုံးမှ

ကုန်းမြေပေါင်းကူးတံတားအဖြစ် တည်ရှိနေသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော ကြီးမားသည့် စီးပွားရေးဈေးကွက်များနှင့်လည်း နီးကပ်စွာတည်ရှိနေကြောင်း၊ နိုင်ငံများအားလုံး၊ အထူးသဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိနိုင်ရေးသည် မြန်မာနိုင်ငံ အစဉ်တစိုက် ကျင့်သုံးခဲ့သည့် မူဝါဒဖြစ်ကြောင်း၊ ပထမအကြိမ် BRI ဖိုရမ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး မိမိတို့၏ အမျိုးသားစီမံကိန်းများနှင့် ဦးစားပေးကိစ္စရပ်များနှင့်အညီ နှစ်ဖက်အကျိုးစီးပွားများ မျှဝေနိုင်သည့် နယ်ပယ်များတွင် ဘုံဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် အတူတကွဆောင်ရွက်ရန် ကတိကဝတ်များ ဖော်ညွှန်းခဲ့ပြီးဖြစ်ကြောင်း၊ (၂)နှစ်တာကာလအတွင်း မြန်မာ-တရုတ်စီးပွားရေး စင်္ကြံပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအား ပံ့ပိုးပေးရန်အတွက် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန်လည်း သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားစီမံကိန်းနှင့် ဦးစားပေးကိစ္စရပ်များနှင့်အညီ ရွေးချယ်ထားသည့် BRI စီမံကိန်းများသည် ပြည်တွင်းဆက်သွယ် ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရုံသာမကဘဲ နယ်စပ်ဖြတ်ကျော်ဆက်သွယ် ချိတ်ဆက်မှုကိုပါ တိုးမြှင့်ပေးသွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

> “(၂)နှစ်တာကာလအတွင်း မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအား ပံ့ပိုးပေးရန်အတွက် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန်လည်း သဘောတူညီခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားစီမံကိန်းနှင့် ဦးစားပေးကိစ္စရပ်များနှင့်အညီ ရွေးချယ်ထားသည့် BRI စီမံကိန်းများသည် ပြည်တွင်းဆက်သွယ် ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရုံသာမကဘဲ နယ်စပ်ဖြတ်ကျော် ဆက်သွယ်ချိတ်ဆက်မှုကိုပါ တိုးမြှင့်ပေးသွားနိုင်မည်ဟု ယုံကြည်”

**ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေပိုင်းတွင် ပြည်သူ့ခန်းမဆောင်ကြီး၌ သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှ ဖိုရမ်တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၇-၄-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ Yanqi Lake International Conference Centre ၌ ကျင်းပသည့် နိုင်ငံ့ခေါင်းဆောင်များ၏ စားပွဲဝိုင်းဆွေးနွေးပွဲ (ပထမပိုင်း) သို့ ပါဝင်တက်ရောက်ခဲ့ပြီး "Boosting Connectivity to Explore New Sources of Growth" ဘာသာရပ် ခေါင်းစဉ်နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Yanqi Hotel ၌ “Strengthening Policy Synergy and Building Closer Partnership” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်သဘောနေ့လယ်စာစားပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ (ဒုတိယပိုင်း) သို့ လည်းကောင်း၊ "Promoting Green and Sustainable Development to Implement the UN 2030 Agenda" ခေါင်းစဉ်ဖြင့်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (တတိယပိုင်း) သို့လည်းကောင်း တက်ရောက်ခဲ့သည်။

**ပေါင်းစည်းဆက်နွှယ်မှု တိုးမြှင့်**

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက်သည် ပိုးလမ်းမပေါ်တွင်ရှိသည့် နိုင်ငံများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာပြီး အချင်းချင်းဆက်သွယ်မှု တိုးမြှင့်လာစေရေးအတွက် သာမက နိုင်ငံများအချင်းချင်း မူဝါဒများ ဟန်ချက်ညီစွာ ဆက်သွယ်မှုရှိရေး၊ ချောမွေ့သောကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုရှိစေရေး၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကောင်းမွန်သည့် တိုးတက်မှုနှင့် လူနေမှုကို အထောက်အကူဖြစ်စေမည့် အဂတိကင်းစင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်သူများအချင်းချင်း အပြန်အလှန်သွားလာဆက်သွယ်မှု၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ပညာရေး၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင်လည်း ပေါင်းစည်းဆက်နွှယ်မှု တိုးမြှင့်ရေးကို ရည်ရွယ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၄-၄-၂၀၁၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်လည်းကောင်း၊ ၂၅-၄-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆိုပါအစီအစဉ်အောက်မှ နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ အားတရုတ်နိုင်ငံသို့ တင်သွင်းခွင့် ခွဲတမ်းအား ဆက်လက်ပေးအပ်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ တရုတ်နိုင်ငံမှ ပိုမိုတင်သွင်းရေးနှင့် အရည်အသွေးမြှင့်တင်ရန် ကူညီပံ့ပိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏတိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေး၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် မြန်မာအစိုးရအား ယွမ်သန်း ၁၀၀၀ အကူအညီ အထောက်အပံ့ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**လက်မှတ်ရေးထိုးလဲလှယ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်ကောင်စီဝင်၊ ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် တွေ့ဆုံမှုအပြီးတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် တရုတ်အစိုးရမှ မြန်မာအစိုးရအား ထောက်ပံ့ငွေ ယွမ်သန်း ၁၀၀၀ အထောက်အပံ့ ပေးအပ်မည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်အညီ စက်မှု၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ်ပိုးလမ်းမ (ဆက်သွယ်ရေးနည်းပညာ)၊ ဘဏ္ဍာရေး၊ ခရီးသွားလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်သူများအချင်းချင်းထိတွေ့ဆက်ဆံမှု၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်း အစီအမံများဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၂၀၁၉-၂၀၃၀) ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုပိုင်း တိုးမြှင့်ရေးအတွက် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ် ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲရေးဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း သဘောတူညီချက် သုံးခုတို့ကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၅-၄-၂၀၁၉ ရက်နေ့၊ ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး မစ္စတာ စွန့်တောင်မှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ခင်မင်ရင်းနှီးစွာ တွေ့ဆုံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၈-၄-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ မြန်မာသံရုံးသို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း ဦးဆောင်သည့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဥက္ကဋ္ဌ Mr. Wang Yang နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် Mr. Wang Yang က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယန်းချင့်မြို့နယ်၊ Guirui ပြဇာတ်ရုံတွင် ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ ပေကျင်း အပြည်ပြည်ဆိုင်ရာသစ်သီးဝလံနှင့် ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ မတက်ရောက်မီ ယင်းပြပွဲတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံပြခန်းနှင့် တရုတ်နိုင်ငံပြခန်းတို့ကို လှည့်လည်ကြည့်ရှုကာ အမှတ်တရသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ဇနီး၊ ယင်းပြပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ ယဉ်ကျေးမှုဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုခဲ့သည်။

ပေကျင်းမြို့တွင် ရှိနေစဉ်အတွင်း ၂၆-၄-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရုရှားနိုင်ငံသမ္မတ H.E. Mr. Vladimir Putin နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ တောင်ကြီးမြို့ပြည်သူ့ဆေးရုံ ပြုပြင်မွမ်းမံရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ထည့်သွင်းဆွေးနွေး**

အစည်းအဝေးကာလအတွင်း ဩစတြီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sebastian KURZ နှင့် တွေ့ဆုံရာ၌ မြန်မာ-ဩစတြီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ e-Government ကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံရန် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ပြင်သစ်နိုင်ငံ ဥရောပရေးရာနှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Yves Le Drian နှင့်တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် ပြင်သစ်နိုင်ငံမှ ကူညီပံ့ပိုးပေးမည့်ကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း မူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ မူဘောင်အောက်မှ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းအစီအစဉ်များကို တရုတ်နိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ အထူးသဖြင့် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ရေးနှင့် စီမံကိန်းကြီးများ ဖြစ်နိုင်ခြေလေ့လာရေးကိစ္စများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာမှု အကူအညီ ပေးအပ်ရေးတို့အတွက် မြန်မာအစိုးရအား ယွမ်သန်း ၁၀၀၀ အကူအညီ အထောက်အပံ့ပေးရန်၊ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ အား တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ခွဲတမ်းအား ဆက်လက်ပေးအပ်ရန်နှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ ပိုမိုတင်သွင်းနိုင်ရန် ဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၉-၄-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပေကျင်းမြို့မှ ကူမင်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ကူမင်းလေဆိပ် ဧည့်ခန်းမတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီအတွင်းရေးမှူး H.E. Mr. Chen Hao အား လက်ခံတွေ့ဆုံခဲ့သည်။

**ဆက်လက်ထွက်ခွာ**

ထို့နောက် နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ဖနောင်ပင်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်ဇင်မောင်၊ ဦးဝင်းခိုင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဆက်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်။**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr.Chen Hao အား လက်ခံတွေ့ဆုံ

## ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ

**ဖနောင်ပင် ဧပြီ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပေကျင်းမြို့မှ ကူမင်းမြို့ Changshui အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zhang Guohua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr.Chen Hao အား လေဆိပ်အထူးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr.Chen Hao အား လက်ခံတွေ့ဆုံစဉ်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြန်မာအထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Kantha Phavi၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Eat Sophea၊ ကမ္ဘာဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး Mr. Sok Chea နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Eat Sophea နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Great Duke Phnom Penh Hotel သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းကိုကို၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မြန်မာသံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းကိုကို၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တက်ရောက်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂၉**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအတွင်းရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ဆွေးနွေးအတည်ပြုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များ အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## ညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်

(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ယခင်အစည်းအဝေးများထက် ပိုမိုများပြားသည့် အလုပ်တာဝန်များနှင့် ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ သင့်တော်သည့် သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်စွာပြီးမြောက်နိုင်ရန် ဦးစားပေးလုပ်ငန်းအလိုက် စီမံခန့်ခွဲမှုကောင်းကောင်းနှင့် အချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အားလုံး၏ ညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးလှသည့် လက်ရှိအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့် မိမိ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန် ရယူအသုံးပြုကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို သိရှိလိုက်နာပြီး မိမိတို့၏ ဥပဒေပြုလွှတ်တော်နှင့် အခြားသော ကိုယ်စားလှယ်များ၏ အခွင့်အရေးများကိုလည်း မထိခိုက်စေရန် သတိပြုဆောင်ရွက်သွားစေလိုကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်များကို မြို့နယ်အားလုံးအတွက် ထုတ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့် တင်ပြလာသည့် မြို့နယ် ၅၀ မှ လုပ်ငန်း ၉၅ ခုကိုလည်း စိစစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာဒေသခံများ၊ ဌာနအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့မဲဆန္ဒနယ်မြေအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုပါကြောင်း။

## ရိုးသားမှန်ကန်သည့် စေတနာလုပ်အားပြသ

ထို့ပြင် ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ညှိနှိုင်းချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းထားပါကြောင်း၊ ပူးပေါင်းအဖွဲ့များအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် ပါဝင်သည့် ရငွေ၊ သုံးငွေများကစပြီး စိစစ်ကြရမည်ဖြစ်ပါကြောင်း၊ စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို အခြေခံပြီး အချိန်မီ စိစစ်တင်ပြပေးကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့်ပြည်သူများအတွက် အလေးထားစဉ်းစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နိုင်ငံတစ်ဝန်းက တိုင်းရင်းသား ပြည်သူများအားလုံး အေးချမ်းလုံခြုံပြီး ဥမကွဲသိုက်မပျက်နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရေးတွင် စိတ်ရောကိုယ်ပါ ညီညွတ်ကြပြီး ရိုးသားမှန်ကန်သည့် စေတနာလုပ်အားတို့ကို ပြသနိုင်ကြပါစေဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် **ပြည်ထောင်စုလွှတ်တော် နာယကက** ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် အကြိမ် ၁၄၀ မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ကို တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုလွှတ်တော် နာယကက** နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ဦးမြင့်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဒေါ်ရီရီချို၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးလှထွေးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးအောင်သူရတို့အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို လည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက လောင်းကစားဥပဒေကြမ်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တံတားကြီးများဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ကော်မရှင်ကို စတင်တာဝန်ပေးအပ်ခဲ့ပြီးနောက် ကော်မရှင်သည် ၂၀၁၈ ခုနှစ်အတွက် လုပ်ငန်းစီမံချက် ၇ ရပ်ကို ဦးစွာရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ကော်မရှင်သည် ကျွမ်းကျင်သူပညာရှင်များ၏ အကူအညီဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ကာလတို (၂၀၁၈-၂၀၂၁) လေးနှစ်တာကာလအတွက် သတ်မှတ်ရေးဆွဲခဲ့ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မဟာဗျူဟာစီမံချက်တွင် လုပ်ငန်းနယ်ပယ် ၅ ရပ်၊ လုပ်ငန်းစဉ် ၁၇ ခုနှင့် ပန်းတိုင် ၄၈ ခုရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်က တိုင်ကြားစာ လက်ခံရရှိမှုအနေဖြင့် ယခင်နှစ် အလားတူကာလထက် ငါးဆခန့် ပိုမိုပေးပို့လာသောကြောင့် စုစုပေါင်းအစောင်ရေ ၁၀၅၄၃ စောင် လက်ခံရရှိခဲ့ပါကြောင်း၊ ကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၄၆ စောင်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိရ၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သော တိုင်ကြားစာ ၁၇၉၅ စောင်ဖြစ်ပါကြောင်း။

## အဂတိလိုက်စားမှုစစ်တမ်း ကောက်ယူနိုင်ခဲ့

ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကို ဆွေးနွေးအကြံပြုခဲ့သော တိုင်ကြားစာ ၅၂၈၆ စောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အကျုံးမဝင်သော တိုင်ကြားစာ ၂၈၂၄ စောင်တို့အား ပြည်သူတစ်ဦးချင်းထံသို့ ပြန်ကြားပေးနိုင်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခဲ့သော တိုင်ကြားစာများနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း ပြန်ကြားသည့် အရေအတွက်သည် ၅၃၆ စောင်ဖြစ်ပါကြောင်း။

ထို့ပြင် ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုကြောင့် ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာ ဌာနများတွင် ဆုံးရှုံးမှုဖြစ်နိုင်ဖွယ်ရှိသော မြန်မာငွေကျပ် ၃၀ ဒသမ ၈၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၃ သန်းတို့အား ပြည်သူ့ဘဏ္ဍာငွေအဖြစ် ပြန်လည်ပေးသွင်းစေခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အဂတိလိုက်စားမှုများကို အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် ကော်မရှင်သည် တတိယအဖွဲ့အစည်းတစ်ခုကို လုပ်ငန်းအပ်နှံ၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ ချင်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုစစ်တမ်း ကောက်ယူနိုင်ခဲ့ပါကြောင်း။

အဆိုပါ စစ်တမ်းတွေ့ရှိချက်များအရလည်းကောင်း၊ ကော်မရှင်၏ ၂၀၁၈ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များအပေါ်ပြန်လည်သုံးသပ်ချက်အရလည်းကောင်း ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ အောင်မြင်ရေးအတွက် ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း။

## နည်းဥပဒေသစ်ရေးဆွဲရေး ဆောင်ရွက်နေပြီ

ထို့ကြောင့် ၂၀၁၉ ခုနှစ် ရှေ့လုပ်ငန်းစဉ်တွင် ဥပဒေမူဘောင် ပိုမိုခိုင်မာရေးအတွက် ထုတ်ဖော်သတင်းပေးပို့သူအား အကာအကွယ်ပေးရေး ဥပဒေကြမ်းရေးဆွဲရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေနှင့်အညီ ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် နည်းဥပဒေသစ်ရေးဆွဲရေးတို့ကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအနေဖြင့် ဌာနများတွင်ရှိနေသော အဂတိလိုက်စားမှုပြဿနာများကို ဖော်ထုတ်ကြရန်၊ ဖော်ထုတ်တွေ့ရှိရသော အဂတိလိုက်စားမှုပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်မြင့်မားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပြင်ဆင်ရန်ဟူသော ရည်မှန်းချက်တာဝန် သုံးခုဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ CPU များကို ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းရေးဆောင်ရွက်လျက်ရှိနေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ် ငါးစီး တင်သွင်းရာတွင် အကောက်အခွန်၊ ကုန်သွယ်လုပ်ငန်းခွင်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့မှ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ဆောက်ရွက်ရန် တင်သွင်းမည့် အမေရိကန်ဒေါ်လာ ၁၂၇၈၇၉ ဒသမ ၂၀ တန်ဖိုးရှိ ရုံးသုံးမော်တော်ယာဉ် ငါးစီးကို အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

**စာမျက်နှာ ၇ သို့** ✻

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ကြရမည့် ဥပဒေကြမ်း (၁၄) ခုရှိပါကြောင်း၊ အသင့်ဖြစ်အဆို (၁၆) ခု၊ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း (၂၃၇) ခုရှိပါကြောင်း၊ မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို ဝန်ကြီးဌာနများ၏ အခြေအနေနှင့် ရရှိသည့် အချိန်အခါပေါ်မူတည်ပြီး နေ့စဉ်အစည်းအဝေး အစီအစဉ်များတွင် ထည့်သွင်းသွားမည်ဖြစ်သည်ကို အသိပေးတင်ပြလိုပါကြောင်း။

မိမိတို့လွှတ်တော် လုပ်ငန်းစဉ်များသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရသည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို မြှင့်တင်နိုင်ရန်အတွက် ဥပဒေများအခိုင်အမာ ပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ လွှတ်တော်များ ခိုင်မာအားကောင်းပြီး ပြည်သူက ပိုမိုအားကိုးလာရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်နိုင်ကြရန် အထူးလိုအပ်ပါကြောင်း၊ မိမိတို့ကိုယ်စားပြုသည့် ဥပဒေပြုရေးမဏ္ဍိုင်၏တာဝန်သည် ကြီးမားပြီး စနစ်တကျ ချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ်ဆောင်ရွက်နိုင်ကြမှသာ မှန်ကန်သည့်ဆုံးဖြတ်ချက်များနှင့် ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စံနမူနာပြ ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

## နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရသည့် လွှတ်တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေကြရမည်

မိမိတို့သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိပြီး ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရသည့် လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေးတို့သည် အထူးပင်အရေးကြီးလှပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းနှင့် ဆွေးနွေးဖြေရှင်းနိုင်ရန်အတွက် ယုံကြည်မှုတည်ဆောက်နိုင်အောင် ဝိုင်းဝန်းကူညီပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ စိတ်ရင်းစေတနာမှန်ဖြင့် ပြည်သူများ၏ လိုလားချက်များကို ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၏ ၂၀၁၉ ခုနှစ် မတ် ၁၇ ရက် မှ ၂၀ ရက်အထိ နီပေါနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ကျင့်သုံးနေမှုများအား လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဦးဝေဖြိုးအောင်၏ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ Strengthening Legal Frameworks to Protect Children from Sexual Exploitation in Travel and Tourism ဒုတိယအကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ ၂၀၁၉ ခုနှစ် မတ် ၂၃ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံ (၅) ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံနှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ ကာတာနိုင်ငံ (၁၄၀) ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များ ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၏ ၂၀၁၉ ခုနှစ် ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ဘယ်လ်ဂျီယံနိုင်ငံ European Union Visitors Programme- EUVP 2019 သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မြစေး ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ တောင်အာဖရိကနိုင်ငံ Western Cape ပြည်နယ်လွှတ်တော် လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ ကော့ကရိတ် မဲဆန္ဒနယ်မှ ဦးစိုးငွေးနှင့် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းတို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ နယ်သာလန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အသွင်ကူးပြောင်းမှုများနှင့် ဖက်ဒရယ်နိုင်ငံများရှိ လုံခြုံရေးကဏ္ဍ



နမ္မတူမဲဆန္ဒနယ်မှ
ဒေါ်နန်းခမ်းအေး



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ကျောင်းကုန်းမဲဆန္ဒနယ်မှ
ဦးသိန်းထွန်း



ဒုတိယဝန်ကြီး
ဦးလှကျော်

ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့ သည့် ခရီးစဉ်၊ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Guidelines of AIPA Engagement with Guest, Observe and Dialogue Partner ဆိုင်ရာ ယာယီလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်နှင့် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းတို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အထိ ပေါ်တူဂီနိုင်ငံ (၂၆)ကြိမ်မြောက် Harm Reduction International Conference (HR 19) သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **လစဉ်သုံးစွဲပြီးသော ယူနစ်များကို Digital စနစ်ဖြင့် မီတာမဖတ်နိုင်သေးမီ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်လျှပ်စစ်ဌာနတိုင်း၏ ဝန်ထမ်းလိုအပ်ချက်များကို ပြန်လည်စိစစ်ပြီး ဝန်ထမ်းများ အမြန်ဆုံးဖြည့်ဆည်းခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဖွဲ့စည်းပုံ ခွင့်ပြုအင်အားအရ အမှုထမ်းခွင့်ပြု ရှစ်ဦးတွင် အမြဲတမ်း လေးဦး၊ နေ့စားဝန်ထမ်းလေးဦး ခန့်အပ်ထားပါကြောင်း၊ တောင်ပေါ်ဒေသ လျှပ်စစ်မီးသုံးသူဦးရေ ၇၀၀ လျှင် မီတာဖတ်စာရေးတစ်ဦးနှင့် မြေပြန့်ဒေသ လျှပ်စစ်မီးသုံးသူဦးရေ ၈၀၀ တွင် မီတာဖတ်စာရေးတစ်ဦးနှုန်းနှင့် ခန့်ထားပေးလျက်ရှိရာ နမ္မတူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် မီးသုံးသူ ၃၈၀၄ ဦးရှိရာ လျှပ်စစ်ကျွမ်းကျင်-၄ တစ်ဦး၊ လျှပ်စစ်ကျွမ်းကျင်-၅ တစ်ဦး၊ နေ့စား(မီတာ)တစ်ဦး၊ နေ့စား(လိုင်း) တစ်ဦး စုစုပေါင်း လေးဦးဖြင့် မီတာဖတ်ခြင်း၊ မီတာဘီလ်ဝေခြင်း၊ မီတာဖတ် မှတ်တမ်းများ ရေးသွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နေ့စားများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ရေးနှင့် ပတ်သက်၍ ဌာနအနေဖြင့် ဝန်ထမ်းခန့်ခွင့် ရရှိလာသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၁၇ အရ ပြင်ပမှ လျှောက်ထားသူများအပြင် မိမိဌာနအတွင်းရှိ နေ့စားများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့်ဝင်ရောက်ဖြေဆိုစေပြီး ခန့်အပ်ရေးအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တောင်သူလယ်သမားများအတွက် ထိုက်သင့်သည့် နှုန်းထားများရရှိစေရေး စိစစ်မှုနှင့် သင့်လျော်သည့် ထောက်ပံ့ငွေများကို စီမံပံ့ပိုးပေးလျက်ရှိ

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **သဘာဝဘေးများကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အရေးပေါ်ရန်ပုံငွေသုံးစွဲခြင်းအား အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပျက်စီးဆုံးရှုံးခဲ့သောစရိတ် ကာမိစေရန် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိ** သိလိုခြင်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သဘာဝဘေးကြုံတွေ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် သီးနှံထိခိုက်ပျက်စီးမှုရှိသည့် ဧရိယာများအား မျိုးနှင့်သွင်းအားစုများ လက်ငင်းထောက်ပံ့ပေးပြီး သီးနှံရာသီအတွင်း ပြန်လည်စိုက်ပျိုးဆောင်ရွက်နိုင်ရေး၊ သီးနှံထုတ်လုပ်မှု မလျော့ပါးစေရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ပြဋ္ဌာန်းရန်ပုံငွေပြဋ္ဌာန်းချက်နှင့်အညီ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး တောင်သူလယ်သမားများအတွက် ထိုက်သင့်သည့် နှုန်းထားများရရှိစေရေး စိစစ်မှုနှင့်အတူ သင့်လျော်သည့် ထောက်ပံ့ငွေများကို စီမံပံ့ပိုးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဦးလှကျော်တို့က ရှင်းလင်းဖြေကြားသည်။

## တောင်သူဦးကြီးများ၏ဘဝ တိုးတက်မြင့်မားလာစေရန် နည်းလမ်းမျိုးစုံနှင့် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်

ယင်းနောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက **စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ ထိုကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရပါကြောင်း၊ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသည့် တောင်သူဦးကြီးများ၏ဘဝ တိုးတက်မြင့်မားလာစေရန် နည်းလမ်းမျိုးစုံနှင့် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာရေးအတွက် လိုအပ်ချက်များစွာရှိသည့်အနက်မှ အစိုးရသစ်လက်ထက်တွင် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးပါကြောင်း၊ မြေယာပြုပြင်ခြင်းများကိုလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါကြောင်း၊ စက်ယန္တရားများကိုလည်း နှစ်ရှည်အရစ်ကျ ထုတ်ငှား၊ ရောင်းပေးပါကြောင်း။

နိုင်ငံ၏အဓိကထွက်ကုန်ဖြစ်သည့် စပါးဈေးနှုန်းကို အနည်းဆုံး တစ်တင်း ၅၀၀၀ ကျပ်နှုန်းဖြင့် အစိုးရသစ်လက်ထက်တွင် တောင်သူများအကျိုးကို ရှေးရှု၍ ကုန်ကျစရိတ်နှင့် တွက်ခြေကိုက်သည့်အရင်းများ မဆုံးရှုံးစေရန် အနီးစပ်ဆုံး ဈေးဖြင့် သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် လယ်၊ ယာ၊ ကိုင်းစသည့် မည်သည့်မြေအမျိုးအစားဖြစ်စေ စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများအတွက် အရည်အသွေးပြည့်ဝသော ဈေးကွက်စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်သင့်ပါကြောင်း။

စိုက်ပျိုးရေးသီးနှံထွက်ကုန်များ သင့်တင့်မျှတသောဈေးနှုန်းရရှိရန်၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးပါက ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများအကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သကဲ့သို့ တိုင်းပြည်လည်း အမြန်ဆုံးတိုးတက်လာမည်ဖြစ်သဖြင့် ဤအဆိုအား ပြည်သူ့လွှတ်တော်မှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆွေးနွေးခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း ဥပဒေပြုရေးတာဝန်များ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့ကို အပြန်အလှန် ထိန်းကျောင်းခြင်း တာဝန်များကို နည်းလမ်းတကျကြိုးပမ်းဆောင်ရွက်ကြရန် လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာ တက်ရောက်လာကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်များကို သယ်ဆောင်လာပြီး ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းက နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရတော့မည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းသည် သုံးနှစ်ကျော်၊ လေးနှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်၏ဓလေ့ထုံးတမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ယနေ့အစည်းအဝေး၏ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်တွင် **ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်လုပ်ကိုင်စားသောက်နေသူများကို မှတ်ပုံတင်အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေးမည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခက်အခဲများ ဖြေရှင်းရာတွင် အဓိကလိုအပ်ချက်များအနက်မှ တစ်ခုဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလမတိုင်မီ အသက်(၁၈) နှစ် ပြည့်မီလာသူများကို ၎င်းတို့တင်ပြသည့် အထောက်အထားများအရ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းပြုစုပြီးချိန်တွင်လည်း မဲဆန္ဒရှင်စာရင်းများအပေါ် အခြေခံ၍ အိမ်ထောင်စုလူဦးရေစာရင်းရှိသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံးမှုများအား မိတ္တူလျှောက်ထားစေရေး၊ မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ခဲ့ခြင်း မရှိသူများအား ၎င်းတို့တင်ပြသည့် အထောက်အထားများအရ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ဦးစီးမှူးရုံးက စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် ကာယကံရှင်များကိုယ်တိုင်မြို့နယ်ဦးစီးမှူးရုံးသို့ လာရောက်လျှောက်ထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နေသူများဖြစ်ပါက ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးရန် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ၎င်းတို့တင်ပြသည့် အထောက်အထားများအရ ကိုင်ဆောင်သင့်သည့် လက်မှတ် တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားထားပါကြောင်း။

တိုးချဲ့မြေများတွင် နေထိုင်ကြသည့် အိမ်ထောင်စုများနှင့် ကျူးကျော်နေထိုင်ကြသူများ မဲပေးခွင့်ရရှိစေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူများဖြစ်ပြီး လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်ပါက မိမိတို့၏ မူလနေရပ် မဲဆန္ဒရှင်စာရင်း၌ဖြစ်စေ သို့မဟုတ် လက်ရှိနေရပ် မဲဆန္ဒရှင်စာရင်း၌ဖြစ်စေ ပါရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၏ **နိုင်ငံအဝှမ်း မြို့ကြီးများတွင် တပ်ဆင်ထားသော အိမ်ဖုန်း(ခေါ် )ကြိုးဖုန်းများ သုံးစွဲမရဖြစ်နေသည်ကို ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အော်တိုတယ်လီဖုန်းလိုင်းများ အရည်အသွေးတိုးတက်ကောင်းမွန်စေရန် ၂၀၁၅ ခုနှစ်မှစတင်၍ သက်တမ်းလွန် အိတ်ချိန်းများကို IP စနစ် သုံးခေတ်မီ MSAN (Multi Service Access Node) အိတ်ချိန်း အမျိုးအစားများဖြင့် အစားထိုးလဲလှယ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အော်တိုတယ်လီဖုန်းလိုင်း ချို့ယွင်းမှုများလျှော့ချနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်မြို့တွင်း၌ တယ်လီဖုန်းကွန်ကရစ်တိုင် ၄၀၆ တိုင်၊ ကောင်းကင်ကေဘယ် ၃၂ ဒသမ ၂ ကီလိုမီတာ၊ မြေအောက်ကေဘယ် ၁ ဒသမ ၅ ကီလိုမီတာနှင့် လိုင်းဆက်ပေါင်း ၆၉၂ ခုတို့ကို ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ရန်ကုန်မြို့တွင်း၌ တယ်လီဖုန်း ကွန်ကရစ်တိုင် ၇၀၊ ကောင်းကင်ကေဘယ် ၁၀၅ ဒသမ ၁ ကီလိုမီတာ၊ မြေအောက်ကေဘယ် ၄ ဒသမ ၉၃၅ ကီလိုမီတာနှင့် လိုင်းဆက်ပေါင်း ၆၁၀ အစားထိုးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နယ်မြေအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ 106 call center သို့ ခေါ်ဆိုခ အခမဲ့ဖြင့် မိမိတို့တယ်လီဖုန်း ချို့ယွင်းမှုများကို အချိန်မရွေး တိုင်ကြားနိုင်ပါကြောင်း ဖြေကြားသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်



ဒုတိယဝန်ကြီး ဦးကျော်မျိုး

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းလေဆိပ်၌ ခရီးသည်နားနေဆောင် လေဆိပ်အဆောက်အဦနှင့် Control Tower လေကြောင်း ထိန်းသိမ်းရေးမျှော်စင် အဆောက်အဦများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင့်ဆွေ၏ **နိုင်ငံတော်၏ အဓိကပြည်တွင်းဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပခုက္ကူဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)**ကို လွှတ်တော်သို့ တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ကြေညာထားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ ကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

✻ စာမျက်နှာ ၅ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါ စီမံကိန်းမှ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်ပေါင်း ၂၁ ခုဖြစ်သည့် ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ သထုံ၊ ဘီးလင်း၊ ရေး၊ ကျိုက်ထို၊ မောင်တော၊ ကျောက်တော်၊ သံတွဲ၊ ရသေ့တောင်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ဂွ၊ ကျောက်တော်၊ ကျောက်ဖြူ၊ ထားဝယ်၊ ရေဖြူ၊ မြိတ်၊တနင်္သာရီမြို့တို့တွင် လမ်းလုပ်ငန်း ၆၄ ခုနှင့် တံတား ၃၈ စင်းတို့အား တည်ဆောက်သွားရန်ဖြစ်ပြီး စီမံကိန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ရန်လျာထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြီးစီးရန်မျှော်မှန်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါဒေသတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MY-P30)၏ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာအင်ဂျင်နီယာများအနေဖြင့် နိုင်ငံခြားကျွမ်းကျင်သူနှင့် ပူးပေါင်းကာ ဆောက်လုပ်မည့် လမ်း၊ တံတား ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းစသည့် အတွေ့အကြုံများရရှိနိုင်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများလည်း ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းကန်ထရိုက်များ ခေါ်ယူ၍ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ဒေသတွင်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုရှိ လမ်း၊ တံတားများကို အဆင့်မြှင့်တင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ODA ချေးငွေ ဂျပန်ယန်း ၂၄၂၉၃ သန်းအား ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ် ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အခြေခံအဆောက်အအုံဆိုင်ရာ လမ်း၊ တံတား၊ လျှပ်စစ်၊ ရေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် စီမံကိန်းငယ် ၇၀ ကို ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုစေမည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဆင့်(၁)နှင့် အဆင့်(၂)တို့၏ နောက်ဆက်တွဲ စီမံကိန်းများဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရေအရင်းအမြစ် အသုံးချမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများကို အထောက်အကူပြုခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို အထောက်အကူပြုခြင်းနှင့် လမ်းကွန်ရက်များ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အခြေခံအဆောက်အအုံဆိုင်ရာ လမ်း၊ တံတား၊ လျှပ်စစ်၊ ရေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေမည့် ဒေသတွင်း အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၃) အတွက် ဂျပန်နိုင်ငံမှ ချေးငွေ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ရယူရန်ကိစ္စအား ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးပါရန် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဒေသတွင်း အခြေခံအဆောက်အအုံ မြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာ (၄/၂၀၁၉) ကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် စိုင်းကျော်သီဟက ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာ (၆/၂၀၁၉)ကို လည်းကောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

**သတင်းစဉ်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့တွင်းအပိုင်း၌ ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် ကတ္တရာလမ်းခင်းရန် လျာထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ဒုတိယသမ္မတမှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မြို့မိမြို့ဖများက ဒေသတွင်း လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို တင်ပြကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ထန်တလန်မြို့နယ်အတွင်း ရေရရှိခြင်းမရှိသေးသည့် ဟိုတယ်ဇုန်နှင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ရေပိုက်နှင့်ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တည်ဆောက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၁၀ ထောက်ပံ့ပေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာခွန်စောထွန်းက ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ထန်တလန်မြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ပရောဂျက်မန်နေဂျာ ဦးတင်ထွန်းအောင်က တိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းဖြေကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆေးရုံဆောက်လုပ်ရန် မြေအသုံးချရာတွင် ရေရှည်မျှော်မှန်း၍ စီမံဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာနှင့် ဆေးရုံအတွင်း လမ်းဖောက်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ဟိုတယ်ဇုန်အတွင်း တည်ဆောက်နေသည့် Thantlang Hill Resort စီမံကိန်းသို့သွားရောက်၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယသမ္မတအား Tint Tint Travels & Tours Co.,Ltd. မှ ဒေါ်တင့်တင့်လွင်က စီမံကိန်းဆောက်ရွက်နေမှုအခြေအနေ၊ ထန်တလန်မြို့ဝန်းကျင်တွင် ခရီးစဉ်အသစ်များ ဖော်ထုတ်နေမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စီမံကိန်းတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးရရှိရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်တို့က ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်များအား ရှင်းလင်းဖြေကြားရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါစီမံကိန်းဆောက်လုပ်နေသည့် မြေနေရာသည် ၁၁ ဧကကျယ်ဝန်းပြီး ခရီးသွားပြည်သူများ အေးချမ်းစွာ လာရောက်အပန်းဖြေနိုင်စေရန် ခရီးသွားရာသီအမီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ထန်တလန်မြို့နယ် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်မည့်အခြေအနေ၊ တည်ဆောက်မှု ပြီးစီးပါက ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ View Point မှ ထန်တလန်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဟားခါး - ထန်တလန် - ဆာဆီချောက်လမ်း (ထန်တလန်မြို့တွင်းအပိုင်း) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ထန်တလန် -လုံလဲလမ်း (ထန်တလန်မြို့တွင်းအပိုင်း) ကတ္တရာကွန်ကရစ်ခင်းရန် လျာထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟားခါးနည်းပညာကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးလျန်ဇခုပ်က လက်ရှိကောလိပ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များကို တတ်နိုင်သမျှ ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဟားခါးကောလိပ်ဝင်းအတွင်းရှိ အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေး(၃) အဆောက်အဦအထူးအဖွဲ့(၉) ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေ က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကောလိပ်ဝင်းအတွင်း ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းနှင့် စာကြည့်တိုက်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့ရှိ သားဖွားသင်တန်းကျောင်း ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက လက်ရှိ သင်တန်းကျောင်းနှင့် သင်တန်းသူ အိပ်ဆောင် ဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေ၊ သင်တန်းကျောင်းအတွင်း ဆက်စပ်လုပ်ငန်းများဖြစ်သော မြေတူးခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းစဉ်များနှင့် လိုအပ်လျက်ရှိသည့် ရေနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### အလေးထားဆောက်လုပ်

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ရှိ ဘက်စုံသုံး သဘာဝဘေးဒဏ် ခိုလှုံရာ အဆောက်အအုံ(Cyclone Shelter) ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်ဝသည့် အဆောက်အအုံဖြစ်စေရေး အလေးထားဆောက်လုပ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦ အထူးအဖွဲ့(၆)မှ တည်ဆောက်နေသည့် ချင်းပြည်နယ် တရားလွှတ်တော် RC သုံးထပ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းသို့သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် မြေပြုပြင်ပြီးမှုအခြေအနေ၊ မြေသားလမ်းသစ်ဖောက်လုပ်မည့်အခြေအနေ၊ ရေနှင့် လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ထားမှုအခြေအနေ၊ အရည်အသွေးပြည့်မီသည့် အဆောက်အအုံများဖြစ်စေရန် ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

### ရတနာပန္နက်တော်တင်

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) အုပ်ချုပ်မှုရုံး ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟားခါးနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ သိက္ခာတော်ရ ဆရာတော် ဒေါက်တာ စတီးဗန်လျန်ဟုပ်လင်းက ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံ( ဟားခါး) ကို ဟားခါးမြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၁၃၀ အမြင့်ရှိ ဟိုင်တလန်ရေကူးကန်အနီး ၅၆ ဒသမ ၉၄ ဧက ကျယ်ဝန်းသည့် မြေနေရာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်မှုပြီးစီးပါက ပြေးခုန်ပစ်၊ မြားပစ်၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို စသည့် အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ခုတင် ၂၀၀ ဆံ့ ဟားခါးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ဆောက်လုပ်နေသည့် ခတ်မှန်ခန်းပါ နှစ်ထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၆ / ၂၀၁၉**
၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ကံကုန်းကြီး ကျေးရွာနေ ဖိုးကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၄-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ကံကုန်းကြီး ကျေးရွာနေ ဖိုးကို(ခ)ဇော်လင်းခိုင်(၄၁)နှစ်၊ (ဘ)ဦးညွန့်လွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ တံဆိပ်မပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား) မယ(ပ)၁၀/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ ဝင်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ ဝင်းအောင်(၂၆)နှစ်၊ (ဘ)ဦးထွန်းလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၅၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဒီလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဒေါ်ရင်တံတားအနီး စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ဒီလုံး(၃၂)နှစ်၊ (ဘ)ဦးဖေသန်းနှင့် ၎င်း၏အစ်ကို ဆန်းဦး(၃၅)နှစ်တို့(၂)ဦးအား တွေ့ရှိစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း)မယ(ပ) ၁၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၇)လမ်းနေ ပူသီးယားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၄-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊သုနန္ဒာ(၇)လမ်းနေ ပူသီးယား(ခ)သူရ(ခ) ပြည်စုံဦး(၂၂)နှစ်၊ (ဘ)ဦးလှရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း တစ်ရပ်ကွက်တည်းနေ အောင်နိုင်ဦး(၂၁)နှစ်၊ (ဘ)ဦးဘရှင်နှင့် ဝင်းနိုင်ဦး (ခ)အစ်စမိုင်(၂၀)နှစ်၊ (ဘ)ဦးဆန်းဝင်းတို့(၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ) ၃၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၇-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၀၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၇၉၉)ဦး၊ မ(၁၅၄)ဦး၊ ပေါင်း(၉၅၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၉၁၅.၆၂)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၁၉၆၃)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasyအကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာ၊ မော်ဟန်-နမ္မချီမှော်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၅)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၉၀)ပြား၊ ဘိန်းဖြူ(၁၄)ဂရမ်၊ ရွှေကူမြို့နယ်၊ နောင်ပင်ကျေးရွာအနီး မိုးစစ်-နောင်ပင်-လိပ်စင်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၇၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်းကန်းကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၂၉)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကရင်ပြည်နယ်၊မြဝတီမြို့ အမှတ်(၅)ရပ်ကွက်လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီးကျေးရွာအနီး မင်္ဂလာကြီး ချောင်းပေါက်ဝ-ကျောက်လှေကားကျေးရွာသွားလမ်းဆုံ၌ သတင်းအရ သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၂၇၅)ပြား၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ဦးရှည်ကျကျေးရွာ၌ သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ တရားခံအမျိုးသား(၁)ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အနောက်ဘက်မြေကြီးအတွင်း ဝှက်သိမ်းထားသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၈၅၂၅၀)ပြား၊ စေတီပြင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၆၀)ပြား၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဆေးခြောက်(၂၇)ဂရမ်၊ စစ်တွေမြို့နယ်၊ အုန်းတောကြီး(မြောက်)ကယ်ဆယ်ရေးစခန်း၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နားဘောင်ကျေးရွာအနီး တောင်ကြီး-ကျောက်တလုံးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၆၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ Honda Fit ယာဉ်အားစစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်အားရပ်တန့်၍ တရားခံများမှာထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား (၁၉၉၆၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဖယ်ခုံမြို့ စည်ကား(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၄၀၀)ပြား၊ လားရှိုးမြို့နယ်၊ 'ဝ'နားဖကျေးရွာအနီး၊ လားရှိုး-မိုင်းယော်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၇၈၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့ အမှတ်(၁၀)ပေါက်လုံရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀)ပြား၊ ဘိန်းဖြူ(၁၄) ဂရမ်၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ သီပေါမြို့ ဇာတ်စုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ မဘိမ်းမြို့နယ်၊ လဝါကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ ပန်ကြူကျေးရွာအနီး တောင်ကြီး-ကျိုင်းတုံသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀)ပြား၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ကောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၁၆)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ နဘားကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ ဘိန်းဖြူ(၂၀၇)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ နဘားကျေးရွာလမ်းဆုံ၌ သတင်းအရ Sojen Pickup ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၅၇၅၀)ပြား၊ ဘိန်းဖြူ(၈၃၆၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ ဧရာဝတီ တံတားထိပ် ကြက်သွန်ခင်းလမ်းဆုံ စစ်ဆေးရေးဂိတ်၌ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၂၄၀)ပြား၊ ဘိန်း(၇၁၅၀)ဂရမ်၊ ဘိန်းဖြူ(၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဗန်းမောက်မြို့နယ်၊ ခေါင်တုံ့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၆.၇)ဂရမ်၊ ဘိန်း(၁၆)ဂရမ်၊ ပင်လည်ဘူးမြို့နယ်၊ တမောသာကျေးရွာအနီး ပင်လည်ဘူး-တမောသာသွားကားလမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ ပြည်တော်သာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ (၀.၀၁)ဂရမ်၊ Tramadol Capsule(၃၁)တောင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဘုတ်ချောင်းကျေးရွာ၊ မွေးမြူရေးဇုန်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၃)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၈၅၀၀)ဂရမ်၊ လှေ(၁)စင်း၊ ပါးပိတ်ချောင်းအတွင်း၌ ပိုင်ရှင်မဲ့ ရပ်တန့်ထားသည့် လှေအားစိစစ်ရာ ဆာလာအိတ်အတွင်းမှ ဘိန်းစာမှုန့်(၁၇၀၇၀၀)ဂရမ်၊ လှေ(၁)စင်း၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာမှုန့်(၂၈၀၀)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင်ကျေးရွာအနောက်ဘက် ဒီရေတောစပ်သောင်ခြေ၌ ဆိုက်ကပ်ထားသည့် စက်လှေအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစာမှုန့်(၃၉၂၇၃.၆၅)ဂရမ်၊ စက်လှေ(၁)စင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ မင်းကွက်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၇၁)ပြား၊ ဆေးခြောက်(၃၂.၆၆)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့အဝင် မင်းဘူး-စကုသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပွင့်ဖြူမြို့နယ်၊ မကျီးစုကျေးရွာလမ်းပေါ်၌ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပွင့်ဖြူမြို့နယ်၊ ရှောက်တောကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ Ecstasy ဆေးပြား (၂)ပြား၊ အဆင့်နိမ့်ဘိန်း(၀.၅)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀၀)ပြား၊ သီပေါမှ မန္တလေးသို့လာသည့် ဆိုင်ကယ်အား သတင်းအရရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့် (၆)ဂရမ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဗိုလ်မှူးဗထူးလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၌ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၉၀)ပြား၊ ICE(၂၇.၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ (၈)ရပ်ကွက်၌တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၇၆၃.၆၄)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၅)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂)ပြား၊ Gas ဖြင့် ပစ်ခတ်ရသော ပစ္စတိုသေနတ် (၁)လက်၊ .၂၂ကျည်(၁)တောင့်၊ Airwave ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသား (၈)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၉၄)ပြား၊ ICE(၁၇၀)ဂရမ်၊ လက်လုပ် လေသေနတ်(၄)လက်၊ ဘောစေ့(၂၅၀)လုံးအားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့်

**စာမျက်နှာ ၁၀ သို့ »»**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာကော်မတီဆောင် I- 20 ၌ ကျင်းပသည်။

**သြဝါဒခံယူ**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ ပထမအကြိမ်ခရီးစဉ်တွင် ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ ရခိုင်တိုင်းရင်းသားလူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများဖြေလျှော့နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးချက်များတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများဖြေလျှော့နိုင်ရေးနှင့်ပတ်သက်၍ အထောက်အကူပြုနိုင်မည့် အကြံပြုချက်များ၊ တင်ပြချက်များကို တွေ့ရပါကြောင်း၊ ကော်မတီအနေဖြင့် စစ်တွေမြို့တွင် အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး သံဃာတော်များထံမှ သြဝါဒခံယူခဲ့ပါကြောင်း။

တွေ့ဆုံမှုများမှ ရရှိလာသည့် အကြံပြုချက်၊ တင်ပြချက်များသည် ကော်မတီအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအတွက်သော်လည်းကောင်း များစွာအကျိုးရှိသည့်အချက်များပါဝင်သည်ကို တွေ့ရပါကြောင်း၊ ဒုတိယအကြိမ် ခရီးစဉ်သွားရောက်သည့်အခါတွင် ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများ အနေဖြင့် ပထမအကြိမ်ခရီးစဉ်နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ လျှော့ချနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသွားရေး၊ လတ်တလောလိုအပ်ချက်နှင့် မိုးမကျမီဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ လက်ရှိ ရခိုင်ပြည်အခြေအနေနှင့် အကြိမ်ကြိမ် ကွင်းဆင်းလေ့လာဆောင်ရွက်ရေး၊ တွေ့ဆုံသင့်သူများ တွေ့ဆုံဆွေးနွေးရေး၊ ရေတို၊ ရေရှည်ဆောင်ရွက်သင့်သည့် အချက်များ နည်းလမ်းရှာကြံရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် စာသင်ဆောင်ဆောက်လုပ်မှု ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၅)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇၂)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၅)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၅) သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းကာလ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ကျောင်း၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ်စာသင်ဆောင်နှင့် ဒုတိယကျောင်းအုပ်ကြီးနေအိမ် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ သင်တန်းဆွေးနွေးပို့ချနေမှုများကိုလိုက်လံကြည့်ရှုပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)သို့ ရောက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ်စာသင်ဆောင်၊ ကျောင်းသား ၅၀၀ ဆံ့ စုပေါင်းစာသင်ခန်းမ(Theatre) နှင့် ခြောက်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်သဖြင့် မလိုလားအပ်သော လေလွင့်ဆုံးရှုံးမှုများမရှိစေရေး၊ ခွင့်ပြုသည့်လုပ်ငန်းတန်ဖိုးနှင့်ညီမျှသည့်အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံဆောက်လုပ်ရန် လျာထားသည့် လေးထပ် ကျောင်းသူအိပ်ဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒီဂရီကောလိပ်အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီးဒေါက်တာမင်းသန့်က ဒုတိယစာသင်နှစ်ဝက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်း၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒီဂရီကောလိပ်ရှိ စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းတွင်းစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် ရေ၊ မီးရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခုနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ကျောင်းကို ရန်ကုန်နှင့် စစ်ကိုင်းတို့တွင် ဖွင့်လှစ်ထားရှိပြီး နယ်စပ်ဒေသများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား လက်ခံသင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင်ဒီပလိုမာပေးအပ်လျက်ရှိပြီး တစ်နှစ်လျှင် ကျောင်းသား ကျောင်းသူ ၉၀၀ ကျော် မွေးထုတ်လျက်ရှိပြီး နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။





**သတင်းစဉ်**

---

»»» စာမျက်နှာ ၉ မှ

ပစ်ခတ်ဖမ်းဆီးရသည့် ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ အေးသာယာမြို့ အမှတ်(၃)ရပ်ကွက်၊ အေးသာယာ-တောင်ကြီးသွား ကားလမ်းမပေါ်၌ ခရီးသည်တင်ယာဉ်မှ ပါဆယ်လာရောက်ထုတ်ယူသည့် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ညောင်ရွှေမြို့နယ်၊ ရွှေသူဌေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅)ပြား၊ ထပ်မံဖော်ထုတ်ချက်အရ ရပ်စောက်မြို့နယ်၊ ခဲဟိုကျေးရွာ၌ ဝင်ရောက်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ ဓားရှည်ဖြင့် ပြန်လည်ခုခံထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရဒဏ်ရာရရှိပြီး စိတ်ကြွဆေးပြား(၃၅)ပြား၊ ဓားရှည်(၁)ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခု သီတင်းပတ်(၂၁-၅-၂၀၁၉ ရက်နေ့မှ ၂၇-၅-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၂၆)မှုတွင် တရားခံကျား(၂၈၉)ဦး၊ မ(၃၉)ဦး၊ ပေါင်း(၃၂၈) ဦးကို စိတ်ကြွဆေးပြား(၄၉၃၄၄၉)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆)ဂရမ်၊ ဘိန်းဖြူ(၈၉၃၉.၈၂၈)ဂရမ်၊ ICE (၂၀၂.၉၁)ဂရမ်၊ ဘိန်း(၁၄၉၆၆)ဂရမ်၊ ဘိန်းဆီခဲ(၆၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၀.၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၀၁၉၄၃.၆၅)ဂရမ်၊ ဆေးခြောက်(၁၉၄၅.၇)ဂရမ်၊ Ecstasy ဆေးပြား(၂)ပြား၊ Tramadol Capsule (၃၁)တောင့်၊ သေနတ်မျိုးစုံ(၅)လက်၊ ပွိုင့်၂၂ ကျည်(၁)တောင့်၊ ဘောစေ့(၂၅၀)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၉**

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာမျိုးသန့်တင်တို့က အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးကျော်စွာမင်းက ဆောင်ရွက်နိုင်မည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Mr. Justin Wood အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် အာရှ- ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ Mr. Justin Wood အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတကာအဖွဲ့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အစီအစဉ်များ ပုံဖော်နိုင်ရန် ထင်ရှားသောနိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးခေါင်းဆောင်များကို ချိတ်ဆက်ပေးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် စတင်တည်ထောင်သည့် ၁၉၇၁ ခုနှစ်မှစတင်၍ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် နှစ်စဉ်အစည်းအဝေးပွဲများကို ကျင်းပလျက်ရှိသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အာရှ-ပစိဖိတ်ဆိုင်ရာ ဒေသတွင်းနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ Community Lead နှင့် မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ Mr. Piyamit Bing Chomprasob လည်း တက်ရောက်သည်။

**သတင်းစဉ်**

○ **ကျောဖုံးမှ**

ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ခန်းမထဲမှာ အဲကွန်းတွေ၊ အသံဆိုင်ရာတွေနဲ့ နေရာထိုင်ခင်းတွေကို စီစဉ်ပေးထားပါတယ်'' ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ (ထုတ်လုပ်) ဒေါ်ဖြူဖွေးသန့်စင်က ပြောသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးထက်မြက်က ''ခန်းမအသုံးပြုခွင့်ကို ကြိုဆိုပါတယ်။ စာပေသမားတွေ သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသင့်ပါတယ်။ စာတမ်းဖတ်ပွဲတွေကိုလည်း ခွင့်ပြုပေးစေလိုပါတယ်'' ဟု အဆိုပါ အစည်းအဝေးခန်းမ အခမဲ့အသုံးပြုခွင့်ပြုမည့်သတင်းနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

အစည်းအဝေးခန်းမကို ငှားရမ်းအသုံးပြုလိုပါက အသုံးပြုမည့်သူ/အဖွဲ့အစည်းအမည်၊ အသုံးပြုလိုသည့် အကြောင်းအရာ၊ အသုံးပြုမည့်နေ့ရက်နှင့် တက်ရောက်မည့် ခန့်မှန်းအင်အားတို့ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသို့ သုံးရက်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေ ဖုန်း ၀၉-၂၅၀၁၈၉၂၇၇၊ ဒေါ်ဖြူဖွေးသန့်စင် (မန်နေဂျာ-ထုတ်လုပ်) ဖုန်း ၀၁-၂၀၁၁၉၂၊ ၀၉-၂၅၀၀၆၄၅၉၉ တို့ထံ ဆက်သွယ်၍ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းဖနီ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေး

**နေပြည်တော် မေ ၂၉**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ''ဖနီ''သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာ နိုင်ငံ ထရင်ကိုမာလီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၂၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၄၀၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက်မိုင် ၄၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း''ဖနီ''သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း ''ဖနီ''၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မိုး/ဇလ**




# ၁၂ လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ် ညောင်ရေသွန်းပွဲနှင့် စံကားဝါပန်း ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် မေ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ် ကဆုန်လအတွက် ညောင်ရေသွန်းပွဲနှင့် စံကားဝါပန်း ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို မေ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲများ ပူးတွဲကျင်းပမည်

**ဆိုးလ် မေ ၂၉**
တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့နှင့်အတူ လာမည့်သီတင်းပတ်တွင် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲများကို ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြသည်။

ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကာကွယ်ရေးဆိုင်ရာတာဝန်ရှိသူများသည် မေ ၉ ရက်တွင် ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချောင်ဟွန်းဆိုးက မေ ၂၉ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာတာဝန်ရှိသူများသည် အခြားသောကိစ္စရပ်များအပါအဝင် မြောက်ကိုရီးယားနှင့်ပတ်သက်၍ အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးရန် မျှော်လင့်ထားကြောင်းနှင့် ဂျပန်နှင့် မြောက်ကိုရီးယားတာဝန်ရှိသူများအကြား ဆွေးနွေးပွဲများကို လာမည့်သီတင်းပတ်တွင်ကျင်းပမည့်အစည်းအဝေး၏ ပြင်ပတွင် ကျင်းပဖွယ်ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအား ပိုင်းခြားထားသည့် ပန်းမွန်ဂျုံအပစ်ရပ်ကျေးရွာရှိ ပူးတွဲလုံခြုံရေးနယ်မြေ၏ တောင်ကိုရီးယားဘက်ခြမ်းသို့ ခရီးသွားများဝင်ရောက်မှုကို တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံသည် ပူးတွဲလုံခြုံရေးနယ်မြေအတွင်းသို့ နယ်စပ်ဖြတ်ကျော်၍ ခရီးသွားများအား လွတ်လပ်စွာ သွားလာခွင့်ပြုရန်လည်း ပြီးခဲ့သည့်နှစ်က သဘောတူညီခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံဘက်ကမူ ဆက်လက်ပိတ်ထားရန် မျှော်လင့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ် (တိုင်ပေ) ရေလက်ကြား၌ အမေရိကန်စစ်သင်္ဘောနှစ်စင်း ခုတ်မောင်း

**တိုကျို မေ ၂၉**
အမေရိကန်ရေတပ်မှ စစ်သင်္ဘောနှစ်စင်းသည် မေ ၂၈ နှင့် ၂၉ ရက်တို့တွင် တရုတ်(တိုင်ပေ) ရေလက်ကြား၌ ခုတ်မောင်းခဲ့ကြောင်း၊ ယင်းမှာ အဆိုပါရေလက်ကြား၌ လေးလအတွင်း အမေရိကန်စစ်ရေယာဉ်များ၏ လေးကြိမ်မြောက်ခုတ်မောင်းမှုဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ ယိုကိုဆူကာတွင် အခြေစိုက်သည့် အမေရိကန် အမှတ်(၇)ရေယာဉ်စုက မေ ၂၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ယင်းရေယာဉ်စုမှ ဖျက်သင်္ဘောနှစ်စင်းသည် မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တရုတ်(တိုင်ပေ) ရေလက်ကြား၌ ခုတ်မောင်းခဲ့သည်ဟု ဖော်ပြသည်။

အမေရိကန်ရေတပ်က အင်ဒို-ပစိဖိတ်ဒေသတွင်း၌ ရေကြောင်းလမ်းများ လွတ်လပ်ပွင့်လင်းမှုရှိခြင်းကြောင့် သရုပ်ပြခုတ်မောင်းခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းအပြင် အမေရိကန်ရေတပ်အနေဖြင့် နိုင်ငံတကာတရားဥပဒေက ခွင့်ပြုသည့် မည်သည့်နေရာတွင်မဆို သင်္ဘောခုတ်မောင်းမှုများနှင့် လေယာဉ်ပျံသန်းမှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ကြေညာချက်တွင် ဖော်ပြသည်။



လွန်ခဲ့သည့်လအတွင်းက တရုတ်လေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းက တရုတ်(တိုင်ပေ) ရေလက်ကြား၏ အလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး တရုတ်(တိုင်ပေ)၏ ဝေဟင်ပိုင်နက်အား ကျူးကျော်ခဲ့ခြင်းသည် တရုတ်(တိုင်ပေ)အရေး၌ အမေရိကန်၏ ပါဝင်ပတ်သက်မှုများပြားလာခြင်းကို သတိပေးလိုက်ခြင်းဟု မှတ်ယူရသည်။

ယင်းလုပ်ဆောင်မှုအား တုံ့ပြန်သည့်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရက တရုတ်(တိုင်ပေ)ဂျက်တိုက် လေယာဉ်မှူးများကို အမေရိကန်ပြည်ထောင်စု၌ လေ့ကျင့်သင်တန်းပေးမှုများလုပ်ဆောင်သွားမည်ဟု ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံ၌ အမည်မသိ ရောဂါတစ်မျိုးဖြစ်ပွား သေဆုံးသူ ၁၀ ဦးအထိတိုးလာ

**ခတ္တမန္ဒူ မေ ၂၉**
နီပေါနိုင်ငံ၏ အနောက်ဖျားဆုံး ဟွမ်လာခရိုင်တွင် အမည်မသိရောဂါတစ်မျိုးဖြစ်ပွားရာမှ သေဆုံးသူအရေအတွက် ၁၀ ဦးအထိတိုးလာခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဝေးလံခေါင်ဖျားကျေးလက်ဒေသများသို့ ပျံ့နှံ့ခဲ့သည့် အမည်မသိရောဂါတစ်မျိုးဖြစ်ပွားမှုကြောင့် လူဦးရေ ၂၀၀ ကျော် နာမကျန်းဖြစ်ပွားခဲ့ရာမှ သေဆုံးသူ ၁၀ ဦးအထိရှိလာခဲ့ကြောင်း ဟွမ်လာခရိုင်အကြီးအကဲ ဒိုလာခ်ရက် ဒါကာလ်က ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

ရောဂါဖြစ်ပွားသူအများစုမှာ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များဖြစ်ကြောင်းနှင့် ဝေးလံခေါင်ဖျားကျေးရွာများသည် နှစ်စဉ်နီးပါး အမည်မသိရောဂါရုတ်တရက်ဖြစ်ပွားမှုခံစားရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ဖြစ်ပွားနေသောရောဂါကို ထိန်းချုပ်ရန်အတွက် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ကလည်း ခရိုင်ဌာနချုပ်များမှ ကျန်းမာရေးအဖွဲ့အစည်း အတော်များများကို ဖြန့်ကြက်ထားခဲ့သည်။ ဆရာဝန်များကလည်း နာမကျန်းဖြစ်နေသူများကို ဆေးဝါးကုသမှုများ စတင်ဆောင်ရွက်လျက်ရှိပြီး မကြာမီတွင် ယင်းရောဂါထိန်းချုပ်နိုင်မည့်အနေအထားသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မိုဇမ်ဘစ်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ကန်နက်တိုက်ခတ်မှုကြောင့် ၃၈ ဦး သေဆုံး

**မာပူတို မေ ၂၉**
မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်းတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ကန်နက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကာ ၃၈ ဦးသေဆုံးခဲ့ပြီး နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းများပျက်စီးခြင်း၊ လယ်ယာမြေများရေကြီးနစ်မြုပ်ခြင်းနှင့် အဆောက်အအုံများစွာ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ယင်းမုန်တိုင်းမှာ အားအကောင်းဆုံးဆိုင်ကလုန်းမုန်တိုင်းဖြစ်ကြောင်းနှင့် လာမည့်ရက်များတွင်လည်း နောက်ထပ် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

ကာဘိုဒယ်ဂါဒိုပြည်နယ်၏ မြို့တော်ပမ်ဘာတွင် လူဦးရေ နှစ်သိန်းခန့်မှာ အန္တရာယ်ရှိသည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း မိုဇမ်ဘစ်နိုင်ငံ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အာဏာပိုင်များက ပြောကြားခဲ့သည်။ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအင်စတီကျူမှထုတ်ပြန်သည့် ပဏာမစစ်တမ်းများတွင်မူ အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် ၃၈ ဦးသေဆုံးကာ ၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လူနေအိမ် ၃၅၀၀၀ မှာ တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးဝပျက်စီးခဲ့ပြီး လူဦးရေ ၂၃၀၀၀ မှာ အိုးမဲ့အိမ်မဲ့ဖြစ်နေရကြောင်း သိရသည်။ **အေအက်ဖ်ပီ**



# အီစတာပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် သီရိလင်္ကာသမ္မတက ကာကွယ်ရေးဝန်ကြီးသစ်တစ်ဦးအား ခန့်အပ်

**ကိုလံဘို မေ ၂၉**
သီရိလင်္ကာနိုင်ငံသမ္မတ ဆီရီဆီနာသည် စစ်ဘက်တပ်မှူးဟောင်းတစ်ဦးအား နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် မေ ၂၉ ရက်က ခန့်အပ်ခဲ့ကြောင်း သမ္မတ၏ မီဒီယာဌာနခွဲမှ ပြောကြားခဲ့သည်ကို ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

လုံခြုံရေးဆောင်ရွက်မှုများ အားနည်းခဲ့ရခြင်းက အီစတာပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းကို ဦးတည်စေခဲ့သည်ဟုဆိုကာ မေ ၂၅ ရက်တွင် ကာကွယ်ရေးဝန်ကြီးဟောင်း ဟီမာဆီရီဖာနန်ဒို ရာထူးမှနုတ်ထွက်သွားခဲ့ပြီး ယနေ့တွင် တပ်မှူးဟောင်း ကော့တီဂိုဒါအား ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် သီရိလင်္ကာသမ္မတ ဆီရီဆီနာက ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် သီရိလင်္ကာသမ္မတ ဆီရီဆီနာသည် ရဲတပ်ဖွဲ့၏ လက်ထောက် အထွေထွေစစ်ဆေးရေးမှူး ဝစ်ခ်ရာမာရက်တီကိုလည်း ခေတ္တအထွေထွေစစ်ဆေးရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် ဧပြီ ၂၁ ရက်က ဖြစ်ပွားခဲ့သော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဇိမ်ခံဟိုတယ်များအား ပစ်မှတ်ထားသည့် ဗုံးဖောက်ခွဲမှုများကြောင့် လူဦးရေ ၂၅၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်း ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘာလင်ထိပ်သီးဆွေးနွေးပွဲတွင် ဆားဘီးယား-ကိုဆိုဗိုအရေး အလေးထားဆွေးနွေး

■ ကျော်ထိုက်စိုး


ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့အား တွေ့ရစဉ်။

ဘော်လ်ကန်ဒေသ၏ ဖြေရှင်းရအခက်ဆုံး အငြင်းပွားမှုများအနက် တစ်ခုနှင့်ပတ်သက်၍ ဆွေးနွေးမှုတစ်ရပ် ပြန်လည်အစပြုရန် မျှော်လင့်ချက်ဖြင့် ဥရောပခေါင်းဆောင်များက ခါးသီးသော ရန်ဘက်နိုင်ငံများဖြစ်သည့် ဆားဘီးယားနှင့် ကိုဆိုဗိုတို့ကို ယနေ့ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်တွင် ကျင်းပသည့် ဒေသတွင်း ထိပ်သီးအစည်းအဝေးတစ်ခု၌ စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းတစ်ခုသို့ ခေါ်ဆောင်ခဲ့ကြသည်။ ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့သည် အဆိုပါအိမ်နီးချင်းနှစ်နိုင်ငံကို ဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်ပေးခဲ့သည်။

**ဦးစားပေးဆောင်ရွက်မည်**

အခြား အနောက်ဘော်လ်ကန်ခေါင်းဆောင်များ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် ခရိုအေးရှားနှင့် ဆလိုဗေးနီးယားနိုင်ငံများနှင့် ဆားဘီးယားနှင့် ကိုဆိုဗိုတို့ကြား ဆက်ဆံရေးမှာ မကြာသေးမီလများအတွင်း ဆိုးရွားလာခဲ့သည်။ ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်း တည်ငြိမ်ရေးကို အလေးထားဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆားဘီးယားနှင့် ကိုဆိုဗိုကြား ဆွေးနွေးမှုပြန်လည်စတင်မည့် နည်းလမ်းတစ်ရပ်ရှာဖွေရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက ထိပ်သီးအစည်းအဝေး မစတင်မီ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ မက်ခရွန်နှင့် မာကယ်တို့၏ ပူးတွဲစေ့စပ်ညှိနှိုင်းမှုမှာ ပြီးခဲ့သည့်နှစ်က ဆားဘီးယားနှင့် ကိုဆိုဗိုကြား ဥရောပသမဂ္ဂက ကမကထပြုသည့် ဆွေးနွေးမှုများ ရပ်တန့်သွားပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အငြင်းပွားမှုပေါ်ပေါက်ရခြင်းမှာ ဆားဘီးယားနိုင်ငံက ၁၉၉၈-၁၉၉၉ ခုနှစ် ပြည်တွင်းစစ်အတွင်း ခွဲထွက်သွားခဲ့သည့် ပြည်နယ်ဟောင်းတစ်ခုဖြစ်သော ကိုဆိုဗို၏လွတ်လပ်ရေးကို အသိအမှတ်ပြုရန် ငြင်းဆန်သောကြောင့် ဖြစ်သည်။

**ပြန်လည်ထူထောင်နေရဆဲ**

သဘောတူညီမှုတစ်ရပ်ရရှိရေး နည်းလမ်းတစ်ရပ်အတွက် ဆားဘီးယားနှင့် ကိုဆိုဗိုကြား နယ်နိမိတ်အပြောင်းအလဲများနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ပြီးနောက် ဥရောပသမဂ္ဂက ဦးဆောင်သည့် ဆွေးနွေးမှုမှာ လပေါင်းများစွာကြာသည့်တိုင်အောင် ပြိုလဲခဲ့ရသည်။ မြေပုံများ ပြန်လည်ရေးဆွဲခြင်းက ၁၉၉၀ ပြည့်နှစ်များတွင်ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်မှ ပြန်လည်ထူထောင်နေရဆဲဖြစ်သော ဒေသတစ်ခုဖြစ်သည့် ထိရှလွယ်သော ဘော်လ်ကန်နိုင်ငံများအတွက် အလွန်အန္တရာယ်ရှိသော လုပ်ရပ်တစ်ခုဟု ဝေဖန်ရေးသမားများက သတိပေးခဲ့သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ဆားဘီးယားကုန်စည်များအပေါ် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ခွန်ကောက်ခံမည့် ကိုဆိုဗိုနိုင်ငံ၏ဆုံးဖြတ်ချက်ကြောင့် ဆားဘီးယားနှင့် ကိုဆိုဗိုကြား သံတမန်ရေးရာအရ ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပွားခဲ့ပြီး ရန်လိုမုန်းတီးမှုများ ရှိလာခဲ့သည်။ ဆားဘီးယားနိုင်ငံက ကိုဆိုဗိုနိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသည့်အချိန်အထိ စည်းကြပ်ခွန်ကောက်ခံမှုကို ဆက်လက်ထားရှိမည်ဟု ကိုဆိုဗိုဝန်ကြီးချုပ်က ပြောကြားသည်။ စည်းကြပ်ခွန်ကောက်ခံမှုကို မဖယ်ရှားသရွေ့ တွေ့ဆုံဆွေးနွေးမည်မဟုတ်ဟု ဆားဘီးယားနိုင်ငံကလည်း ပြောကြားသည်။

**အပြန်အလှန်လည်ပတ်မှုများ တိုးမြှင့်**

ထိပ်သီးအစည်းအဝေးမှာ အခြေခံအားဖြင့် ခေါင်းဆောင်များအကြား အမြင်ချင်းဖလှယ်ခြင်းသာဖြစ်ကြောင်း ဂျာမနီအစိုးရ ပြောရေးဆိုခွင့်ရအမျိုးသမီး ယူရိုက်ဒမ်မာက ပြောကြားသည်။ "အစည်းအဝေးမှာ ဘာတွေဆွေးနွေးမယ်ဆိုတာ ကျွန်မ ကြိုမပြောနိုင်ပါဘူး" ဟု ၎င်းက ပြောကြားသည်။ ထိပ်သီးအစည်းအဝေးမှာ ဥရောပသမဂ္ဂရွေးကောက်ပွဲများကြောင့် အနာဂတ်မသေချာသည့် ဥရောပကော်မရှင်ဦးဆောင်သော ဆွေးနွေးမှုလုပ်ငန်းစဉ်ကို အစားထိုးမည့် ကြိုးပမ်းမှုတစ်ရပ် မဟုတ်သော်လည်း အပြန်အလှန်လည်ပတ်မှုများ တိုးမြှင့်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက အခိုင်အမာပြောကြားခဲ့သည်။ ဒေသတွင်း အန္တရာယ်များဖြစ်ပေါ်စေနိုင်သည့် နယ်နိမိတ်များ အပြောင်းအလဲပြုလုပ်ရေးမှာ ပြဿနာဖြေရှင်းမှုအစိတ်အပိုင်းတစ်ရပ်ဆိုသည်ကို ဂျာမနီနိုင်ငံက ယုံကြည်မှုကင်းမဲ့ဆဲဖြစ်ကြောင်း ဒမ်မာက ဆက်လက်ပြောကြားသည်။ နယ်နိမိတ်အပြောင်းအလဲပြုလုပ်ရေး အသေးစိတ်စီမံချက်ကို မည်သည့်အခါမျှ ရေးဆွဲခြင်း မရှိသောကြောင့် ကိုဆိုဗိုနိုင်ငံရှိ ဆာ့ဘ်လူမျိုးအများစုနေထိုင်ရာ မြောက်ပိုင်းကို ကိုဆိုဗိုနိုင်ငံရှိ အခြားသော ဒေသများကဲ့သို့ တိုင်းရင်းသား အယ်ဘေးနီးယားအများစုရှိရာ ဆားဘီးယားနိုင်ငံရှိ တောင်ပိုင်းချိုင့်ဝှမ်းဒေသတစ်ခုနှင့် လဲလှယ်ရဖွယ်ရှိသည်ဟု ဒေသန္တရမီဒီယာများနှင့် လေ့လာဆန်းစစ်သူများက ပြောသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂမှ တာဝန်ရှိသူအချို့က ယင်းသို့သော သဘောတူညီချက်ကို ဆွေးနွေးရန် ပွင့်လင်းမှုရှိပုံပေါ်ခဲ့သော်လည်း တိုင်းရင်းသားများနေထိုင်ရာ နယ်နိမိတ်မျဉ်းများ သီးသန့်ခွဲခြားထားမည့် နယ်နိမိတ်အပြောင်းအလဲများ ပြုလုပ်မည့်အစီအစဉ်ကို ဝေဖန်ခဲ့သည့်နိုင်ငံများအနက် ဂျာမနီနိုင်ငံမှာ တစ်နိုင်ငံဖြစ်ခဲ့သည်။ ယခုအချိန်တွင် ကိုဆိုဗိုနှင့် မည်သည့် အကြောင်းအရာများ ဆွေးနွေးရမည်ကို သူ့အနေဖြင့် နားမလည်ဟု ဆားဘီးယားသမ္မတ အလက်ဇန္ဒားဗူစစ်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ ပေကျင်းသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ပြောကြားခဲ့သည်။ ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့ကို အမြဲတစေ လေးစားသမှုရှိခဲ့ကြောင်း ၎င်းက ဆိုသည်။ ထိပ်သီးအစည်းအဝေးမှာ အခွင့်အလမ်းကောင်းများ ဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း စိတ်ပျက်စရာများလည်း ရှိလာဖွယ်ရှိကြောင်း ကိုဆိုဗိုသမ္မတ ဟာရှင်သာစီက ပြောကြားသည်။ ကိုဆိုဗိုသမ္မတ ဟာရှင်သာစီက စည်းကြပ်ခွန်ကောက်ခံမှုကို ဖျက်သိမ်းလိုသည်။

**အသိအမှတ်ပြု**

သို့သော်လည်း ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဖိအားများရှိနေလင့်ကစား ကိုဆိုဗိုဝန်ကြီးချုပ် ရမ်မတ်ဟာရာဒီနတ်က စည်းကြပ်ခွန်ကောက်ခံမှုကို မဖျက်သိမ်းလိုဘဲ ခေါင်းမာခဲ့သည်။ မည်သည့် ထိပ်သီးအစည်းအဝေးရှိသည်ဖြစ်စေ စည်းကြပ်ခွန်ကောက်ခံမှုကို ဖျက်သိမ်းမည်မဟုတ်ဟု ၎င်းက ဆိုသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစုနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကိုဆိုဗိုအား လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုသော်လည်း ရုရှားနိုင်ငံက အသိအမှတ်မပြုပေ။ ရုရှားမှာ ဆားဘီးယားနိုင်ငံ၏ အင်အားကြီး မဟာမိတ်တစ်နိုင်ငံအဖြစ် ရှိနေဆဲဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရုရှားနိုင်ငံ၏ ဗီတိုအာဏာက ကိုဆိုဗိုနိုင်ငံ၏ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးကြိုးပမ်းမှုကို ဟန့်တားနိုင်ပါသည်။ လက်ရှိအချိန်တွင် ဆားဘီးယားနှင့် ကိုဆိုဗိုနိုင်ငံတို့ကို ခါးသီးသော ရန်သူနှစ်ဦးက ဦးဆောင်လျက်ရှိသည်။ ဆားဘီးယားသမ္မတ အလက်ဇန္ဒားဗူစစ်မှာ ကိုဆိုဗိုစစ်ပွဲအတွင်း ဆားဘီးယားပြန်ကြားရေးဝန်ကြီးဖြစ်ပြီး ကိုဆိုဗိုသမ္မတ ဟာရှင်သာစီမှာ ကိုဆိုဗို-အယ်ဘေးနီးယား ပြည်သူ့စစ်အဖွဲ့ UCK ၏ ထိပ်တန်းစစ်ခေါင်းဆောင်ဖြစ်ခဲ့သည်။ ကိုဆိုဗိုက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
Macron and Merkel try to resurrect Serbia-Kosovo talks at Balkan summit

# အင်ဒိုနီးရှား ရေကြီးရေလျှံမှုကြောင့် ၄၀ နီးပါး သေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိ

အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၄၀ နီးပါး သေဆုံးပြီး အများအပြား ပျောက်ဆုံးနေကြောင်း ဧပြီ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် မုတ်သုံရာသီကာလဖြစ်သည့် အောက်တိုဘာလနှင့် ဧပြီလအကြားတွင် ယခုကဲ့သို့သော သဘာဝဘေးဆိုးကြီးများနှင့် ကြုံတွေ့လေ့ရှိသည်။

**၁၃ ဦးထက်မနည်း ပျောက်ဆုံးနေ**

ယင်း ရေကြီးရေလျှံမှုများကြောင့် ဆူမားတြားကျွန်းရှိ ဘင်ကူလူပြည်နယ်တွင် လူ ၂၉ ဦး သေဆုံးပြီး ၁၃ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီက ဧပြီ ၂၉ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ထို့အပြင် လမ်ပုန်းပြည်နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်းမှ ဖြစ်ပေါ်လာသည့် မြေပြိုမှုများကြောင့် ဧပြီ ၂၇ ရက်တွင် မိသားစုဝင်ခြောက်ဦးရှိသော မိသားစုတစ်စုလည်း အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူပင် ရေကြီးရေလျှံမှုကြောင့် ပြီးခဲ့သည့် သီတင်းပတ်က မြို့တော်ဂျကာတာတွင် လူနှစ်ဦးသေဆုံးပြီး ၂၀၀၀ ကျော် နေအိမ်စွန့်ခွာကာ အိမ်မွေးစပါးအုံးမြွေ ၁၄ ကောင်လည်း မျောပါသွားကြောင်း၊ အဆိုပါ မြွေများအနက် ခြောက်ကောင်ကို ပြန်လည်တွေ့ရှိခဲ့ပြီး ကျန်ရှစ်ကောင်မှာ ယခုအထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**ပျက်စီးခဲ့**

ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူ ၁၂၀၀၀ ကျော်တို့သည် ရေမြုပ်နေသော ဘင်ကူလူမြို့ရှိ နေအိမ်များကို စွန့်ခွာခဲ့ကြရသည်။ ရာနှင့်ချီသော အဆောက်အအုံများ၊ လမ်း၊ တံတားများလည်း ပျက်စီးခဲ့သည်။

နေအိမ်စွန့်ခွာသွားသည့် ရေဘေးသင့်ပြည်သူများအတွက် အင်ဒိုနီးရှားအာဏာပိုင်များက ယာယီခိုလှုံစခန်းများကို ဖန်တီးပေးထားပြီး ရေဘေးသင့်ပြည်သူများသည် ယင်းစခန်းများတွင် လောလောဆယ် ခိုလှုံလျက်ရှိကြသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံစားရသည့် ဒေသမှာ ဆူမားတြားကျွန်းရှိ ဘင်ကူလူမြို့ဖြစ်ပြီး ယင်းမြို့တွင် ရေကြီးမှုကြောင့် ဒေသခံပြည်သူ ၂၂ ဦးအပြင် ရာနှင့်ချီသော အိမ်မွေးတိရစ္ဆာန်များလည်း သေဆုံးခဲ့သည်ဟု ဆိုသည်။

**ပြည်သူ ၁၀၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်**

ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံ ဆီလီဘိစ်ဟု လူသိများသည့် ဆူလာဝယ်ဆီကျွန်းစုတွင် ယခုနှစ်အတွင်း လူ ၇၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး ကျေးရွာအများအပြား စွန့်လွှတ်ခဲ့ရသဖြင့် ဒေသခံပြည်သူ ၁၀၀၀၀ နီးပါးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့် မတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ပါပူအာဒေသ၌ သည်းထန်စွာ ရွာသွန်းသောမိုးကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ဒေသခံပြည်သူ ၁၁၂ ဦး အသက်ဆုံးရှုံးပြီး လူပေါင်း ၉၀ ကျော် ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

**မကြာခဏဆိုသလို ကြုံတွေ့ခံစားလေ့ရှိ**

ကျွန်းစုပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ် အဆိုးရွားဆုံးခံစားရသည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး ငလျင်လှုပ်ခတ်မှုနှင့် မီးတောင်ပေါက်ကွဲမှုဒဏ်အစရှိသည့် သဘာဝဘေးဒဏ်များကို မကြာခဏဆိုသလို ကြုံတွေ့ခံစားရလေ့ရှိသည့် နိုင်ငံဖြစ်သည်။

**ကိုးကား - AFP**
**ဘာသာပြန်-ဂျော်တီဘွေကီး**

# ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ AA အဖွဲ့ ထောင်ထားသော ဒေသန္တရလက်လုပ်မိုင်းသုံးလုံး တူးဖော်ရရှိ

**နေပြည်တော် မေ ၂၉**

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး ကျောက်တော်-မြောက်ဦး လမ်းပိုင်းပေါ်ရှိ ကျောက်တော်မြို့ မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ ယနေ့နံနက်ပိုင်းက AA အဖွဲ့ ထောင်ထားသော ဒေသန္တရ လက်လုပ်မိုင်း သုံးလုံးအား တပ်မတော်လုံခြုံရေးစစ်ကြောင်းက တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာအနီးတစ်ဝိုက်၌ AA အဖွဲ့က မိုင်းများ ထပ်မံထောင်ထားကြောင်း သတင်းအရ တပ်မတော်လုံခြုံရေးစစ်ကြောင်းက မိုင်းရှင်းလင်းရေးအဖွဲ့များဖြင့် ရှင်းလင်းခဲ့ရာ ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မဟာမုနိဘုရားကြီးလမ်းဆုံအနီး ကျောက်တော်-မြောက်ဦးကားလမ်း၏ ယာဘက် နှစ်ပေခန့်အကွာ၌ အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း နှစ်လုံးအားလည်းကောင်း၊ အဆိုပါနေရာမှ မြောက်ဘက် မီတာ ၂၀ ခန့်အကွာ၌ အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးအားလည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် ဘုရားဖူးလာ ခရီးသွား ပြည်သူများ အန္တရာယ်မဖြစ်စေရေး စနစ်တကျ သက်မဲ့ပြုလုပ် မိုင်းရှင်းလင်းခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် AA အဖွဲ့ မိုင်းထောင်သည့် အကြိမ် ၁၅ ကြိမ်၊ မိုင်း ၄၆ လုံးရှိပြီး တပ်မတော်လုံခြုံရေးစစ်ကြောင်းများက အများပြည်သူအန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ **သတင်းစဉ်**





သိမ်းဆည်းရမိသည့် ဘိန်းဖြူများကို တွေ့ရစဉ်။

# မြိတ်၊ မိုးကုတ်နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် ညနေပိုင်းတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်း၌ ကျော်ကျော်(ခ) မောင်ကျော်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၅ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးရဲကင်းရှေ့တွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွား၍ ပိတ်ဆို့ရှာဖွေခဲ့ရာ မိုးကုတ်- မိုင်းလုံသွားကားလမ်း၊ ကင်းချောင်းအနီး တောလမ်း၌ အဆိုပါမော်တော်ယာဉ်ကို လူမပါဘဲ တွေ့ရှိရ၍ရှာဖွေရာ ဆပ်ပြာခွက် ၂၂၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း။

ထို့အတူ နံနက် ၇ နာရီခန့်က နောင်တရား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ပြင်ကျေးရွာအုပ်စု နောင်ကားမီး(နောက်) ကျေးရွာနေ အောင်ထွင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၅ ပြားနှင့် ဘိန်းဆီခဲ ၁၃၀ ဒသမ ၆၃ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# တိုင်းဒေသကြီးလေးခု၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ (ကပစ-၁၉)မှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ရာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော၌ တရားမဝင် ကျွန်းသစ်ခွဲသား ၁၀၉ လုံး/ချောင်း (၁၁ ဒသမ ၇၆၆၆)တန်၊ မော်တော်ယာဉ် (1Q/----) FORLAND ယာဉ် တစ်စီး၊ ပြစ်မှုကျူးလွန်သူ သုံးဦးနှင့် ခပေါင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ တရားမဝင်သစ်၊ ကျွန်း၊ ဖရုံစိတ် ၁၅၃ စိတ် (၂၆ ဒသမ ၃၀၂တန်)တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

အလားတူ ပူးပေါင်းအဖွဲ့၏ တရားမဝင်သစ်များ ဖော်ထုတ်စစ်ဆေးမှုအရ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်း(မြောက်) ဘိနယ်ကွင်း ၃၀ ကျေးရွာအနီးတွင် တရားမဝင်သစ်ခွဲသားအလုံး ၉၀ (၁၉ ဒသမ ၃၉၇၀တန်)၊ ကျောက်ဆည်မြို့နယ် ကြိုးပြင်တော၌ တရားမဝင်ကျွန်းသစ်၊ ခွဲသား ၂၁၆ လုံး (၆၇ ဒသမ ၉၅၂၈ တန်)နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း အကွက် (၄၅၊ ၄၆၊ ၄၉၊ ၅၀၊ ၅၁၊ ၅၇)တွင် တရားမဝင်ကျွန်းသစ်လုံး ခွဲသား ၁၆၆၇ လုံး (၁၂၅ ဒသမ ၀၆၇၄ တန်)၊ သစ်စက် ငါးလုံး၊ မီးစက်တစ်လုံးနှင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ဖိုးခေါင်ကွင်းကျေးရွာ အင်တိုင်းကုန်း၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၃၆ ချောင်း (၃ ဒသမ ၇၇၉၈ တန်)နှင့် ဆက်စပ်ပစ္စည်းတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ကိုမျိုး**

# ပင်လည်ဘူးမြို့နယ် ကွမ်းတောင်းကျေးရွာ၌ နေအိမ်မီးလောင်ပြီး နှစ်ဦးသေဆုံး

**ပင်လည်ဘူး မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကွမ်းတောင်းကျေးရွာ၌ ယနေ့နံနက် ၄ နာရီခန့်က လူနေအိမ် တစ်လုံး မီးလောင်၍ နှစ်ဦးသေဆုံးကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနက သိရသည်။

ဖြစ်စဉ်မှာ နံနက် ၄ နာရီခန့်က ကွမ်းတောင်းကျေးရွာ ဒေါ်မြရင်၏နေအိမ် အိမ်အောက် မီးဖိုချောင် မီးကွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အဆိုပါ မီးလောင်မှုကြောင့် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်အိမ်တစ်လုံး ဆုံးရှုံးခဲ့ရသည်။ အိမ်ရှင် ဒေါ်မြရင်နှင့် သမီး မဇင်မာဝင်းတို့နှစ်ဦးမှာ မီးထဲပါသွားပြီး သေဆုံးသွားကြောင်း၊ မဝင်းအေးနှင့် မမေဇင်ဝင်းတို့ နှစ်ဦးမှာ မီးလောင်နေစဉ် အိမ်ပေါ်မှ ခုန်ချလွတ်မြောက်ခဲ့ကြောင်း၊ မဝင်းအေးနှင့်မမေဇင်ဝင်းတို့နှစ်ဦးမှာ မီးလောင်ရာမှ လွတ်မြောက်ခဲ့သော်လည်း မီးလောင်ဒဏ်ရာများရရှိကာ ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

# အင်းတော်မြို့နယ်အတွင်းမှ လုပ်သေနတ်တစ်လက် သိမ်းဆည်းရမိ

**စစ်ကိုင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သောင်မြင်းကျေးရွာအတွင်းမှ လုပ်သေနတ်တစ်လက် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ည ၉ နာရီခွဲတွင် အင်းတော်မြို့နယ် မဲဇာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်မျိုးမင်းအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် သောင်မြင်းကျေးရွာနေ နေလင်းထွန်း၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရှိရဘဲ တရားမဝင် လက်လုပ်သေနတ်တစ်လက်နှင့်အတူ ဘောစေ့ ၉၁ စေ့ ရှာဖွေစစ်ဆေး တွေ့ရှိရသဖြင့် တရားမဝင် လက်နက်ကိုင်ဆောင်သူ အင်းတော်မြို့နယ် သောင်မြင်းကျေးရွာနေ နေလင်းထွန်းအား မဲဇာ နယ်မြေရဲကင်းစခန်းက လက်နက် ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။



**လူအောင်(ကသာ)**

# မဒေါက်မြို့၌ အဝီစိတွင်းတူးရာမှ ဓာတ်ငွေ့ထွက်ရှိ

**မဒေါက် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၁)ရပ်ကွက် ဘုရားပိုင်း၌ အဝီစိတွင်းတူးရာမှ ဓာတ်ငွေ့ဟုယူဆရသည့် အငွေ့များထွက်ရှိနေသဖြင့် ဆက်လက်တူးဖော်ခြင်း ရပ်ဆိုင်းထားကြောင်း မဒေါက်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"တွင်းတူးနေရင်း ရေမလိုက်ဘဲနဲ့ လေကြီးပဲလိုက်လာလို့ တော်ပြီဆိုပြီး ထားလိုက်တဲ့အချိန်မှာ အငွေ့လေးတွေ ထွက်နေတယ်၊ ဒါဓာတ်ငွေ့ပဲဖြစ်မယ်ဆိုပြီး မီးခြစ်နဲ့ မီးရှို့ကြည့်တဲ့အခါကျတော့ မီးထတောက်တာကို တွေ့ရတယ်"ဟု အဝီစိတွင်းတူးရာတွင် ပါဝင်သူ ဦးမျိုးမင်းဦးက ပြောသည်။

ဖြစ်စဉ်မှာ ဘုရားပိုင်းနေ ဦးစိုးနိုင် စိုက်ပျိုးထားသော ချဉ်ပေါင်ခင်း ရေလောင်းရန် ဦးမျိုးမင်းဦး၊ ဦးကျော်လွင်စိုး၊ ဦးသန်းဦးတို့နှင့်အတူ ချဉ်ပေါင်ခင်းအနီး ရေသန့်အင်းအတွင်း မေ ၂၆ ရက်က အဝီစိတွင်းတူးဖော်ရာ အနက် ၂၃ ပေ အရောက်တွင် ပုံမှန်ရေရရှိမည့်အနေအထားတွင် ရေမရရှိဘဲ တူးထားသည့် ပိုက်အတွင်းနှင့် အနီးအနား ရွှံ့နွံအတွင်းမှ ဓာတ်ငွေ့ဟုယူဆရသည့် အငွေ့များ အများအပြားထွက်ရှိလာသဖြင့် မီးခြစ်ကြည့်ရာ မီးတောက်ကြောင်း သိရသည်။

အဆိုပါအဝီစိတွင်းမှ ဓာတ်ငွေ့ထွက်ရှိနေခြင်းနှင့် ပတ်သက်၍ ပညာရှင်များနှင့် သက်ဆိုင်ရာမှ အမြန်ဆုံးလာရောက်ကြည့်ရှုစစ်ဆေးမှသာ အဖြေသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**



# ထို့ကြောင့် ဤနေရာကို နာလန္ဒာဟု ခေါ်ပါသည်

မြင့်စိုး (နတလ)

**နာလန္ဒာဆိုသည်မှာ**

နာလန္ဒာသည် ရာဇဂြိုဟ်နှင့် ၁၃ ကီလိုမီတာအကွာ အဝေးတွင် တည်ရှိနေပြီး မြတ်စွာ ဘုရားရှင် ရာဇဂြိုဟ်မှ ပါဋလိပုတ်နှင့် ဝေသာလီသို့ကြွသည့်အခါတိုင်း နာလန္ဒာ၌ ခေတ္တနားခိုခဲ့ရာ၊ ၁၁ ဝါမြောက် ဝါဆို ဝါကပ်တော်မူရာအရပ်ဖြစ်သည်။ နာလန္ဒာ၏ အဓိပ္ပာယ်ကို သုံးမျိုး ဖွင့်ဆိုကြသည်။ ပထမတစ်မျိုးမှာ လှူခြင်းကို ရပ်တန့်ခြင်းငှာ မစွမ်းသာသည့်သဘောဖြင့် နာလန္ဒာဟု ခေါ်ကြသည်။ ဘုရားရှင်လက်ထက်က နာလန္ဒာ မြို့သူ မြို့သားများသည် ချမ်းသာကြွယ်ဝကြသည်။ ရောင်းဝယ်ဖောက်ကားမှုဖြင့် စီးပွားဖြစ်ထွန်းကြသည်။ သဒ္ဓါတရား ထက်သန်၍ အလှူအတန်း ရက်ရောကြပြီး လှူပြီးရင်း လှူချင်နေကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားရှင်ကလည်း သူတို့၏ သဒ္ဓါတရားကို ချီးမြှောက်သောအားဖြင့် နာလအမည်ရှိ ပုဏ္ဏားရွာအနီး သရက်တောဥယျာဉ်တွင် ဝါဆိုသီတင်းသုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။


ဒုတိယတစ်မျိုးမှာ နာလဒါဟူသောပုဒ်မှလာကြောင်း၊ နာလဟူသည် ကြာပန်းဟုအဓိပ္ပာယ်ရပြီး ဒါဆိုသည်မှာ ပေးရာဖြစ်ကြောင်း၊ ထို့ကြောင့် နာလန္ဒာဆိုသည်မှာ ကြာပန်းတို့ကိုပေးရာ အရပ်၊ တစ်နည်းဆိုရသော် ပညာသမာအာဘာနတ္ထိဟူသော စကားနှင့်အညီ ကြာပန်းနှင့်တူသော ပညာတို့ကို ဖြန့်ဝေရာအရပ်ဖြစ်ကြောင်း အဓိပ္ပာယ်ရပါသည်။ ဗုဒ္ဓစာပေများကို သင်ကြားပို့ချပေးခဲ့သော နာလန္ဒာတက္ကသိုလ်တည်ရှိနေခြင်းကို အဓိကရည်ညွှန်းပါသည်။ တတိယတစ်မျိုးမှာ နာလကအမည်ရှိ နဂါးမင်းကြီး၏ နေရာဟုခေါ်ဝေါ်သမုတ်ကြပြီး မိုးရာသီ အကုန် တန်ဆောင်မုန်းလပြည့်ကျော်ဝန်းကျင်၊ ဆောင်းအကုန် တပေါင်းလပြည့်ကျော်ဝန်းကျင်တို့တွင် (ချာ့တ်) ပူဇာခေါ် ရေချိုးပွဲတော်များ ကျင်းပလေ့ရှိကြောင်း သိရသည်။

**နာလန္ဒာတက္ကသိုလ်ဟောင်းနေရာ**

ထိုနေရာကို မရောက်ဖူးမမြင်ဖူးသေးခင်၊ ထိုနေရာအကြောင်းကို မကြားဖူး မဖတ်ဖူးသေးခင် ကာလအထိ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာဆိုသည်မှာ သာမန်ထက်ပိုမည်မဟုတ်သော၊ ထူးကဲမည်မဟုတ်သော နေရာတစ်ခုပဲ ဖြစ်လိမ့်မည်ဟု ကျွန်တော်အထင်အမြင်လွဲမှားခဲ့ကြောင်း ဝန်ခံပါသည်။ သို့သော် ကိုယ်တိုင်မြင်တွေ့လိုက်ရချိန် ဆရာတော်ဒေါက်တာအရှင်နန္ဒက၏ ဟောကြားမှုများကို နာယူမှတ်သားလိုက်ရချိန်တွင် အံ့သြမှင်တက်သွားမိသည်အထိ တစ်ချိန်တုန်းက နာလန္ဒာတက္ကသိုလ်ကြီး၏ အရှိန်အဝါကြီးမားမှုကို ပြက်ပြက်ထင်ထင် သိရှိခဲ့ရပါသည်။ နာလန္ဒာတက္ကသိုလ်သည် ဗုဒ္ဓဂယာနှင့် ပါဋလိပုတ်(ခေါ်) ပတ္တနားမြို့တို့အကြားတွင် တည်ရှိနေပြီး ဗုဒ္ဓဂယာ၏ မြောက်ဘက် ကီလို ၁၀၀ ၊ ပတ္တနားမြို့၏တောင်ဘက် ကီလို ၁၀၀၊ အလယ်ဗဟိုကျကျလောက်တွင် တွေ့နိုင်ပါသည်။ ဘုရင်ကုမာရဂုပ္ပတ လက်ထက်အေဒီ ၅ ရာစု၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အကျယ်အဝန်းမှာ အရှေ့မှ အနောက်သို့ ၁၀ ကီလိုမီတာ၊ တောင်မှမြောက်သို့ ငါးကီလိုမီတာ ကျယ်ဝန်းကြောင်း၊ စတင်ဆောက်လုပ်ကြစဉ်က ပထမထပ်မှ စတင်ခဲ့ကြရသော်လည်း ခေတ်အဆက်ဆက် တိုးချဲ့ဆောက်လုပ် လှူဒါန်းခဲ့ကြရာ အချို့စာသင်ဆောင်များမှာ ငါးထပ်အထိရှိလာကြောင်း၊ အထပ်ပေါင်း ကိုးထပ်ရှိ ရတနသာဂရ စာကြည့်တိုက်ကြီး အပါအဝင် စာကြည့်တိုက် သုံးခုရှိ ကြောင်း၊ စုစုပေါင်း ကျောင်းဆောင် ၁၁ ဆောင်နှင့် စေတီ ၁၂ ဆူ တည်ထားခဲ့ကြောင်း၊ ဤတက္ကသိုလ်ကြီးတွင် ထေရဝါဒ၊ မဟာယာန၊ ဗြဟ္မဏဝါဒ၊ လောကီလောကုတ္တရာဒဿနအတွေးအမြင်များအပါအဝင် ဘာသာရပ်ပေါင်းများစွာ ပို့ချပေးခဲ့ကြောင်း၊ သင်ကြား ပေးသော ဘာသာရပ်များမှာ ဘာသာရေး၊ သဒ္ဒါ၊ တက္ကဗေဒ၊ နက္ခတ်၊ ရုပ်လွန်ဒဿနိကဗေဒ၊ ဆေးပညာ၊ ဒဿနိကဗေဒတို့ ဖြစ်ကြောင်း သိရှိရပါသည်။ စာသင်သံဃာပေါင်း ၁၅၀၀၀ခန့် တက်ရောက်သင်ကြားကြပြီး စာချဆရာတော် ၂၀၀၀ခန့်ဖြင့် ပို့ချပေးခြင်း ဖြစ်ကြောင်း၊ ဘုရင်ကုမာရဂုပ္ပတလက်ထက်တွင် အရှင် နာဂဇုန (နာဂဇ္ဇုန) မထေရ်ကြီးက စတင်ပြုစုပျိုးထောင် ခဲ့ပြီး ထိုခေတ်ထိုအခါက နာလန္ဒာခရိုင်တွင် ကျေးရွာပေါင်း

> နာလန္ဒာတက္ကသိုလ်သည် ဗုဒ္ဓဂယာနှင့် ပါဋလိပုတ်(ခေါ်) ပတ္တနားမြို့တို့အကြားတွင် တည်ရှိနေပြီး ဗုဒ္ဓဂယာ၏ မြောက်ဘက် ကီလို ၁၀၀၊ ပတ္တနားမြို့၏ တောင်ဘက်ကီလို ၁၀၀ ...

၂၀၀ ကျော်ရှိပေရာ ထိုရွာများမှရရှိသော အခွန်အကောက်များကို ဘုရင်ကမယူဘဲ တက္ကသိုလ်၌ ပညာသင်ကြားနေကြသည့် သံဃာတော်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရပါသည်။ အေဒီ ၅ ရာစုမှ ၈ ရာစုအထိ ဂုပ္ပတမင်းဆက်များ၊ အေဒီ ၈ ရာစုမှ ၁၂ ရာစု ထိ ပါလမင်းဆက်များအထိ နှစ်ပေါင်း ၇၀၀ နီးပါးမျှ နာလန္ဒာတက္ကသိုလ်ကြီး အရှည်တည်တံ့ခဲ့ပြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားခဲ့သည်။ အေဒီ ၁၂ ရာစုတွင် သာသနာမှေးမှိန်ခဲ့ပြီး ယင်း နာလန္ဒာတက္ကသိုလ်ကြီးသည်လည်း ကွယ်ပျောက်လုနီးနီးအခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။



**သမိုင်းကို ချန်ထားရစ်ခဲ့သော ဟူယင်ဆန်ဆရာတော်**

ဟူယင်ဆန်ဆရာတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုနန်ပြည်နယ် ချင်ကူမြို့တွင် အေဒီ ၆ ရာစု၌ မွေးဖွားခဲ့ပြီး စာပေထူးချွန်သော ရဟန်းတော်တစ်ပါး ဖြစ်လာသည်။ အသက်(၂၆)နှစ် အရွယ်မှာ မြတ်ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံသို့ကြွရောက်၍ နာလန္ဒာတက္ကသိုလ်ကြီးတွင် ပညာဆည်းပူးခဲ့သည်။ အိန္ဒိယသို့ရောက်သည့်အချိန်မှစ၍ ပညာရပ်များစွာကို ဆရာများစွာထံမှ တပည့် ခံသင်ယူခဲ့သလို ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသအပါအဝင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော နေရာများစွာသို့ လှည့်လည်လေ့လာဖူးမြော်ခဲ့သည်။ မိမိရောက်ရှိလေ့လာမိခဲ့သမျှ နေရာဒေသများ၏ ဘုရားကျောင်းကန် စေတီပုထိုးအပါအဝင် ဗုဒ္ဓဘာသာ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများကိုလည်းကောင်း ခရီးသွားမှတ်တမ်းများ ရေးခဲ့သလို “ အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာမှတ်တမ်း ”အမည်ရှိ ကျမ်းကြီးအားပြုစုရေးသားခဲ့ပါသည်။ နာလန္ဒာတက္ကသိုလ်တွင် ဆရာအဖြစ်နှင့်လည်း သင်ကြားပို့ချခဲ့သေးသည်။ ထိုမှ ခရစ်နှစ် ၆၄၅ ခုနှစ်တွင် တရုတ်ပြည်သို့ ပြန်ကြွပြီး ကျမ်းပေါင်း ၇၅ ကျမ်းတိတိ တရုတ်ဘာသာပြန်ဆိုရေးသားခဲ့ကြောင်း၊ သက်တော် ၆၃ နှစ် အရွယ်တွင် ပျံလွန်တော်မူကြောင်း သိရပါသည်။ အေဒီ၁၂ ရာစုတွင် ဗုဒ္ဓဘာသာသာသနာတော် မှေးမှိန်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရကာ နှစ်ပေါင်း ၆၀၀ ခန့် ကြာမြင့်ခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် အိန္ဒိယရှေးဟောင်းဌာနသည် တရုတ်ဘုန်းတော်ကြီး ဟူယင်ဆန်၏ မှတ်တမ်းကို တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ မှတ်တမ်းပါ သမိုင်းအထောက်အထားများအား စနစ်တကျ ပြန်လည်တူးဖော်ခဲ့ကြသည်။ မဟာဗောဓိစေတီနေရာကို ပထမဦးဆုံးတူးဖော်ခဲ့ကြရာ သံဝေဇနိယ (၄)ဌာနအား တဖြည်းဖြည်း တူးဖော်တွေ့ရှိခဲ့သည်။ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာကိုလည်း ၁၉၁၅ ခုနှစ်တွင် အလုပ်သမား ၈၀၀ခန့်ဖြင့် စတင်တူးဖော်ခဲ့ရာ ၂၂ နှစ်အကြာ ၁၉၃၇ ခုနှစ်တွင် အောင်မြင်စွာ တူးဖော်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့တူးဖော်ခဲ့ရာ၌ တောင်မှမြောက်သို့ စာသင်ဆောင်ပေါင်း ၁၁ ဆောင်၊ အဆောင်များ၏ အနောက်ဘက်ရှိ အရှင်သာရိပုတ္တရာ စေတီ အပါအဝင် စေတီပုထိုး ခြောက်ဆူ တူးဖော်ရရှိခဲ့ကြသည်။

အရှင်သာရိပုတ္တရာစေတီကို မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၂၀၀ ကျော်အကြာ၌ သီရိဓမ္မာသောကမင်းကတည်ထားခဲ့ခြင်းဖြစ်ပြီး အရှင်သာရိပုတ္တရာ၏ မွေးဖွားရာဇာတိမြေဖြစ်ခြင်း၊ ပရိနိဗ္ဗာန်ပြုရာအရပ်ဖြစ်ခြင်း၊ မိခင်အား အပါယ်တံခါးပိတ် တရားဟောကြားတော်မူရာအရပ် ဖြစ်ခြင်းတို့ကြောင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရပါသည်။ ညနေ ၄နာရီမှစတင်၍ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာ၌ ကြည့်ရှုလေ့လာခဲ့ကြရာ ၅ နာရီခွဲခန့်တွင် ပြီးဆုံးခဲ့ပါသည်။ နာလန္ဒာသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးတက္ကသိုလ်ကြီး ရှစ်ခုအနက် တစ်ခု အပါအဝင်ဖြစ်ပြီး နှစ်ပေါင်း ၇၀၀ နီးပါး ရပ်တည် ရှင်သန်ခဲ့သောကြောင့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အဖြစ် (၁၅-၇-၂၀၁၆) ရက်နေ့တွင် ထည့်သွင်းထားပြီးဖြစ်သည်။ ဟူယင်ဆန် အမှတ်တရခန်းမကိုမူ မရောက်ခဲ့တော့ပါ။

**နာလန္ဒာတက္ကသိုလ်သစ်**

ရှေးဟောင်းနာလန္ဒာတက္ကသိုလ်ကြီး၏ တောင်ဘက်တစ် ကီလိုမီတာ အကွာတွင်တည်ရှိသည်။ ညနေ ၅နာရီ ၄၅ မိနစ်တွင် ရောက်ရှိလေ့လာပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆရာတော်ကြီး ဇာဂတိသကဿပက ပြန်လည် ထူထောင်တော်မူခဲ့ပြီး ၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံး သမ္မတ Dr. Rajandra Parasad ကိုယ်တိုင် တက်ရောက် အုတ်မြစ်ချပေးခဲ့သည်။ လက်ရှိ တက္ကသိုလ်တွင် မြန်မာ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်စသောနိုင်ငံများမှ ရဟန်းတော်များနှင့် သီလရှင် များ လာရောက်ပညာသင်ယူလျက်ရှိသည်။ မြန်မာစာသင်သား သံဃာတော်၁၀၅ ပါး တက်ရောက်နေကြသည်။ ပထမကြီးတန်း အောင်မြင်ပြီးပါက BA သုံးနှစ်၊ MA နှစ်နှစ်၊ Ph-D သုံးနှစ် တက်ရောက် သင်ယူကြရကြောင်းသိရပါသည်။ ။



# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ပုဂံ-ညောင်ဦးမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ

**ညောင်ဦး မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့သို့ ပင့်ဆောင်အပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့ နံနက်ပိုင်းက မကွေးမြို့ မကွေးမြသလွန်စေတီတော်ရင်ပြင်ရှိ မဟာဝိဇယရံသီတန်ဆောင်း၌ ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များအား မကွေးမြို့မှ ညောင်ဦးမြို့သို့ ပင့်ဆောင်ပူဇော်ရာ လမ်းတစ်လျှောက်တွင် ရဟန်းရှင်လူပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက မိမိတို့မြို့နယ်၊ ကျေးရွာများတွင် စည်ကားစွာဖြင့် ကြိုဆိုပူဇော်ကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဝတ်အသင်းအဖွဲ့များက ညောင်ဦးမြို့တွင် ကြိုဆိုပူဇော်ကြပြီး အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီးရင်ငွေ့လှုံကာ မဟာဝေဇယန္တာဓမ္မဗိမာန်ရှေ့ယာယီစံကျောင်းတွင် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသည်။

ညပိုင်းတွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဝင်း ဝေဇယန္တာဗိမာန်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ရဟန်းရှင်လူပြည်သူများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ **ဟန်လင်းနိုင်**



# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၉**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေး(၁/၂၀၁၉)ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**အကောင်အထည်ဖော်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အတတ်နိုင်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ အခွင့်အရေးဟုဆိုရာတွင် ကလေးဘဝကတည်းကစတင်ပါကြောင်း၊ အသက်ရှင်သန်ခွင့်၊ စောင့်ရှောက်ခံပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်ဟူ၍ ခံစားရရှိရန်လိုအပ်ပြီး အရွယ်ရောက်လာသည့်အခါတွင်လည်း အသက်အရွယ်အလိုက် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စောင့်ရှောက်ရန် လိုအပ်သည့် သူတိုင်း စောင့်ရှောက်ခံပိုင်ခွင့်ရရှိရန် လိုအပ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ခွင့်ရှိသူတိုင်း ကိုယ်တိုင်ပါဝင်ခွင့်ရရှိရန်လည်း လိုအပ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဆောင်ရွက်ရန် လုပ်ငန်းကော်မတီအနေဖြင့် မသန်စွမ်းအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မသန်စွမ်းအသင်းအဖွဲ့အစည်းများ၊ မသန်စွမ်းမှုဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများသည်လည်း နိုင်ငံ၏အင်အားစုဖြစ်ပြီး မသန်စွမ်းသူများအား စွမ်းနိုင်သမျှစွမ်းအောင် ပံ့ပိုးပေးခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးရှိသည့်ပါဝင်မှုများဖြင့် ပေးဆပ်ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွင့်အရေးများကို ဖော်ဆောင်ရာတွင် လုပ်ငန်းကော်မတီအနေဖြင့် ကျင်းပခဲ့သည့်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သည့်ကိစ္စရပ်များအပေါ်တွင် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဆက်လက်ဖော်ဆောင် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ(၂/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် လက်ရှိဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**




# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁-၅-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉)တွင် "ကျရိပ်မြင်နေတဲ့ နွေစပါးဆန်ဈေးကွက်၊ ရာသီဥတုပြောင်းလဲမှုကို အန်တု၍ သီးနှံစိုက်ပျိုးရန် ကြိုတင်စီမံခြင်း၊ နဂါးမောက်သီး အရောင်းအဝယ်သွက် ခြံသမားများတွက်ခြေကိုက်၊ မိသားစုတစ်ပိုင်တစ်နိုင်ဖြင့် ဝင်ငွေရရှိစေသော ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်ခြင်း၊ သရက်ပင်စိုက်ပျိုးမည်ဆိုပါလျှင်၊ အာလူးလောင်မည်းရောဂါအကြောင်း သိကောင်းစရာ၊ ဆီဆိုင်မြို့နယ်၌ သပြေငုတ်ဝယ်အားကောင်းနေ၍ သပြေပင်စိုက်တောင်သူများ အဆင်ပြေ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ဘက်ထရီရှော့တိုက်ငါးဖမ်းမှုများကြောင့် ရေသယံဇာတများ မထိခိုက်စေချင်၊ ငါးများနှင့် အခြားတိရစ္ဆာန်များကို တွဲဖက်မွေးမြူသည့်စနစ်အား စိစစ်ဆောင်ရွက်ရန်လိုအပ်၊ မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်၊ တန်ဖိုးမြင့်ငါးသလောက်ကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနေရသည့်အတွက် နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိ၊ ဂျပန်အမဲသား တရုတ်သို့ ပြန်လည်တင်သွင်းခွင့်ရရှိ" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "အဝေးပြေးလမ်းဘေးမှ ဈေးဆိုင်ကလေး" ပုံပြင်၊ "လုံခြုံစိတ်ချရသော ရွှေ့ပြောင်းလုပ်ငန်းခွင်သို့...၊ ကျေးဇူးတင်တတ်တဲ့ အလေ့အကျင့်၊ ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာတွင် ဝါးလက်မှုပညာဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိ၊ ကမ္ဘောဒီးယား ငှက်ပျောသီးများ တရုတ်သို့ တင်ပို့ခွင့်ရရှိ" စသည့် သုတရသ ဆောင်းပါးများ၊ "စက္ခုအာရုံ ကောင်းစေချင်၊ အယ်လ်နီညိုရဲ့ကျန်းမာရေးအပေါ် သက်ရောက်မှုများ၊ ကူးစက်မြန် ရေကျောက်ရောဂါ" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက် ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ ■

# ဟိုင်းကြီးကျွန်းတွင် ရေတားကျောက်စီတမံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ဟိုင်းကြီးကျွန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက် ကပ္ပလီကမ်းခြေတွင် ရေတားကျောက်စီတမံ တည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။

ရေတားကျောက်စီတမံတည်ဆောက်ရာတွင် ကမ်းခြေ၌ အရှည်ပေ ၉၇၀၊ မြေအနက် သုံးပေခွဲ၊ အကျယ် ၃၁ ပေ မြေကြီးတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြေအနက်သုံးပေခွဲမှစတင်၍ အောက်ခြေကြမ်းခင်းကို ဝါးထရံခင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက်ကျောက်ကြီးတစ်ပေဒုခင်းကာ နိုင်လွန်ပိုက်များအုပ်ထား သောကျောက်ကြီးကို တစ်ပေဒုထပ် မံခင်းထားခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်းအဖြစ်နှစ်ပေ၊ အမြင့် ရရှိသွားပြီဖြစ်၍ ၎င်းအထက်မှ အမြင့် ငါးပေကိုကျောက်ကြီးဖြင့် အရှေ့၊ အနောက် ဆင်ခြေလျှောပုံစံစီသွားခဲ့ခြင်းဖြစ်ပြီး ကမ်းခြေဘက်အခြမ်းမှာ ဆင်ခြေလျှောပြေပြစ်မည်ဖြစ်ကာ အတွင်းဘက်တွင် မတ်စောက်သည့် ပုံသဏ္ဌာန်မျိုးဖြစ်ကြောင်း၊ ဆက်လက်၍ ကျောက်စီတမံနှင့် ပင်လယ်ကမ်းခြေကြားတွင် အရှည်ပေ ၉၅၀ တောက်လျှောက် ၂၅ ပေ အကျယ်ကို ဒေသထွက်အုန်းပင်တိုင်များဖြင့် ရေလှိုင်းအရှိန်အားဟန့်တားနိုင်ရန် စိုက်ထူထားရှိကြောင်းနှင့် တမံတည်ဆောက်စဉ်က မြေကြီးတူးရာမှထွက်ရှိလာသည့် သဲများကိုရေတားတမံ၏ ရှေ့ဘက်ရှိအုန်းတိုင်များ၏ကြား၌ တမံနှင့်ပင်လယ်ရေလိုင်း ချက်ချင်းမထိတွေ့နိုင်စေရန် ယာယီအရံအတားအဖြစ် ခင်းပေးထားကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဇော်က ပြောသည်။

ကပ္ပလီကမ်းခြေအား ပင်လယ်ရေတိုက်စား၍ ကမ်းခြေကျိုးပေါက်ကာ အနောက်ဘက်ရှိလယ်ကွင်းများအတွင်းသို့ ပင်လယ်ဒီရေဝင်ရောက်လာနိုင်ပြီး ထိုမှတစ်ဆင့်ရိုးများ၊ ချောင်းငယ်များအတွင်းသို့ ပင်လယ်ရေဝင်ရောက်သွားမည်ဆိုပါက ဟိုင်းကြီးကျွန်းမြို့အတွက် ဆိုးရွားသောအခြေအနေတစ်ခု ဖြစ်ပေါ်လာနိုင်သောနေရာတစ်ခုဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ရေတားကျောက်စီတမံတစ်ခုကိုတည် ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ရေတားကျောက်စီတမံတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသအတွက် မိုးတွင်းကာလများတွင် ယခင်ကထက် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုဒဏ်မှ များစွာသက်သာသွားမည်ဖြစ်ပြီး မိုးတွင်းကာလတစ်လျှောက် တမံ၏အခြေအနေကိုစောင့်ကြည့် မှတ်တမ်းတင်ထားရန်လိုကြောင်း ထူးခြားမှုရှိပါက ချက်ချင်းသတင်းပို့တင်ပြခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ပြောကြားခဲ့သည်။

ပင်လယ်ကမ်းခြေတွင် တည်ဆောက်ထားသောရေတားကျောက်စီတမံဖြစ်၍ တည်ငြိမ်မှုအားကောင်းပြီး ခိုင်ခံ့သော်လည်း ရာသီဥတုအခြေအနေများကြောင့် ကျောက်တန်း၏ ခြေရင်းတွင် ရေလှိုက်စားခံရသည့် လက္ခဏာမျိုး တွေ့ရှိလာပါက သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားပေးကြရန် လိုအပ်ကြောင်း ငပုတောမြို့နယ် လမ်းဦးစီးဌာနက AE ဦးအေးချိုက ပြောသည်။

ရေတားကျောက်စီတမံနှင့် ကပ်လျက်လည်းကောင်း၊ တမံလျှောက်လမ်းပေါ်တွင်လည်းကောင်း လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းကို ခွင့်ပြုမည် မဟုတ်ကြောင်း ငပုတောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ပြောသည်။

မိုးတွင်းကာလများက လေပြင်းများတိုက်ခတ်ပြီး လှိုင်းလေပြင်းထန်ခြင်းကြောင့် ကမ်းခြေရေတိုက်စားခံရကာ ယာယီပြောင်းရွှေ့နေထိုင်မှုများ မကြာခဏပြုလုပ်ခဲ့ကြရပြီး ဒုက္ခရောက်ခဲ့ကြရသော်လည်း ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ကာ ရေတားကျောက်စီတမံတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ ဒေသခံအိမ်ထောင်စုများလုံခြုံစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်တော့မည်ဖြစ်သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေ ဦးဆောင်သည့်အဖွဲ့က ရေတားကျောက်စီတမံ တည်ဆောက်ပြီးစီးမှုကို မေ ၂၈ ရက်က ကြည့်ရှုစစ်ဆေးနေကြစဉ်။

## ပျဉ်းမနားမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**ပျဉ်းမနား မေ ၂၉။** နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ကြီးကြပ်မှုနှင့်အတူ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ တောင်သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်နိုင်ဦးတို့က ဟောပြောရာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ရာအိမ်မှူး ဦးသန်းထိုက်နှင့် ဒေသခံပြည်သူ ၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# သောက်သုံးရေအခက်အခဲကြုံနေသည့် ပြည်သူများအား သောက်သုံးရေ သွားရောက်လှူဒါန်း

**နောင်တရား**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နန်းပုလင်းကျေးရွာအုပ်စု စင်းစုတ် (တောင်၊ မြောက်)ကျေးရွာများ၌ မေ ၂၉ ရက် နံနက် ၉ နာရီတွင် သောက်သုံးရေများသွားရောက်လှူဒါန်းသည်။

နောင်တရားမြို့အနီးဝန်းကျင်ရှိ သောက်သုံးရေနည်းပါးသည့် ကျေးရွာများသို့ နောင်တရားမြို့ အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း ဦးဆောင်၍ သောက်သုံးရေများ ဆက်လက်ပေးဝေလှူဒါန်းလျက်ရှိသည်။

အဆိုပါသောက်သုံးရေများကိုထီရီးကရင်ကျေးရွာမှ စင်းစုတ်ကျေးရွာသို့ မီးသတ်ရေသယ်ယာဉ် ခြောက်စီး ရေဂါလန်ပေါင်း ၉၆၀၀ သွားရောက်လှူဒါန်းပေးခဲ့သည်။ သောက်သုံးရေနည်းပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ ဆက်လက်ပေးဝေလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**




**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများသောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် ရန်ကုန်မြို့အနန္တစွမ်းအား အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် မိသားစုအဖွဲ့က ညောင်ဦးမြို့ မြတ်ဒါနပရဟိတလူမှုကူညီရေးအသင်းနှင့် ပူးပေါင်း၍ မေ ၂၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာရှိ ဒေသခံပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သောက်သုံးရေအခက်ကြုံနေသည့် ကြို့ပင်သာကျေးရွာသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဂါလန် ၅၆၀၀ အား အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ရာသီဥတုအပူချိန်မြင့်တက်လာမှုနှင့်အတူ မြို့နယ်အတွင်းရှိကျေးရွာများ၌ ကျေးလက်နေပြည်သူများသောက်သုံးရေရှားပါးမှု အခက်အခဲများရင်ဆိုင်ကြုံတွေ့နေရပြီး ယခုလိုသောက်သုံးရေရှားပါးသည့်အချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ကျေးရွာအရောက် လာရောက်လှူဒါန်းပေးသည့် ပရဟိတရေလှူအသင်းများကို မှီခိုအားထားပြုနေရကြောင်း ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာရှိ ဒေသခံပြည်သူများက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အေ၊ ဘီ၊ စီ ဘလောက်ရှိ လမ်းအလိုက် တိုက်ခန်းများသို့ မေ ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရေဂါလန် ၂၄၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ခေါက်ရေလေးခေါက် လိုက်လံဖြန့်ဝေပေးလျက်ရှိသည်။

ယုဇနအိမ်ရာကော်မတီနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးဌာနတို့ပူးပေါင်းကာ ဒေသခံပြည်သူများ၏ အခက်အခဲကို အဆင်ပြေချောမွေ့စေရန် အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**




**ကော့သောင်း**

သောက်ရေခက်ခဲလျက်ရှိသည့် ကျေးရွာများသို့ မေ ၂၉ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ပရဟိတအဖွဲ့များဖြစ်သည့် ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့နှင့် Friends Donation Group (KTH)တို့ ပူးပေါင်းကာ သောက်ရေသန့်များ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့နယ် ယမုံနာကျေးရွာ၊ ရင်ကန်းချိုင်ကျေးရွာနှင့် ငါးအိမ်စုကျေးရွာရှိ ပြည်သူများသောက်သုံးရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါ ပရဟိတအဖွဲ့များစုပေါင်းကာ သောက်ရေသန့် လီတာ ၂၀ ဝင် သောက်ရေသန့် ဘူးကြီး ၁၃၀ နှင့် တစ်လီတာဝင်သောက်ရေသန့် ဘူးဒါဇင် ၂၀ တို့အား လိုက်လံဝေငှပေးအပ် လှူဒါန်းကြခြင်းဖြစ်ကြောင်းသိရရှိသည်။

**ကျော်စိုး (ကော့သောင်း)**

**ရန်ကုန်**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (ဃ) ရပ်ကွက်တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ရေသန့်တာဝန်ခံတို့ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများအစဉ်ပြေစေရေး အတွက် ရေသန့်ကားကြီးများဖြင့် သောက်သုံးရေပေးဝေခြင်း၊ ရေပိုက်လိုင်းသစ်များသွယ်တန်းခြင်းများ ဆောင်ရွက်ပေးခဲ့သဖြင့် မေ ၂၇ ရက် ညနေ ၃ နာရီတွင် ရေအခက်အခဲများ ပြေလည်မှုရရှိသွားကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**



## ပြည်ပဝါမျိုးထက် ပြည်တွင်းဝါမျိုးက ကုန်ကျစရိတ် ခုနစ်ဆခန့် သက်သာ

**စစ်ကိုင်း မေ ၂၉**
မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမတွင် မေ ၂၉ ရက် နံနက်က မျိုးသန့်မျိုးစေ့များ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ဂွမ်းမွေးနှင့်ချည်အရည် အသွေး တိုင်းတာခြင်းနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြည်ပဝါမျိုးထက် ပြည်တွင်းဝါမျိုးက ကုန်ကျစရိတ် ခုနစ်ဆခန့် သက်သာနေ သည့်အတွက် တောင်သူများအနေဖြင့် စျေးသက်သက် သာသာဖြင့် နှစ်ကြာကြာသုံးနိုင်ရန် မျိုးစေ့ထုတ်နည်းပညာ သိရှိရန်နှင့် တိကျစွာလိုက်နာကြရန် လိုအပ်ကြောင်း၊ အိန္ဒိယက Raka ၆၆၆ မျိုးစေ့ဟာ တစ်ဧကကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀ ခွဲရှိပြီး မြန်မာနိုင်ငံကဝါမျိုးစေ့က တစ်ဧက ငွေကျပ် ၅၀၀၀ လောက်သာရှိသည့်အတွက် ပြည်တွင်း မျိုးသည် ကုန်ကျစရိတ် အနေဖြင့် ခုနစ်ဆလောက်သက်သာ နေကြောင်း ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၉ မြို့နယ်တွင် ဝါသီးနှံ ကို စိုက်ပျိုးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဝါမျိုး စုံစိုက်ဧက ၈၀၀၀၀နှင့် ၁၀၀၀၀၀ကြားရှိပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဝါကြိတ်စက်ရုံ ၂၈ ခုရှိကြောင်း သိရသည်။

ဝါကြိတ်စက်ရုံများ၏ အဓိကလုပ်ငန်းသည် ထွက်လာ သည့် ဝါများကိုဝယ်ယူကြိတ်ခွဲပြီး ဂွမ်းကိုချည်စက်များသို့ ပြန်လည်ရောင်းချကာ ဝါစေ့ကိုဆီကြိတ်ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စိန်တလုံးသရက်သီး လှိုင်လှိုင်ပေါ်စအချိန်တွင် ယမန်နှစ်ထက် စျေးကောင်းရ

**မန္တလေး မေ ၂၉**
ယခုရာသီတွင်ထွက်ရှိသည့် စိန်တလုံး သရက်သီးများ သင်္ကြန်မတိုင်မီ ပေါ်ဦးပေါ်ဖျားကာလတွင် အဖွင့်စျေး ကောင်းမွန်သည့်အပြင် လက်ရှိလှိုင်လှိုင် ပေါ်ချိန်တွင် လည်း ယမန်နှစ်ထက် စျေးကောင်းရရှိနေကြောင်း မြန်မာ့ သရက်စျေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

ယခုနှစ်တွင်အဆိုပါသရက်များကို မူဆယ်စျေးကွက်သို့ သင်္ကြန်မတိုင်မီကတည်းက တင်ပို့ရောင်းချနိုင်ပြီး တစ်ဖာ လျှင် ယွမ် ၁၇၀ နှုန်းဖြင့် အဖွင့်စျေးကောင်း ရရှိခဲ့သည့် အပြင် လှိုင်လှိုင်ပေါ်စအချိန်တွင်လည်း မေ ၂၈ ရက် ပေါက်စျေးအရ အိတ်စွပ်သီးတစ်ခြင်း (သို့မဟုတ်) တစ်ဖာလျှင် ယွမ် ၁၄၀ အထိ စျေးကောင်းရနေသည်။

"မနှစ်က သင်္ကြန်အပြီးမှ စပြီးတင်ပို့ရောင်းချနိုင်ခဲ့ တယ်။ စျေးကလည်း တစ်ဖာကို ယွမ် ၁၂၀ နဲ့ ၁၃၀ အထိပဲ ရခဲ့တဲ့အပြင် ဒီလို လှိုင်လှိုင်ပေါ်ချိန်မှာ ယွမ် ၁၀၀ အောက် ကို ရောက်သွားခဲ့တယ်။ ဒီနှစ်မှာတော့ အဖွင့်စျေးရော၊ လှိုင်လှိုင်ပေါ်စအချိန်မှာရော စျေးကောင်းနေတဲ့အတွက် လာမယ့်လှိုင်လှိုင်ပေါ်ချိန်ကာလမှာ တစ်ဖာကို ယွမ် ၁၀၀ အထက် စျေးနှုန်းနဲ့ ရောင်းချနိုင်လိမ့်မယ်လို့ ခန့်မှန်းရ တယ် "ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မူဆယ်စျေးကွက်သို့ နေ့စဉ် စိန်တလုံး သရက်တန်ချိန် ၃၀ မှ ၅၀ အတွင်း နေ့စဉ်နီးပါးတင်ပို့နေ ရပြီး လက်ရှိအချိန်တွင် လေပြင်းတိုက်ကာ မိုးသီးကြွေမှု ကြောင့် သရက်သီးများကြွေကျမှုများပြားပြီး သရက်သီး အထွက်နှုန်းများလျော့ကျနေကြောင်း သိရသည်။

အထွက်နှုန်းနည်းတဲ့အတွက် စျေးကောင်းရတာပေါ့။ ပြည်ပစျေးကွက်ဝင်တဲ့အသီးက စိန်တလုံး၊ ဟသ်ာနှင့် မြ ကျောက်၊ ရင်ကွဲ၊ မယ်သီ စသည်တို့ဖြစ်ပြီးတော့ အဓိက ကတော့ တရုတ်စျေးကွက်ကို တင်ပို့ရပြီး စင်ကာပူနဲ့ရုရှား ကိုလည်း သရက်သီးအနှစ်ကဲ့သို့ အခြားသရက်သီးထွက် ကုန်အချို့တင်ပို့နေပါတယ်။ လက်ရှိတရုတ်နိုင်ငံက အရည် အသွေးကောင်းတဲ့ သရက်ကို ပိုကြိုက်တဲ့အတွက် တစ်နယ် နဲ့ တစ်နယ် သရက်သီး စိုက်တောင်သူတွေအချင်းချင်း ထုပ်ပိုးမှုစနစ်နဲ့ အိတ်စွပ်တဲ့အရောင်ကအစ တူညီနိုင် အောင် ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် စျေးကွက်မှာလည်း စျေးနှုန်း တစ်ညီတည်း ရရှိနိုင်ပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောကြားသည်။



မြန်မာနိုင်ငံတွင် လက်ရှိစာရင်းကောက်ယူမှုအရ သရက်သီးအမျိုးအစား ၁၉၀ ကျော်ရှိပြီး သရက်သီး စိုက် ဧက အများဆုံးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ရင်ကွဲသရက်မျိုးကို အများဆုံးစိုက်ပျိုးကြပြီး ဒုတိယအများ ဆုံးအဖြစ် ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးကြကာ မန္တလေးတိုင်းဒေသကြီးတွင် စိန်တလုံးသရက်၏ မူရင်း ဒေသအဖြစ် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရ သည်။

မြန်မာနိုင်ငံတွင် စိန်တလုံးသရက်သီးထွက်နှုန်းမှာ ၂၀၁၆-၂၀၁၇ ခုနှစ် နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တို့ တွင် တန်ချိန် ၇၀၀၀၀၀ ကျော်ထွက်ရှိကာ တင်ပို့နိုင်ခဲ့ ကြောင်းနှင့် အခြားသရက်သီးအထွက်နှုန်းအနေဖြင့် ယခုနှစ်အတွက် အထွက်နှုန်း ခန့်မှန်း၍ မရနိုင်သေး ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အရာထမ်းငယ်အခြေခံသင်တန်းနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းဖွင့်

**မန္တလေး မေ ၂၉**
ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အရာထမ်းငယ် အခြေခံသင်တန်း အမှတ် စဉ်(၅၉)၊ (၆၀)၊ (၆၁)နှင့်စာရေး ဝန်ထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၆၉)၊ (၇၀)၊ (၇၁)၊ (၇၂) တို့၏ သင်တန်းဖွင့်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် ရတနာ



ခန်းမ၌ ကျင်းပခဲ့ရာ ပါမောက္ခချုပ် ဦးကျော်စိုး တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြော ကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဒုတိယ ပါမောက္ခ ချုပ် ဦးဇော်ဇော်(စီမံခန့်ခွဲ မှူး)၊ ဌာနကြီးမှူး ဖြစ်ကြသော ဒေါ်ခင်စမ်းယု (ပညာရေး၊ လေ့ ကျင့်ရေး)၊ ဦးထွန်းမင်း(သုတေသနဖွံ့ဖြိုး ရေး)၊ ဦးအောင်လင်း(သင်တန်းရေး ရာ)၊ ဒေါ်မူမြင့် (စီမံဘဏ္ဍာ)၊ တွဲဖက် ပါမောက္ခများ၊ ကထိက များနှင့် ဝန်ကြီးဌာနများအောက်ရှိ အရာ ထမ်းငယ် အခြေခံသင် တန်း အမှတ်စဉ်(၅၉)၊ (၆၀)၊ (၆၁)မှ သင်တန်းသား ၂၁၆ ဦး၊ သင်တန်း သူ ၂၇၀နှင့် စာရေးဝန်ထမ်းအခြေခံ သင်တန်း အမှတ်စဉ် (၆၉)၊ (၇၀)၊ (၇၁)၊ (၇၂) တို့မှ သင်တန်းသား ၃၄၃ ဦး၊ သင်တန်းသူ ၂၂၇ ဦး စုစုပေါင်း ၁၀၅၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့် မည်ဖြစ်ကြောင်း သိရသည်။ **ချိုဝေလွင်**

## မိုင်းဖြတ်မြို့ နားအယ်-၂ ကျေးရွာအတွက် အိမ်သုံးဆိုလာ ကိုးစုံ ပေးအပ်လှူဒါန်း

**မိုင်းဖြတ် မေ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့က လှူဒါန်းသည့် နမ့်ယွန်းကျေးရွာအုပ်စု နားအယ်-၂ကျေးရွာရှိ အိမ်ထောင်စု ကိုးစုအတွက် အိမ်သုံးဆိုလာများ လွှဲပြောင်း ပေးအပ် ခြင်းကို မေ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပေးအပ်လှူဒါန်း သည့် 80-W အိမ်သုံးဆိုလာ တစ်စုံလျှင် ကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ဆိုလာကိုးစုံအတွက် ကျပ်တစ်ဆယ့်သုံးသိန်းငါးသောင်းတန်ဖိုးရှိ အိမ်သုံး ဆိုလာကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်း ကျောက်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နားအယ်-၂ ကျေးရွာ ရွာသူကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

## ငမြှောင်တောင်ပိုးအန္တရာယ်ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ အသိပညာပေး

**လှိုင်းဘွဲ့ မေ ၂၉**
ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး နည်းလမ်းများ တောင်သူပညာပေး ဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့နယ် သာယာကုန်းကျေးရွာ၌ ကျင်းပသည်။

သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ပိုးမွှား ဗေဒဌာနစု တာဝန်ခံဒေါက်တာဒေါ်ခင်မာ လာမြင့်(လက်ထောက်ညွှန်ကြားရေးမှူး) နှင့် လှိုင်းဘွဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ငမြှောင်တောင် ကင်းထောက်ခြင်းနည်းလမ်းများ၊ အဖို ဆွဲဆောင်ထောင်ချောက် အသုံးပြုပုံနှင့် ဘက်စုံကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ ကိုတာဝန်ရှိသူများက ကျေးရွာတောင်သူ များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်၊ မူးယစ်တပ်ဖွဲ့စု(၄၁)ရဲအုပ် တင်ထွန်းဦးနှင့် တာဝန်ရှိသူများ မူခင်းပညာပေးပြခန်း ယာဉ်ဖြင့် ကျောက်တန်းမြို့ စည်ပင်သာယာမြို့မစျေးရှေ့၌ မေ ၂၆ ရက်နံနက် ၉ နာရီ က မူခင်းအသိပညာပေးဟောပြောစဉ်။ **နိုးတူး(ကျောက်တန်း)**





# အက်ဖ်ဒဗလျူအေ၏ တစ်နှစ်တာအကောင်းဆုံးဆု စတာလင်နှင့် နီကီတာပါရစ်တို့ ဆွတ်ခူးရရှိ

မန်စီးတီးအသင်းရဲ့ ကစားသမားနှစ်ဦးဖြစ်တဲ့ စတာလင်နဲ့ နီကီတာပါရစ်တို့ဟာ ဘောလုံးအားကစားကလောင်ရှင်များအဖွဲ့ (အက်ဖ်ဒဗလျူအေ)က ပေးအပ်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတွေကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တောင်ပံကစားသမား စတာလင်ဟာ အခုအက်ဖ်ဒဗလျူအေရဲ့ တစ်နှစ်တာအကောင်းဆုံးအမျိုးသားဆုကို ရယူနိုင်ခဲ့တာဖြစ်ပြီး ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက်လည်း မဲပေးမှုအရေအတွက် ၆၂ ရာခိုင်နှုန်းအထိ ရှိထားခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းနောက်တန်းကစားသမား ဗန်ဒိုက်ကတော့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုအတွက် ဒုတိယနေရာက လိုက်နေတာဖြစ်ပါတယ်။

မန်စီးတီးအမျိုးသမီးအသင်းရဲ့အသက် ၂၅ နှစ်အရွယ် ပါရစ်ကတော့ အာဆင်နယ်အမျိုးသမီးအသင်းက မီဒီမာကို ကျော်ဖြတ်ပြီး အက်ဖ်ဒဗလျူအေတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ပါရစ်ဟာ မန်စီးတီးအမျိုးသမီးအသင်းကို အမျိုးသမီးအက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်ရဲ့ အောင်မြင်မှုအရှိဆုံးကစားသမားအဖြစ်လည်း ရပ်တည်နေတာဖြစ်ပါတယ်။

အက်ဖ်ဒဗလျူအေတစ်နှစ်တာအကောင်းဆုံးဆုအတွက် အဖွဲ့ဝင် ၄၀၀ ကျော်မဲပေးရွေးချယ်ခဲ့ရာမှာ တောင်ပံကစားသမား စတာလင်က ဗန်ဒိုက်ကို မဲအရေအတွက် ၁၀၀ ကျော်အသာစီးရကာ အကောင်းဆုံးဆုကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ပါရစ်ကတော့ မန်စီးတီးအသင်းကို ၂၀၁၅ ခုနှစ်က အဲဗာတန်အသင်းက ရောက်ရှိလာခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ အသင်းအတွက် လိဂ်သွင်းဂိုး ၁၉ ဂိုးနဲ့ ဂိုးဖန်တီးမှု ခုနစ်ကြိမ်အထိပြုလုပ်နိုင်ခဲ့တာဖြစ်ကာ မန်စီးတီးအသင်းကိုလည်း အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲမှာ ဒုတိယနေရာရောက်ရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဒီဂီယာနေရာအစားထိုးဖို့ ဂျန်အောဘလက်ကို ယူရိုသန်း ၁၂၀ နဲ့ မန်ယူအသင်း ကမ်းလှမ်း

မန်ယူအသင်းဟာ ဂိုးသမားဒီဂီယာရဲ့နေရာမှာ အစားထိုးဖို့ အက်သလက်တီကိုမက်ဒရစ်အသင်းဂိုးသမား ဂျန်အောဘလက်ကို ခေါ်ယူဖို့ချဉ်းကပ်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမားဖြစ်တဲ့ ဒီဂီယာဟာ စာချုပ်သက်တမ်းကျန်ရှိနေသေးပေမယ့် အသင်းပြောင်းရွှေ့ခဲ့မယ်ဆိုရင် အရန်သင့်အစားထိုးနိုင်ဖို့အတွက် ဂျန်အောဘလက်အား ပစ်မှတ်ထားနေတာဖြစ်ပြီး လက်ရှိမှာ ဂျန်အောဘလက်အား ယူရိုသန်း ၁၂၀(ပေါင် ၁၀၄ သန်း/အမေရိကန်ဒေါ်လာ ၁၃၄ သန်း)နဲ့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

## ပရီမီယာလိဂ်သို့ ကာဗာနီ ပြောင်းရွှေ့ကစားဖွယ်ရှိ

တိုက်စစ်မှူး ကာဗာနီဟာ ပီအက်စ်ဂျီ အသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားဖို့ရှိနေတယ်လို့ သိရပါတယ်။

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီအား အီတလီစီးရီးအေကလပ်အသင်းတွေက ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်ထားပေမယ့် အီတလီစီးရီးအေကို ပြောင်းရွှေ့ကစားဖို့ထက် အင်္ဂလန်ပရီမီယာလိဂ်ကိုသာ ပြောင်းရွှေ့ကစားဖို့ စိတ်အားထက်သန်နေတာဖြစ်ပါတယ်။

## ပဲလေ့က ဇာဟာအား ရောင်းချမည်မဟုတ်ဟုဆို

တောင်ပံကစားသမား ဇာဟာအား စပါးအသင်း၊ မန်ယူအသင်းနှင့် ဒေါ့မွန်အသင်းတို့က ခေါ်ယူဖို့ပစ်မှတ်ထားနေပေမယ့် ခရစ္စတယ်ပဲလေ့အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကတော့ အသင်းမှာ ဆက်ရှိနေဖို့ ထိန်းသိမ်းသွားမယ်လို့ ဆိုပါတယ်။

ခရစ္စတယ်ပဲလေ့အသင်းက အသင်းအတွက် အားထားရတဲ့ ဇာဟာအား အခြားကလပ်အသင်းကို ရောင်းချမှာမဟုတ်ဘဲ အခုနှစ်ဘောလုံးရာသီကုန်ပြီး နောက်ရာသီမစတင်မီ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားမယ်လို့လည်း နည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့ပါတယ်။

## ဂိုးသမားဂျိုးဟက် ဘန်လေအသင်းမှ ထွက်ခွာမည်

အင်္ဂလန်ဂိုးသမားဟောင်း ဂျိုးဟက်ဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘန်လေအသင်းကနေ ထွက်ခွာမှာဖြစ်ပြီး ပြင်သစ်ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။


အသက် ၃၂ နှစ်အရွယ်ရှိ ဂိုးသမားဂျိုးဟက်ဟာ ဘန်လေအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရတာကြောင့် အခြားလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။ ဂျိုးဟက်သည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ အီတလီစီးရီးအေကလပ် တိုရီနိုအသင်းမှာ တစ်ရာသီအငှားသွားရောက်ကစားခဲ့သူဖြစ်ပြီး တိုရီနိုအသင်းနဲ့အတူ အောင်မြင်မှုရရှိခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။

# အနုပညာ

## ကမ္ဘာတစ်ဝန်းရုံတင်ပြသရာမှာ စံချိန်သစ်တင်ခဲ့တဲ့ Avengers: Endgame

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ “Avengers” ရုပ်ရှင်တွေရဲ့ရုပ်ရှင်သစ် “Avengers: Endgame” ကိုလတ်တလောမှာ ကမ္ဘာတစ်ဝန်းမှာ ရုံတင်ပြသခဲ့ပါတယ်။ ဒီလိုစတင်ပြသခဲ့ရာမှာတော့ ဝင်ငွေအရအောင်မြင်ခဲ့ပြီး အချို့သောနိုင်ငံတွေမှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Avengers: Endgame” ဟာ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့နောက်ဆုံးသောရုပ်ရှင်လည်း ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်ဟာ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာ စတင်ရုံတင်ခဲ့ရာမှာတော့ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၉ သန်း ရရှိခဲ့ပါတယ်။ ဒီဝင်ငွေဟာ အာရှ အထူးသဖြင့် တရုတ်နဲ့ ဩစတြေးလျအစရှိတဲ့ဈေးကွက် ၂၅ ခုမှရရှိတဲ့ စုစုပေါင်းဝင်ငွေ ဖြစ်ပါတယ်။ ဒ့ါအပြင် ရုပ်ရှင်သစ်ဟာ တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အခြားသောနိုင်ငံတွေမှာတစ်ရက်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် စံချိန်တင်ခဲ့တယ်လို့လည်း သိရပါတယ်။



ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှ တနင်္ဂနွေနေ့အထိ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရရှိခဲ့တယ်လို့လည်း သိရပါတယ်။ အဆိုပါ လူစွမ်းကောင်းရုပ်ရှင်ဟာ နိုင်ငံဒါဇင်ပေါင်းများစွာမှာလည်း အဖွင့်သီတင်းပတ်မှာ ဝင်ငွေအရ စံချိန်တင်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒစ်စနေရဲ့ ခန့်မှန်းချက်အရ “Avengers: Endgame” ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှ တနင်္ဂနွေနေ့အထိ အမေရိကန်နဲ့ ကနေဒါမှာ ရုံတင်ပြသခဲ့ရာမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ခန့်ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

“Avengers: Endgame” ဟာ တရုတ်နိုင်ငံမှ အံ့အားသင့်ဖွယ်ဝင်ငွေ ရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ စတင်ပြသသည်မှ လက်ရှိအချိန်အထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၅ သန်း ရရှိခဲ့တယ်လို့သိရပါတယ်။ ပြင်သစ်နိုင်ငံမှာတော့ မာဘယ်လ်ကထုတ်လုပ်တဲ့ ရုပ်ရှင်တွေအနက် ပထမဆုံးနေ့မှာ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်အဖြစ် စံချိန်တင်ခဲ့ပြီး နယ်သာလန်၊ ဂရိနဲ့အီဂျစ်မှာတော့ ဝင်ငွေ အကောင်းဆုံး ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## စစ်မှုထမ်းဆောင်မှုအပြီး ဇာတ်လမ်းတွဲသစ် ရိုက်ကူးသွားမယ့် ဂျီချန်ဝတ်ခ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျီချန်ဝတ်ခ်ဟာ မကြာသေးမီက စစ်မှုထမ်းရက်တွေ ပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ပြီးနောက်မှာတော့ သူဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီချန်ဝတ်ခ်ဟာ ပြီးခဲ့တဲ့ ဧပြီ ၂၇ ရက်မှာ စစ်မှုထမ်းဆောင်မှုပြီးဆုံးခဲ့တာဖြစ်ပါတယ်။ အောင်မြင်စွာ စစ်မှုထမ်းဆောင်ခဲ့ပြီးနောက်မှာတော့ မင်းသားဟာ ရုပ်သံဇာတ်လမ်းတွဲသစ်ကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း တရားဝင်အသိပေးလာတာ ဖြစ်ပါတယ်။ ဂျီချန်ဝတ်ခ်ပါဝင်သွားမယ့် ဇာတ်လမ်းတွဲကတော့ “Pleace Melt Me” လို့ အမည်ရတယ်လို့လည်း သိရပါတယ်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲမှာ ဂျီချန်ဝတ်ခ်ဟာ စမ်းသပ်မှုတစ်ခုကြောင့် နှစ်ပေါင်း ၂၀ အကြာမှ ပြန်လည်နိုးထလာသူအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ “Pleace Melt Me” ကိုတော့ လာမယ့်စက်တင်ဘာလအတွင်း စတင်ပြသသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## မြန်မာကျောင်းသားများအား တရုတ်တက္ကသိုလ်ရှစ်ခုမှလာရောက် မိတ်ဆက်

**ရန်ကုန် ဧပြီ ၂၉**

မြန်မာကျောင်းသား ကျောင်းသူများ တရုတ်နိုင်ငံရှိ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ လာရောက်တက်ရောက်နိုင်မည့်ပညာရေးအခွင့်အလမ်း မိတ်ဆက်ပြပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက တော်ဝင်စင်တာ၌ ကျင်းပသည်။

အဆိုပါ ပညာရေးမိတ်ဆက်ပွဲကို ဖူးချင့်ကွန်ဖြူးရှပ်စင်တာ၊ ရန်ကုန် နိုဘယ်ဘာသာစကားစင်တာ၊ ကွန်ရက်ပေါက်ဖော်အဖွဲ့နှင့် ရှန်ဟိုင်းနိုင်ငံတကာဘာသာစကားစင်တာတို့ကကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် တရုတ်နိုင်ငံအဆင့်မြင့်ပညာရေး မိတ်ဆက်ပွဲကို ကျင်းပခြင်းဖြစ်သည်။

"ကျွန်မတို့ ဒီပညာရေးမိတ်ဆက်ပွဲကတော့ မြန်မာကျောင်းသား ကျောင်းသူတွေ တရုတ်နိုင်ငံကအဆင့်မြင့်ပညာရေးကျောင်းတွေမှာ လာရောက်ပညာသင်ကြားနိုင်ဖို့ ဖြစ်ပါတယ်။ ဒီလိုပွဲကို မန္တလေးမှာ လေးကြိမ်ပြုလုပ်ခဲ့ပြီး ရန်ကုန်မှာတော့ ဒုတိယအကြိမ်ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ နည်းပညာနဲ့ စီးပွားရေးဆိုင်ရာ တက္ကသိုလ်တွေပါ။ စုစုပေါင်းတက္ကသိုလ် ရှစ်ခုပါဝင်ပါတယ်။ ဒီတက္ကသိုလ်တွေက မြန်မာကျောင်းသား ကျောင်းသူတွေ သင်ယူနိုင်အောင် ပညာသင်ဆုတွေပေးဖို့လည်း စီစဉ်ဆောင်ရွက်ထားတာဖြစ်လို့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အခွင့်အလမ်းကို အမိအရအသုံးချနိုင်ဖို့လိုအပ်ပါတယ်"ဟု ရန်ကုန်နိုဘယ်ဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ် မစ်လီမော့ယောင်ကပြောသည်။

အဆိုပါတက္ကသိုလ်များမှာ အီလက်ထရွန်နစ်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်၊ ရှန်ဟိုင်းနည်းပညာတက္ကသိုလ်၊ ဟန်ကျိုးတက္ကသိုလ် (SIAS နိုင်ငံတကာကောလိပ်)၊ ရှန်ဟိုင်းနိုင်ငံတကာ စီးပွားရေးတက္ကသိုလ်၊ ဟူပေတက္ကသိုလ်၊ တရုတ်နိုင်ငံ ဘူမိဗေဒတက္ကသိုလ်၊ တုန်းဟွာတက္ကသိုလ်နှင့် ကျဲကျန်းစက်မှုနှင့်ကုန်သွယ်ရေးတက္ကသိုလ်တို့ဖြစ်ကြသည်။

အဆိုပါကျောင်းများအနက် အီလက်ထရွန်နစ်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်သည် ၁၉၅၆ ခုနှစ်တွင် တည်ထောင်ပြီး ဆရာ ဆရာမ ၃၂၀၀၊ ကျောင်းသား ကျောင်းသူ ၃၅၀၀၀ ရှိပြီး နိုင်ငံခြားသားပညာသင် ၁၀၀၀ ကျော်ရှိကြောင်း၊ ရှန်ဟိုင်းနည်းပညာတက္ကသိုလ်သည်လည်း ဆရာ ဆရာမ ၁၆၀၀ ကျော် ရှိပြီး ကျောင်းသား ကျောင်းသူ ၁၈၀၀၀ ကျော် ရှိကြောင်း၊ SIAS ကောလိပ်မှာ တရုတ် - အမေရိကန်ဖက်စပ်ကျောင်းဖြစ်ပြီး ဆရာ ဆရာမ ၁၇၀၀ နှင့် ကျောင်းသား ကျောင်းသူ ၃၀၀၀၀ ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။

မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တရုတ်နိုင်ငံတက္ကသိုလ်များသို့ တက်ရောက် ပညာသင်ကြားလိုပါက ရှန်ဟိုင်းနည်းပညာတက္ကသိုလ် ဝက်ဘ်ဆိုက် http://www.study-shanghai.org အီးမေးလ် inter@sit.edu.cn;lazydog0916@163.com နှင့် ဟန်ကျိုးတက္ကသိုလ် အီးမေးလ် isosias@163.comတို့ဖြစ်ပြီး ရန်ကုန်နိုဘယ်ဘာသာစကားစင်တာ အီးမေးလ် noblephoebe007@gmail.comနှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**မြင့်မောင်စိုး**







## ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ(၂၀၁၉) မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဧပြီ ၂၉**

ထိုင်းနိုင်ငံသံရုံး၏ ကူညီပံ့ပိုးမှု၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း(မြန်မာ)၏အားပေးကူညီမှုဖြင့် ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်းကဦးစီး၍ ပထမအကြိမ် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ(၂၀၁၉)ကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့ပတ်လမ်းရှိ ရွှေပြည်သာဟိုတယ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပထမအကြိမ် ထိုင်းတက္ကသိုလ်များ ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိပ်တန်းတက္ကသိုလ် ၂၀ တို့မှလာရောက်၍ တက္ကသိုလ်များတွင် နိုင်ငံတကာအဆင့်မီသင်ကြားသင်ယူမှုများ၊ တက်ရောက်လိုသောတက္ကသိုလ်များကိုရွေးချယ်၍ ပညာသင်ယူလိုသည့် Programများ၊ ပညာသင်ဆုအကြောင်းအရာများကို ထိုင်းတက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများ ကိုယ်တိုင်ရှင်းလင်း ပြောကြားပေးသည်။

ပထမအကြိမ် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲသည် မန္တလေးမြို့ရှိ အခြေခံပညာ အထက်တန်းအောင် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်များမှဘွဲ့ရပြီး ဘွဲ့လွန်သင်တန်းများ တက်ရောက်လိုသူများအတွက် အခွင့်လမ်းကောင်းတစ်ခုဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲရှင်းလင်းဆွေးနွေး

**ဝိုင်းမော် ဧပြီ ၂၉**

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့၌ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းဆွေးနွေးခြင်းကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီခွဲက ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားအစည်းဝေးခန်းမ၌ကျင်းပသည်။

အဖွဲ့ခွဲတာဝန်ခံ ဒေါ်ဒွဲဘူက တရာဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(နေပြည်တော်)၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ကချင်ပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်နှင့်ဆောင်ရွက်ချက်များကို အဖွဲ့ခွဲခေါင်းဆောင် ဒေါ်မေရီမီနန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကချင်ပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ ရုံးလုပ်ငန်းများကို အဖွဲ့ဝင် ပြည်နယ်ဦးစီးမှူး ဦးတူးမော်နှင့် ပြည်နယ်ဥပဒေအရာရှိ ဒေါ်သင်းသင်းဝင်းတို့က ရှင်းလင်းပြောကြားပြီး မြစ်ကြီးနား တရားဥပဒေစင်တာမှ တာဝန်ရှိသူတစ်ဦးက ယင်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သန်လျင်၌ တရားဥပဒေစိုးမိုးရေး အခြေခံသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တရားဥပဒေစိုးမိုးရေး အခြေခံသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် (THIDA WIN Law Firm) မှ တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာဝင်းက တရားဥပဒေစိုးမိုးရေး အခြေခံ သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြော ကြားပြီး သင်တန်းဆရာ ဆရာမများက တရားဥပဒေစိုးမိုးရေး အခြေခံဘာသာရပ် များကို သင်ကြားပေးလျက်ရှိကာ တရား ဥပဒေ စိတ်ဝင်စားသူ သင်တန်းသား သင်တန်းသူ ၂၂ ဦးတက်ရောက်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## မန္တလေးမြို့တွင် ဂေါက်သီးစည်းမျဉ်းသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၂၉**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019 ) မန္တလေးသင်တန်းကို ၂၀၁၉ခုနှစ် မေ ၁၉ ရက်တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဂေါက်သီးအားကစားနည်းအပေါ် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုသူများသည် မေ ၁၂ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းနံပါတ် ၀၉- ၅၁၉၃၄၂၃နှင့် ဦးဝင်းဇော် ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ဂေါက်သီးစည်းမျဉ်းသင်တန်း (R&A Level-1 Rules Seminar 2019) ကို ဧပြီ ၂၂ ရက်က ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့၌ ထပ်မံဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

**ဖိုးသော်ဇင်**

## ဂန့်ဂေါ၌ စာပေဟောပြောပွဲကျင်းပ

**ဂန့်ဂေါ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းရွာ မဟာသုနန္ဒာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဧပြီ၂၈ ရက် ည ၇နာရီတွင် စာပေဟောပြောပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာသုနန္ဒာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးကောဝိဒက အဖွင့်အမှာစကားပြောကြားပြီး နာယကဆရာတော် ဦးသောဘနက မုဒိတာစကားပြောကြားခဲ့ပြီး စာရေးဆရာ သရက်တန်းစိုးရွှေက "တိုးတက်သော လူငယ်အဖြစ်မှ တိုးတက်သောဘဝပိုင်ရှင်များ ဆီသို့" ခေါင်းစဉ်ဖြင့် ဟောခဲ့ကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**



## ငမြောင်တောင်ပိုးဖျက်ဆီးမှုကြောင့် ဆီဆိုင်မြို့နယ်တွင် ပြောင်းစိုက်ခင်းဧက ၁၅၀ ခန့် ပျက်စီး

**ဆီဆိုင် ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်အယ်ကျေးရွာနှင့် ထီဖူးကျေးရွာတို့မှ ပြောင်းသီးနှံစိုက်ခင်းအချို့တွင် ဧပြီ ၂၇ ရက်က ငမြောင်တောင်ပိုးများကျရောက်ဖျက်ဆီးမှုကြောင့် ပြောင်းစိုက်ခင်းဧက ၁၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ငမြောင်တောင်ပိုးကျရောက်ရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းပြီး ငမြောင်တောင်ပိုးကာကွယ်နည်းနှင့် သဘာဝပိုးသတ်ဆေး အသုံးပြုနည်းလမ်းတို့ကို ရှင်းပြခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေး မတတ်နိုင်သည့် တောင်သူများကို စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတို့က အာမခံအရစ်ကျစနစ်နှင့် ပေးဝေမည်ဖြစ်ကြောင်း နောင်ကျောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်ကျော်နိုင်ထံမှ သိရသည်။ **ခွန်ရဲထွေး**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မီးဘေးသင့်ပြည်သူများအား ငွေနှင့်ပစ္စည်းများထောက်ပံ့

**မန္တလေး မေ ၂၉**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ချမ်းမြသာစည်မြို့နယ်အတွင်း မေ ၂၇ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအား ငွေနှင့်အရေးပေါ်လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ် အကွက် ၈၅၃ စီပါဒမ္မာရုံ ယာယီမီးဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မီးဘေးသင့် အိမ်ထောင်စု ၅၃ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၃၀၀၀၀၊ သောက်ရေသန့်ဘူး များ၊ Family Kit ၅၃ စုံကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ခြေ ၃၂ လုံးအတွက် ငွေကျပ်သိန်း ၄၀ ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ မီးဘေးသင့်ပြည်သူ ၂၃၉ ဦး အတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၁၉၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး ၅၃ ပုံးကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်တို့က ပေးအပ်ပြီး မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ချမ်းမြသာစည်မြို့နယ် အကွက် ၈၅၃ မီးဘေးသင့် ပြည်သူများအား ချမ်းမြသာစည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့တော်စည်ပင်သာယာနှင့် လူမှုရေးအသင်းအဖွဲ့များက ငွေနှင့်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**





# ဖဒိုမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းဈေးဖွင့်ပွဲ ကျင်းပ

**ဖဒို မေ ၂၉**
ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖဒိုမြို့ဗိုလ်ချုပ်အောင်ဆန်းဈေးဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဖဒိုမြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်ကြီးကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ သယံဇာတ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

ဈေးသစ်ကြီးအတွင်း ၁၀ ပေပတ်လည်ဆိုင်ခန်းပေါင်း ၄၀၀ နှင့် ရှစ်ပေပတ်လည် ဆိုင်ခန်းပေါင်း ၁၂၀၊ စားသောက်ဆိုင်ခန်း ၁၆ ခန်းပါဝင်ပြီး ဈေးအင်္ဂါရပ်နှင့်အညီ ကုန်စိမ်း၊ ကုန်ခြောက်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးများ စုံစုံလင်လင်ရောင်းချနိုင်ရေးအတွက် ဈေးရုံကြီးများ၊ ကုန်စိမ်းတန်း၊ သားငါးတန်း၊ ပုံကျတန်း၊ စားသောက်ဆိုင်ခန်းများ ခွဲခြားထားရှိပြီး လျှပ်စစ်မီးစနစ်တကျသွယ်တန်းထားရှိမှု၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့်ညီညွတ်သော မိလ္လာစနစ်ဆောင်ရွက်ထားရှိ၊ မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားမှု၊ ယာဉ်ရပ်နားရန်နေရာများ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သထုံမြို့၌ ရေသယံဇာတကာကွယ်ထိန်းသိမ်းရေး အသိပညာပေး သင်တန်းဖွင့်

**သထုံ မေ ၂၉**
မွန်ပြည်နယ် သထုံမြို့ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၌ မေ ၂၉ ရက် နံနက်ပိုင်းက ရေသယံဇာတကာကွယ်ထိန်းသိမ်းရေးအသိပညာပေးသင်တန်း အမှတ်စဉ် (၅/၂၀၁၉) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

မွန်ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးထွန်းဒွေးက ငါးလုပ်ငန်းနှင့်ဆက်စပ်နေသောအသင်းအဖွဲ့များ၊ သယံဇာတထိန်းသိမ်းရာတွင် ကွင်းဆင်းဆောင်ရွက်နေသော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အနာဂတ်ကျောင်းသားလူငယ်များကို ဆက်လက် အသိပညာပေးရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သယံဇာတထိန်းသိမ်းစောင့်ရှောက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၊ တစ်ဦးတစ်ယောက်ဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်သကဲ့သို့ ယခုတက်ရောက်သင်ကြားသူများအားလုံးက ဆင့်ပွားအသိပညာပေး၍ စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၉ ရက်မှ မေ ၁ ရက်အထိ ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများက ရေသယံဇာတထိန်းသိမ်းရေးအသိပညာများကို သင်တန်းသား သင်တန်းသူ ၃၂ ဦးအား နေထိုင်၊ စားသောက်၊ စားရိတ်ငြိမ်း(အခမဲ့)ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဟားခါးမြို့၌ကျင်းပ



**ဟားခါး မေ ၂၉**
ချင်းပြည်နယ်၏ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဦးစီးဌာနနှင့် ချင်းပြည်နယ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ချင်းပြည်နယ်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် စီမံကိန်းဦးစီးမှူးရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအောင်ဖြိုးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆွေးနွေးအကြံပေးကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူ ITC မှ Dr.Nicole Hausler (အကြီးတန်းအကြံပေး)၊ Daw Winnie တို့နှင့် တက်ရောက်လာကြသူများက ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ချင်းပြည်နယ်အတွင်း ဟိုတယ်လိုင်စင်ရယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအပါအဝင် ခရီးသွားလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး ဆက်စပ်လုပ်ငန်းများနှင့်ပတ်သက်၍ ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# မြောက်ဦးမြို့နယ်၌ ကလေးကျောင်းပျော်စီမံကိန်း ( CFS) မြို့နယ်ဆင့်ပွားသင်တန်းဖွင့်

**မြောက်ဦး မေ ၂၉**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အခြေခံပညာအထက်တန်း(ခွဲ)အ-လ-က(၁)၌ ကလေးများကျောင်းပျော်စီမံကိန်း (CFS) မြို့နယ်ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၇ နာရီတွင် အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကလေးများကျောင်းပျော်စီမံကိန်း (CFS) သင်တန်းသည် ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်းကာဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူ ကလေးငယ်လေးများကို ကျောင်းနေပျော်ပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်နှင့် ဆရာ ဆရာမများ၏ သင်ကြားပြသမှုစွမ်းဆောင်ရည် မြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။

ကလေးများကျောင်းပျော်စီမံကိန်း (CFS) သင်တန်းကို သင်တန်းနည်းပြဆရာ ၁၉ ဦးက သင်ကြားပြသပို့ချပေးမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူဆရာ ဆရာမစုစုပေါင်း ၂၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၁ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးလွင်
## အသက်(၉၁)နှစ်
## စီမံကိန်းဒါရိုက်တာ(ငြိမ်း)
## သန့်လျှင်တံတားတည်ဆောက်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့နေ (ဦးပွ-ဒေါ်ကျင်မွှား)တို့၏သား (ဒေါ်အုန်းရင်)၊ (ဒေါ်သန်း)၊ (ဦးမင်းအောင်-ဒေါ်ကြွေကြွေသိန်း)၊ (ဒေါ်နီ)တို့၏မောင်/ညီ၊ ဦးမြင့်သိန်း-ဒေါ်ခင်အေးမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့ အမှတ်(၃၃)၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၁)၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်မြမြဝင်း-ROMA)၏ခင်ပွန်း၊ ဦးဉာဏ်လွင်-ဒေါ်နှင်းမြတ်လှိုင်၊ ဦးကျော်စိုး(ညွှန်ကြားရေးမှူး)(လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်တင်အေးလွင်(ခ)မချိုတို့၏ဖခင်၊ မောင်ပြည်ကျော်၊ မရတနာဝင်း၊ မမြတ်သီရိလွင်တို့၏ဘိုးဘိုးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[အောင်သိဒ္ဓိရိပ်သာ(၁)လမ်း၊ အိမ်အမှတ်(၃၃) နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်
## အသက်(၈၆)နှစ်

ဒေါ်ဝင်းကြည်ဌေး(Deputy Chief Accountant), Finance Department, Asia Royal Hospital ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်ကြည်သည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
အာရှတော်ဝင်ဆေးရုံ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်
## အသက်(၈၆)နှစ်

ဒေါ်ဝင်းကြည်ဌေး(Deputy Chief Accountant), Finance Department, Asia Royal Hospital ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်ကြည်သည် ၂၆-၄-၂၀၁၉ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဘဏ္ဍာရေးဌာန
အာရှတော်ဝင်ဆေးရုံ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း
### အသက်(၇၃)နှစ်
### အဆောက်အဦ အထူးအဖွဲ့-၂ (ငြိမ်း)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၅၅၆)၊ ဇေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်နေ (ဦးဘအောင်-ဒေါ်အုန်းညွန့်)တို့၏စတုတ္ထမြောက်သား၊ (ဦးဘုန်းခင်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဒေါ်စန်းစန်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဘုန်းမင်း-မညိုဝါဦး၊ မောင်လှိုင်ဘုန်းမင်း-မလှသီင်္ဂီ၊ (မောင်သိန်းဝင်း)၊ မသက်သက်နွယ်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မျိုးဦးကျော်၊ မကေထူးစံတို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်နု (ကြို့ပင်ကောက်)
### (ကုန်သွယ်ရေး)
### အသက်(၈၀)

ရန်ကုန်မြို့ အမှတ်(၆၆)၊ ဒုထပ်၊ (၃၁)လမ်းနေ (ဦးအေး-ဒေါ်ဒီ)တို့၏ သား၊ ဒေါ်မြမြရည် (ဒု-ညွှန်မှူး-ငြိမ်း၊ အုပ်ချုပ်မှုဌာနဆောက်လုပ်ရေး)၏ ခင်ပွန်း၊ ဦးစိုးဦး-ဒေါ်သန်းသန်းယဉ်၊ ဦးမျိုးမင်းဇော်-ဒေါ်တင်တင်ချို၊ ဦးသူရအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးခင်နုသည် ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
### ဒု-ဥက္ကဋ္ဌ (၃)
## ဦးသိန်းအောင် (၇၅)နှစ်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ အမှတ် (၁၅၆)နေ ဒေါ်မိမိခိုင်၏ခင်ပွန်း ဦးသိန်းအောင်သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

### ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်အေးမော်(ပြည်)
### အသက် (၆၂) နှစ်

ပြည်မြို့ စစ်ကဲလမ်းနေ (ဦးမောင်မောင်လေး-ဒေါ်လှလှ)တို့၏ သမီး၊ ဒလမြို့နေ (ဦးစိုးအောင်-ဒေါ်ခင်အေး)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်း-ဒေါ်ခင်လေးနွယ်၊ (ဦးထွန်းသွင်)-ဒေါ်မြင့်မြင့်အေး၊ (ဦးခင်မောင်ဇော်)-ဒေါ်ပြုံးပြုံး၊ ဦးခင်မောင်ဝင်း-ဒေါ်ယုယုဝင်း၊ ဒေါက်တာနိုင်နိုင်မော် (ပါမောက္ခ၊ ဌာနမှူး၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)တို့၏ အစ်မ/ညီမ၊ ဦးခင်လှိုင်ဦး၏ဇနီး၊ ဒေါ်မေမုတ်သုန်ဦး(မူပြ၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း)၏မိခင်၊ တူ/တူမ ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ အဘွား ဒေါ်ခင်အေးမော်သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ပြည်ဆောင်တို့မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၃-၂၀၁၉ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ပါမစ်အမည်ပေါက်ဦးသိန်းမောင်အစားဦးသန်းမောင်ဟုပြင်ဆင်ဖတ်ရှုပါရန်။

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး
## ဒေါ်သွင် (Molly Tim Htay)
### ဝက်ကိုက်၊ ကွမ်းခြံကုန်း
### အသက် (၇၄) နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပုလဲကွန်ဒို၊ တိုက်(B)၊ အခန်း(၁၂၀၇)နေ (ဦးမြ-ဒေါ်သိန်းရှင်)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးအောင်ရှိန်-ဒေါ်စိန်မေ)တို့၏ သမီးချွေးမ၊ (ဦးတင်လှ)၏ဇနီး၊ ဒေါ်မာလာသီ (ငွေစင်ကြယ်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်စပါယ်(New Prize Travel &Tour)၊ ဦးမောင်မောင်ညွန့်ဝင်း-Kim Sun Ok (စကားဝါစတိုး-Korea)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ Kim Su Yeon (ခ) စကားဝါဝင်း၊ Kim Su Min တို့၏အဘွားသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဟောက်ခင်းခမ် (Pu Hau Khen Kham)
### အသက် (၇၂) နှစ်
### ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ(ဟောင်း)၊ (၂၀၁၁-၂၀၁၆)

ချင်းပြည်နယ်၊ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၊ အမှတ် (ဈသ/၁၂၀၀)နေ ဒေါ်ကျင်းငိုက်ဝုန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတွာလ်လမ်းကျင့်(မဟာဝိဇ္ဇာတန်း၊ ကလေးတက္ကသိုလ်)-ဒေါ်ခွေရှင်းကျိုန်(ထက်ပြ၊ အထက-၁၊ တီးတိန်)၊ ဦးထန်ကိပ်စိန် (ဒါရိုက်တာ၊ ဇိုလင်းကုမ္ပဏီ၊ ဟားခါး)-ဒေါ်နိန်လမ့်လိန်း (မူပြ၊ အမက-ဆက်ပီး)၊ မဇမ်းတွဲလျှန်း(သူနာပြု၊ ဟားခါးပြည်သူ့ဆေးရုံကြီး)၊ မကျိုန်လိုမ်နွမ်း (ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါး)၊ မညောင်ဟောက်ကိမ် (ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဟားခါး)၊ မောင်ပေါင်ဆူမ်ခိုင် (ဒသမတန်း၊ ACYS-Falam)တို့၏မွေးသဖခင် ဦးဟောက်ခင်းခမ်သည် ၂၇-၄-၂၀၁၉ ရက် ည ၁၁ နာရီတွင် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ဟားခါး၊ အမှတ်(၂) သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာလှဌေး
### အသက် (၅၄) နှစ်
### တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ကလေးတက္ကသိုလ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်(၃၆-A)၊ မြေညီထပ်၊ ရေတာရှည်လမ်းသစ်နေ ဦးကျော်ရင်-ဒေါ်သန်းစိန်တို့၏ သားကြီး၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ တောင်ပိုင်းလမ်း၊ အမှတ်(၆၅)နေ (ဦးမောင်ရှန်)-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ ဒေါ်သက်သက်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ မရွှေရည်ရွှန်းလှ၊ မောင်ထက်အောင်ခန့်၊ မောင်အုပ်စိုးခန့်(G-VII, TTC)တို့၏ဖခင်ကြီး၊ ကိုကျော်နိုင်ဦး-မနီလာဝေ၊ ကိုသိန်းနိုင်ဦး-မရီရီချို၊ မသီတာစိုး၊ ကိုချမ်းငြိမ်း-မခင်ပပစိုးတို့၏ အစ်ကိုကြီး၊ တူ/တူမ ခြောက်ယောက်၊ မြေးတစ်ယောက်တို့၏ ဘကြီးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဌေးအောင် (ခ) ဦးကာလျှောင်း
### မန်းသစ္စာအဆင့်မြင့်ခရီးသယ်ယူပို့ဆောင်ရေး
### အသက် (၆၆) နှစ်

ရန်ကုန်မြို့နေ [ဦးဟင်းငါး(ခြသေ့်မင်းဆီစက်)-ဒေါ်ကျင်လွမ်]တို့၏ ပဉ္စမမြောက်သား၊ ဖျာပုံမြို့နေ (ဦးဘန်စိန်-ဒေါ်ခွေး)တို့၏သားသမက်၊ ရန်ကုန်မြို့ အမှတ်(၁၇၈)၊ ပန်းပိတောက်လမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ အပိုင်း(၃)၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ရွှယုံ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်အောင်၊ ဒေါ်ခင်ဖြူဖြူအောင်-ဦးချမ်းမြေ့၊ ဒေါ်သင်းသင်းအောင်-ဦးအောင်ဝင်းထက်၊ ဦးအောင်ရန်ငြိမ်းတို့၏ဖခင်၊ မောင်ကောင်းမြတ်ကျော်၊ မဆုနှင်းလဲ့ရည်၊ Lucas Chan၊ Jaiden Aung Xu၊ Henry Aung Xu၊ Florence Aung Xu တို့၏အဘိုး ဦးဌေးအောင်(ခ)ဦးကာလျှောင်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ဖူကျန့်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းကြည်
### အထက(၄)၊ ပုဇွန်တောင်၊ အထက်တန်းပြ(ငြိမ်း)
### အသက် (၇၀)

ဒေးဒရဲမြို့နေ (ဦးဆင့်-ဒေါ်ကလေးမ)တို့၏သမီးကြီး၊ ဦးထွန်းခင်၏ဇနီး၊ (ကိုစံလင်း)၊ ကိုအောင်ဖြိုးသော်-မဝင်းဝင်းထွေး၊ မခင်ခင်ထွေးတို့၏မိခင်၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း(အလယ်)၊ မြေညီထပ်၊ အခန်း(၅)၊ အမှတ်(၁၃၄)နေ ဒေါ်ဝင်းကြည်သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်သိန်း
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန
### အသက် (၈၀)

ဦးခင်သိန်း[ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန]သည် ၂၈-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှစိန်(ခ)လင်ခိုင်ခေး
### အသက်(၈၆)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ်(၁၃၈)၊ (ပထမထပ်)နေ MADP Co., Ltd. အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်စန်း၏ ဖခင်ဖြစ်သူ ဦးလှစိန်(ခ)လင်ခိုင်ခေး အသက်(၈၆)နှစ်သည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများ**
**Myanmar Automobile Development Public Co.,Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းအောင်
### အင်ဂျင်နီယာမှူး (ငြိမ်း)
### မြန်မာ့လေကြောင်း/Air Bagan
### မကွေးကောလိပ်ကျောင်းသားဟောင်း (ရူပ-၆၅)

ဒေါ်မိမိခိုင် (ပထဝီ-၆၇)၏ခင်ပွန်းဖြစ်သူ ဦးသိန်းအောင်(ရူပ-၆၅)သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၆၄-၁၉၇၆) ခုနှစ်**
**မကွေးကောလိပ်ကျောင်းသား/ကျောင်းသူဟောင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးညွန့်တင် (ရိုးကြီးကျေးရွာ-မှော်ဘီမြို့)

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာနေ (ဦးမောင်ညို-ဒေါ်ဖွားသော့)တို့၏သား၊ (ဦးမုန်း-ဒေါ်သိန်း)တို့၏သားသမက်၊ (ဒေါ်ချောရင်)၏တူ၊ ဒေါ်ခင်မြ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစံသိန်း-ဒေါ်ခင်ချစ်)၊ (ဦးစံလှိုင်-ဒေါ်ခင်ကြည်)တို့၏ညီ၊ (ဦးလှတင်-ဒေါ်ဟံသိန်း)တို့၏အစ်ကို၊ (ဦးလှထွန်းကြည်-ဒေါ်လှကြိုင်)၊ (ဦးလှမြင့်)-ဒေါ်ခင်စန်း၊ (ဦးသိန်းလှ)-ဒေါ်တင်ရီ၊ (ဦးအေးကြူ)-ဒေါ်မြင့်မြင့်သိန်း၊ (ဦးကံညွန့်)-ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်ခင်စိုးကြည် တို့၏အစ်ကိုကြီး၊ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုမီ၊ ဦးသောင်းလွင်(လှည်းတန်းစင်တာ)-ဒေါ်သန်းသန်းရီ(အမက-၁၊ အင်းစိန်)၊ ဦးသက်ဦး-(စွဲလှလှအေး)၊ (ဦးစိုးမြင့်အောင်)-ဒေါ်ရီရီဌေး(အလက-၁၀၊ အင်းစိန်)တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၁၉ ရက် ည ၈း၃၀ နာရီတွင် ရိုးကြီးကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရိုးကြီးကျေးရွာ သုသာန်၌ မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင်

**အင်ဂျင်နီယာမှူး (ငြိမ်း)**

**မြန်မာ့လေကြောင်း/Air Bagan**

**ဒု-ဥက္ကဋ္ဌ၊ တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)**

**အသက် (၇၅) နှစ်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဦးရိုက်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၆)နေ (ဦးအုန်းမောင်-ဒေါ်မြသန်း)တို့၏ သားသမက်၊ ဦးထွန်းကိုကို (Air KBZ)-ဒေါ်ဇာလှိုင်းအိ၊ ဦးကျော်ကျော်စိုး-ဒေါ်ခင်ဆုရည် (ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မောင်ကောင်းသန့်၊ မောင်ဟန်စစ်၊ မသန့်သီရိထွန်းတို့၏အဘိုး၊ ဒေါ်မိမိခိုင် (မြန်မာ့လေကြောင်း-ငြိမ်း၊ Sun Far Travel & Tours)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြင့်

**အသက်(၅၉)နှစ်**

ပုဇွန်တောင်၊ အထက-၃၊ ကျောင်းသားဟောင်း၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၃၁)၊ လိပ်ကန်လမ်းနေ (ဦးလှမောင်-ဒေါ်စိန်ခိုင်) (ဥမ္မာညွန့်လက်ဖက်စို/ခြောက်)တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်ငွေယု)တို့၏ သားသမက်၊ (ဦးရွှေကံမောင်)-ဒေါ်မြင့်သန်း၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ (ဦးလှဝင်း-ဒေါ်ညွန့်စီ)၊ ဦးခင်သန်း-ဒေါ်ဝင်းကြည်၊ ဦးဝင်းမြင့်-(ဒေါ်လုံးကြည်)တို့၏ ညီ/မောင်၊ ဒေါ်ချိုချိုဝင်း၊ ဦးအောင်သန်းဝင်း-ဒေါ်ဥမ္မာညွန့် တို့၏ အစ်ကို၊ ဒေါ်ရွှေကြည်(ခ)မမိုး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှနုရီ (ခ) အဝိုင်း (ကျောက်တော်)

**အသက် (၅၈) နှစ်**

ကျောက်တော်မြို့ မြို့သစ်၊ အမ်းတန်းရပ်ကွက်နေ ဦးဖြူသာထွန်း-ဒေါ်ဦးဝေတို့၏ သမီး၊ ဒေါ်အေးစိန်၏ ညီမ၊ ဦးထွန်းဝေ၊ ဒေါ်ဝါဝါရွှေ၊ ဒေါ်နီနီရွှေ၊ ဒေါ်ညိုညိုခိုင်၊ ဒေါ်ဖြူဖြူခိုင်၊ ဦးကျော်ကျော်ထွန်းတို့၏ အစ်မ၊ စစ်တွေမြို့ လမ်းမကြီး၊ မြို့သူကြီးရပ်ကွက်နေ ဦးဦးဘသိန်း(ကုန်သည်)၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးလွှမ်းမိုးကျော်-ဒေါ်မြနှင်းမွန် (ကထိက၊ ကွန်ပျူတာတက္ကသိုလ်-ရန်ကုန်)၊ ဦးကျော်မျိုးလင်း-ဒေါ်ငြိမ်းစုမွန်(USA)တို့၏မွေးသမိခင်၊ မရွှေရတု၏ ချစ်လှစွာသောအဘောင်ရှင်အဝိုင်း(ခ)ဒေါ်လှနုရီသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၁၃ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အခန်း-၀၀၁၊ တိုက်-L2၊ မြနန္ဒာအိမ်ရာ၊ လှိုင်-၁၄ ရပ်ကွက်၊ သီရိမြိုင်ဘူတာအနီး၊ ရန်ကုန်မြို့ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမိုက်ကယ်ညိုလေး

**အသက်(၇၃)နှစ်**

**လေယာဉ်မှူးကြီး-ငြိမ်း၊ မြန်မာ့လေကြောင်း**

ဦးမိုက်ကယ်ညိုလေး (လေယာဉ်မှူးကြီး-ငြိမ်း)သည် ၂၆-၄-၂၀၁၉ (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်ရှိချုပ်နှင့် ဝန်ထမ်းများ**
**(မြန်မာအမျိုးသားလေကြောင်း)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးဌေးအောင် အသက်(၆၆)နှစ် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ဌေးနှင့်တပည့်များ**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြနွယ် (B.A, B.Ed)

**အထက(၁၈)၊ နန်းမြို့**

**အသက်(၇၃)နှစ်**

မန္တလေးမြို့ (၁၁)လမ်း၊ မောရဂီဝါရပ်နေ (သစ်တောဝန်ထောက်ကျော်ထင် ဦးအုန်း-ဒေါ်သန်း)တို့၏ သမီးထွေး၊ (ဒေါ်ခင်သိန်း)၊ (ပြည်နယ်ရဲမှူးကြီး ဦးစိန်ထွန်း)-ဒေါ်စောလွင်၊ [ဦးစိုးမင်း (ကထိက-သမိုင်းဌာနမှူး၊ မန်းတက္ကသိုလ်)-ဒေါ်အေးကြူ]၊ [ဦးမြဝင်း (ပါမောက္ခ၊ ပထဝီဝင်ဌာန၊ မြစ်ကြီးနားတက္ကသိုလ်]-ဒေါ်ယဉ်ညို (အထပြ-ငြိမ်း၊ အထက-၅)တို့၏ ညီမ၊ ဦးကြည်စိုး-(ဒေါ်မြသွင်)တို့၏ ညီမ၊ တူ/တူမ ၁၂ ယောက်တို့၏ ဒေါ်လေးသည် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

## ဦးခင်ဌေး

**အသက်(၆၄)နှစ်**

**ရန်ကုန်မြို့**

ရန်ကုန်မြို့နေ (ဦးမောင်လှ-ဒေါ်ကျင်ငွေ)တို့၏ သား၊ (ဦးတင်မြင့်)-ဒေါ်တင်ကြည်တို့၏ သားသမက်၊ အမှတ်(၄၉၂)၊ ရွှေသွေးလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်သန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဌေးဦးခိုင်၊ ဒေါက်တာချစ်ကောင်း-မမေသန္တာခိုင်၊ မောင်ရဲမင်းခိုင် (P.F.E Co., Ltd.)၏ ချစ်လှစွာသောဖခင်၊ မြေးတစ်ယောက်၏ ချစ်လှစွာသော အဘိုးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ ရက် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရခိုင်သဟာရအသင်း နာယကကြီး

## ဦးခင်သိန်း (စစ်တွေ/ရန်ကုန်)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊**

**သစ်တောဦးစီးဌာန**

**အသက်(၈၀)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် (၉၆)နေ (ဦးသိန်းဖိုးအောင်-ဒေါ်စောနု)တို့၏ သား၊ ဒေါ်စံနု၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းနိုင်ဦး-ဒေါက်တာမိုးစန္ဒာ၊ ဦးသိန်းကျော်စံ-ဒေါက်တာစောဥမ္မာ၊ ဗိုလ်မှူးကြီးမြတ်ခိုင်-ဒေါက်တာခင်ကျော့စံ (ခေတ်မှန်ဆရာဝန်ကြီး၊ လှိုင်သာယာပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောဖခင်၊ (မခိုင်ရွှေစင်ဦး)၊ မောင်ကောင်းမြတ်စံ၊ မောင်မင်းမြတ်စံတို့၏ချစ်လှစွာသောအဘိုးရှင်သည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ တော်ဝင်ဆေးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဆွေ

**လက်ထောက်မန်နေဂျာ(ငြိမ်း)၊**

**ကုန်းလမ်းပို့ဆောင်ရေး**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ အမှတ် (၆၀/က)၊ အောင်မြေသာယာ (၃)လမ်း၊ ကုန်းတလဘောင်တောင်ပိုင်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ချိုချိုမြင့်၏ ခင်ပွန်း၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်ဝင်း၊ ဦးညွန့်ဝင်း-ဒေါ်ခင်မာချို၊ ဦးစိုးဇော်-ဒေါ်အေးအေးမူ၊ ဦးကျော်သူရ-ဒေါ်သဲအိအိသိန်း၊ (မောင်သီဟဇော်)တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၄-၂၀၁၉ ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယကာကြီး

## ဦးကျော်မြင့်

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊**

**သမဝါယမဦးစီးဌာန**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၉)၊ (၉၂)လမ်း၊ ကန်တော်လေး (တောင်)နေ (ဦးစောလှိုင်-ဒေါ်သိန်းရင်)တို့၏သား၊ (ဒေါ်တင်တင်ဝင်း)၏ခင်ပွန်း၊ ဦးထိန်ဝင်း-ဒေါ်နီလာမြင့်၊ ဒေါ်သီတာမြင့် (ကျောင်းအုပ်၊ အလက-ပလူ၊ ခရမ်းမြို့)၊ ဦးကျော်စွာမြင့်-ဒေါ်ရီရီအောင်တို့၏ဖခင်၊ ကိုထက်အောင်ကျော် (3rd/E GEWIN Co.,Ltd)-မအိမ့်သဥ္ဇာသက်(မင်းမဟော်ကုမ္ပဏီ)၊ မသီရိစန္ဒီဝင်း၊ မခိုင်သီရိတို့၏အဘိုး ဦးကျော်မြင့်သည် ၂၈-၄-၂၀၁၉ ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇေယျာဝင်း(မြိတ်/ထားဝယ်)

**B.Sc-Geology 90 batch**

**အသက် (၄၇) နှစ်**

ဦးဝင်းတင်-ဒေါ်စိန်သန်းကြည်တို့၏ သား၊ ဦးမြတ်သွင်ဝင်း-ဒေါ်ကြည်ပြာမိုး၊ ဦးစိန်လှိုင်ဝင်း-ဒေါ်အေးမီမီသန်း၊ ဗိုလ်ကြီးပြည့်ဖြိုးအောင်-မနှင်းနန္ဒာဝင်းတို့၏ အစ်ကိုကြီး၊ ထားဝယ်မြို့ အာဇာနည်လမ်း၊ အမှတ်(၈၄၉)နေ ဦးဇေယျာဝင်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၂၈ နာရီတွင် အမှတ်(၅၇၄)၊ သရက်ခြံလမ်းမ၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်လှိုင်

**အသက်(၉၄)နှစ်**

ဖျာပုံမြို့ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၉)နေ (ဦးဟိုရွှမ်းဖုံ)၏ ဇနီး၊ (ဦးကျော်ဦး)-ဒေါ်သန္တာ၊ ဦးသန်းအေး-ဒေါ်သန်းသန်းဆွေ၊ ဦးမြဦး-ဒေါ်ခင်စန်းဝေ၊ ဦးအေးမင်း-ဒေါ်ရီရီဝင်း၊ ဒေါ်မြင့်မြင့်ရီ၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဆန်းညွန့်တို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွား ဒေါ်ညွန့်လှိုင်သည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၆ နာရီမှ နံနက် ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်အေး (သရက်မြို့)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ တိုက်(ဘီ)၊ ငါးလွှာ၊ အမှတ် (၁၉၈)နေ (ဦးဘွန်ထိုင်-ဒေါ်မူ)တို့၏သမီး၊ သရက်မြို့ လမ်းမတော်လမ်းနေ (ဦးဟုတ်စွမ်-ဒေါ်ကြင်)၊ (ဒေါ်လွမ်ကျင်)၊ (ဒေါ်အုန်းကျင်)၊ (ဦးလှရီ-ဒေါ်ရီရီ)၊ (ဦးစီ-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ကျင်ဌေး၏အစ်မ၊ ဦးလင်းမြင့်-ဒေါ်မူမူလွင်၊ ဦးကျော်ကျော်လွင်-ဒေါ်တင်လှလွင်၊ (ဦးအောင်အောင်လွင်)-ဒေါ်မိုးမိုးစီ၊ ဦးသူရရီ-ဒေါ်အေးမိုးလွင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ် နှစ်ယောက်တို့၏အဘွား၊ (ဦးထွန်းလွင်)၏ ချစ်လှစွာသောဇနီးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ လမ်း(၅၀)၊ အမှတ်(၁၉၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုအရာခံဗိုလ်မြသိန်း(ငြိမ်း)

**အသက်(၈၁)နှစ်**

**ကပ-၂၅၄၄၂**

ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ ညောင်မြစ်ဆွဲအုပ်စု၊ ပြည်တော်သာရွာနေ ဒေါ်ထားရီ၏ခင်ပွန်း၊ ကိုခင်မောင်အေး-မခင်သန်းသန်းမော်၊ ကိုဝင်းဇော်ဦး-မနုနုဝင်း၊ ကိုဇော်မင်းဦး-မဖူးဖူးတို့၏ဖခင်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၇း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်တောင်တွင်း သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးရုံးချုပ် ဝန်ထမ်းဟောင်းများအသင်း

## ဦးတင်အေး

**စာရင်းစစ်(၁)ငြိမ်း**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသင်းဝင်နံပါတ်(၀၁၅၃)**

**အသက်(၇၆)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ရွှေပုဇွန်လမ်း၊ အမှတ်(၃၇၃)နေ ဦးတင်အေးသည် ၂၅-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒူဂျန်ဆွမ်လွတ်ကိုင်ထန်

**အသက်(၁၀၃)နှစ်**

ယခင် အင်ဘာပါ၊ ဘန်လွန်နေ (ဒူဝါ ဆွမ်လွတ်ဂွန်ထွယ်-ဒူဂျန်ဒွမ်ဖောင်းကော့)တို့၏ သမီးထွေး၊ ယခု မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နေ (ဒူဝါ လဝမ်လီ)၊ ကချင်ပြည်နယ် ဝန်ကြီးဟောင်း၏ ချစ်လှစွာသောဇနီး၊ (ဒူဝါ လဝမ်ဆိုင်းလီ-ဒေါ်လဂါဂျာခေါန်)၊ ဒေါ်လဝမ်ဂျာတောင်-[ဦးတင်ညွန့်(ခ)ကဒွေ့ဆင်ဝါးနော်]၊ ဒေါ်လဝမ်ဂျာအောန်-ဦးခင်မောင်လေး(ခ)အင်ရန်ဂွမ်ဂျာ၊ ဒူဝါလဝမ်ဇော်နော်-ဒေါ်အေးအေးဆွေ၊ (ဒူဝါလဝမ်ဇော်လ)-ဒေါ်လဖိုင်နန်အောင်၊ ဒေါ်လဝမ်ဂျာရွယ်-ဦးလဇွမ်မော်ကြီး၊ ဒေါ်လဝမ်ထုရော်-ဒူဝါ ဝေါ့ချုံးဆိုင်းတောင်၊ ဦးလဝမ်နော်ဂျာ-ဒေါ်စိန်တင်တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၃၂ ယောက်၊ မြစ် ၄၉ ယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မိုင်းနားလဝမ်ကျေးရွာရှိ မိုင်းနားလဝမ်နှစ်ခြင်းအသင်းတော် ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁း၃၀ နာရီတွင် လဝမ်ဒူမိသားစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ကြွရောက်နှစ်သိမ့်ဆုတောင်းပါဝင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အန်တီးဟုန်း(ခ)ဦးပြုံးစိ (ကျောက်တန်း)

**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၅၈)နှင့် ရန်ကုန်မြို့တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၀၀)နေ (အောင်ဗိုမင်း-အုံရှုအိမ်)တို့၏ သား၊ ကွာအာဟေး(ခ)ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝေလွင်-ဒေါ်ရီရီမြင့် (ရတနာမိုး ပရိဘောဂ)၊ ဦးသန်းဇော်-ဒေါ်ရီရီဝင်း (ရွှေမြေယာ-စိုက်ပျိုးရေးဆေးဆိုင်)၊ ဦးဇော်ဝင်း-[ဒေါ်တင်မကြီး (စိန်လဝန်း ပရိဘောဂ)]၊ ဒေါ်သိန်းသိန်းအေး၊ ဦးအေးလွင်-ဒေါ်ဝေမာမြင့် (စိန်ကျော်အောင် ပရိဘောဂ)၊ ဦးသန်းလွင်-ဒေါ်ဝေဝေခိုင်တို့၏ ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုး သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (တာမွေမြို့နယ် နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အံစိန်

**မြိတ်/သဲချောင်း**

**အသက်(၇၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စု၊ သဲချောင်းရွာနေ (ဦးစံရွှေ-ဒေါ်မိတင်)တို့၏ သမီးကြီး၊ (ဦးအေးကြိုင်-ဒေါ်သင်းယုံ)တို့၏ သမီးချွေးမ၊ ဦးသင်းအောင်၏ ဇနီး၊ ဦးကျားမောင်-ဒေါ်မြမြ၊ ဦးအေးမောင်-ဒေါ်မြစိန်၊ (ဦးမောင်စိုး)၊ ဦးတင်ရွှေ-ဒေါ်ရှုတ်၊ ဦးမြင့်နိုင်-ဒေါ်စန်းစန်းယု၊ ဦးမောင်မြင့်-ဒေါ်အင်ကြည်တို့၏ အစ်မ၊ ဦးသိန်းကို-ဒေါ်ဝင်းရီ၊ ဦးသန်းကို-ဒေါ်မိနွဲ့၊ ဦးဝင်းကို၊ ဦးအက်ကြောင်း(ခ)ဦးအေးကို-ဒေါ်ဖြူ၊ ဦးမောင်မျိုး-ဒေါ်သန်းသန်းဆင့်တို့၏ မိခင်၊ မြေး ၁၄ ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့)တွင် သဲချောင်းရွာမှ ကျောက်တောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်ထွေး

**အသက်(၇၆)နှစ်**

**လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း (သာသနာရေးဦးစီးဌာန)**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဘုန်းကြီးကန်ကျေးရွာနေ (ဦးဘသန်း-ဒေါ်အေးကြည်)တို့၏ သား၊ (ဦးစီလန်-ဒေါ်အေးစံ)၊ (ဦးစီပန်-ဒေါ်ညိမ်းမြ)တို့၏ ညီ၊ ဦးဆန်းကျော်-ဒေါ်ချိုတို့၏ အစ်ကို၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၂၆)နေ (ဦးတင်-ဒေါ်ဖူးညွန့်)တို့၏ သားသမက်၊ ဦးခင်ကျော်-ဒေါ်မြတို့၏ မောင်၊ (ဒေါ်စိန်မြ)၏ မောင်၊ ဦးစိုးမြင့်-ဒေါ်မြမြသက်တို့၏ အစ်ကို၊ ဒေါ်စိန်လှ(အလပြ-ငြိမ်း)၏ ခင်ပွန်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီ အထိ ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၂၆)၊ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးကံကြာ)-ဒေါ်စန်းတို့၏ သမီးကြီး၊ ပဲခူးမြို့နေ (ဦးရှုထင်း)-ဒေါ်ကျင်လှိုင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ အမှတ်(၁၂၃)၊ (၂၈)လမ်း၊ ပထမထပ်နေ ဦးယုဝင်း-ဒေါ်သင်းသင်းနိုင်တို့၏ ညီမ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးစိန်ဝင်းမော်-ဒေါ်စန်းစန်းမြင့်၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်မာမြင့်၊ ဦးတင်မျိုးထွေး-ဒေါ်အေးအေးမြတ်တို့၏ အစ်မ၊ ဒေါ်ကျော့ကျော့ဝေ၊ ဦးသန်းစိုး ( Second mate, F.g)-ဒေါ်မေသန္တာ၊ ဦးကျော်သီဟ (Chief mate , F.g)-ဒေါက်တာပွင့်ဖြူ (ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးလေးယောက်တို့၏ အဘွား၊ ဦးမြတ်အေး၏ချစ်လှစွာသောဇနီး ဒေါ်နီနီသည် ၂၈-၄-၂၀၁၉ ရက် နံနက် ၇ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းညွန့် (ခ) ဒေါ်ဂျမ်းပုံ (အမ်းမြို့)

**အသက် (၆၀)**

ရခိုင်ပြည်နယ်၊ အမ်းမြို့ (၃)ရပ်ကွက်နေ (ဦးဘကျန်-ဒေါ်အေးမှုံ)တို့၏သမီးလတ်၊ ဒေါ်ဆန်းရှင်၏ညီမ၊ (ဒေါ်ကြည်ကြည်လှ)၊ ဦးမြင့်အောင်တို့၏အစ်မ၊ ဦးညွန့်မောင်၏ ဇနီး၊ ကိုနီထွန်းအောင်-မသိန်းမြင့်ထွေး၊ ကိုမျိုးညွန့်ထွန်း-မချမ်းစိမ့်စိမ့်သွင်၊ ကိုကျော်သူထွန်း၊ ကိုဟိန်းသူထွန်း၊ မချောဆုရတနာမောင်တို့၏မိခင်၊ မအိမ်စည်ဗို၊ မအိန္ဒြေဦးတို့၏အဘွား ဒေါ်သန်းညွန့်(ခ)ဒေါ်ဂျမ်းပုံသည် ၂၈-၄-၂၀၁၉(တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် အမ်းမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်နှင့် ဟားခါးမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးကောလိပ်ဝင်းအတွင်း ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

**ဟားခါး မေ ၂၉**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ထန်တလန်မြို့လမ်းဦးစီးဌာနရိပ်သာ၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလုမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထန်တလန်မြို့ရေပေးဝေရေးအတွက် လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ ရေရရှိရေးအတွက် အသုံးပြုမည့် ဘဏ္ဍာငွေလျာထားမှု အခြေအနေ၊ Feasibility Survey တိုင်းတာလေ့လာခဲ့သည့် ပိုက်လမ်းကြောင်း အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စီမံကိန်းများ တင်ပြရာတွင် အနီးစပ်ဆုံး ခန့်မှန်းခြေစာရင်းများကို သေချာစွာတွက်ချက်၍ တင်ပြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နှောင့်နှေးကြန့်ကြာမှုမရှိစေရန် နည်းလမ်းများကြံဆ၍ မြန်ဆန်စွာ ဆောင်ရွက်သွားရန်လိုအပ်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ထန်တလန်မြို့ရေရရှိရေးလုပ်ငန်းအား ခွေဗားချောင်းနှင့် မွာလ်ရွာလ်ချောင်းရေထွက်များမှ ရေသွယ်ရေးဆောင်ရွက်နိုင်ပါက တစ်မိနစ် ဂါလန် ၁၃၀ နှုန်းဖြင့် တစ်နေ့လျှင် ဂါလန် ၁၈၇၂၀၀ ရရှိနိုင်မည်ဖြစ်ပြီး လက်ရှိလူဦးရေ ၈၈၈၅ ဦးအား တစ်နေ့လျှင် ၂၁ ဂါလန်နှုန်းဖြင့် (လက်ရှိရေထွက်များမပါ)ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးပေါင်လိုမင်းထန်က အစိုးရနည်းပညာအထက်တန်းကျောင်း (ထန်တလန်) ဖွင့်လှစ်နိုင်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြေးမုံ
ယနေ့
ဖတ်စရာ

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပထမနေ့ ကျင်းပ



စာမျက်နှာ » ၅

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပထမနေ့ ကျင်းပ



စာမျက်နှာ » ၆

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပထမနေ့ ကျင်းပ



စာမျက်နှာ » ၇

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်

**နေပြည်တော် မေ ၂၉**

စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၂၁၂) သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးခန်းမတွင် စာအုပ်မိတ်ဆက်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများနှင့် စကားဝိုင်းများ စသည့် စာပေဆိုင်ရာလှုပ်ရှားမှုများ ကျင်းပနိုင်ရန်အတွက် စကားပြောစင်မြင့်၊ အသံစနစ်နှင့် နေရာထိုင်ခင်းများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ပြင်ဆင်ဆောင်ရွက်ပေးထားသည်။

"ခန်းမက လူဦးရေ ၃၀၀ ဝင်ဆံ့ပါတယ်။ လာမယ့် မေလဆန်းကစပြီး ခန်းမကို လတ်တလောမှာ အခမဲ့ငှားရမ်းအသုံးပြုနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ စာပေဆိုင်ရာ လှုပ်ရှားမှုတွေအတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဒီလိုစီစဉ်ပေးတာ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ○



ကြေးမုံ
အထူးကဏ္ဍ
မေ ၃၀၊ ၂၀၁၉ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတကာမျက်နှာစာမှ ရင်ဆိုင်ရပ်တည်ပေးလျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံစုစည်း - အေးသန်း

နိုင်ငံ၏ အကျိုးစီးပွားအတွက် နိုင်ငံတကာမျက်နှာစာသို့ ထိုးဖောက်ရင်ဆိုင်ဖြေရှင်းပေးရာတွင် အစိုးရအဖွဲ့၏ အရေးကြီးသည့် ဝန်ကြီးဌာနတစ်ခုမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်သည်။

နိုင်ငံခြားရေးမူဝါဒသည် ပြည်တွင်းမူဝါဒကို အခြေပြု၍ တိုးချဲ့ချမှတ် အကောင်အထည်ဖော်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအပါအဝင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရေးဟူသည့် မျှော်မှန်းချက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းရည်မှန်းချက် ပြည့်မြောက်ရန်အတွက် နိုင်ငံတကာနှင့် ဆက်ဆံရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ မြန်မာ့အရေးကိစ္စကို နိုင်ငံတကာမျက်နှာစာတွင် ဖြေရှင်းရင်ဆိုင်ရင်း ရလဒ်ကောင်းများရရှိရေးကို ကြိုးစားထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ အစိုးရသစ်လက်ထက် ဖြတ်သန်းမှုများအကြောင်းကို ပြည်သူများသိရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အား တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည် -

**မေး။ ။ ပထမဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမူဝါဒတွေကို ချမှတ်ပြီး ဘယ်လိုမျှော်မှန်းချက်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးတို့ တွေ့ဆုံဆွေးနွေးစဉ်။



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

ဖြေ။ ။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ မျှော်မှန်းချက်နဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်တို့ကိုအခြေခံပြီး **"လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒ"** ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

မိမိတို့ လွတ်လပ်ရေးရပြီးခါစက ကျင့်သုံးခဲ့သလို ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေကို ဟန်ချက်ညီညီနဲ့ ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပိုမိုကျစ်လျစ်ခိုင်မာဖို့ ကြိုးပမ်းဆောင်ရွက်သလို ဒေသတွင်းနဲ့ အဝေးမှာရှိနေကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေ တိုးမြင့်လာအောင် ဆောင်ရွက်နေပါတယ်။

အာဆီယံအပါအဝင် ဒေသတွင်းအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေပြီး မိမိတို့နိုင်ငံအပြင် ဒေသတွင်း အကျိုးစီးပွားကို ပံ့ပိုးဖော်ဆောင်ပေးဖို့ အစဉ်ကြိုးပမ်းနေသလို မိမိတို့နိုင်ငံရဲ့ အမျိုးသားစီမံကိန်းတွေနဲ့ ဦးစားပေးလိုအပ်ချက်တွေနဲ့အညီ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။

ပြည်သူက တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့တဲ့ ပြည်သူ့အစိုးရရဲ့ သက်တမ်းက အခုဆိုရင် သုံးနှစ်တာခရီးကို ဖြတ်သန်းခဲ့ပါပြီ။ ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူဗဟိုပြု သံတမန်ဆက်ဆံရေး ချဉ်းကပ်မှုနဲ့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတွေကို မြှင့်တင်တဲ့နေရာမှာ ယခင်က အစိုးရချင်းဆက်ဆံရေးကို အလေးပေးခဲ့ပေမယ့် လက်ရှိအချိန်မှာ ပြည်သူချင်းဆက်ဆံရေးကို အလေးပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာမျက်နှာစာတိုင်းမှာ ရခိုင်အရေးနဲ့စပ်လျဉ်းပြီး ဖိအားပေးဝေဖန်မှုတွေကို တုံ့ပြန်ရင်ဆိုင်တဲ့နေရာမှာ အစိုးရသာမက ပြည်သူတွေရဲ့စုပေါင်းအားနဲ့ ဖြေရှင်းဖို့ ဦးတည်ကြိုးပမ်းနေခြင်းဖြစ်ပါတယ်။

ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးမူနဲ့အညီ မြန်မာသံရုံးတွေက ပြည်သူတွေရဲ့အကျိုးကို ပိုပြီးအလေးထားဖို့၊ ပြည်ပကိုရောက်နေကြတဲ့ မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေရဲ့ အကျိုးကို ယခင်ကထက် ပိုမိုကာကွယ်ပေးဖို့၊ ပြည်သူများနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်ဖို့ အလေးထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြင်သာတဲ့ရလဒ်ကောင်းအနေနဲ့ မြန်မာသံရုံးတွေဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ယခင်ကထက် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတကာ ထိတွေ့ဆက်ဆံရေးကိစ္စတွေကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရည်မှန်းချက်တွေရရှိရေးအတွက် ပြည်ပမှကူညီပံ့ပိုးမှု ပိုမိုရရှိရေးအပြင် နိုင်ငံရေးနဲ့ စီးပွားရေးရှုထောင့်တို့မှ မူဝါဒညှိနှိုင်းဆောင်ရွက်ပေးရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အာဆီယံ၊ ဘင်းမ်စတက်၊ အာရှဥရောပ(အေဆမ်)၊ မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေ အပါအဝင် ဒေသဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွေမှာ ပါဝင်တက်ရောက်ပြီး ဒေသတွင်းနဲ့ နိုင်ငံတကာဆက်ဆံရေးကိစ္စတွေမှာ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ အစိုးရရဲ့ သက်တမ်းကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့အပိုင်းမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်ဖြတ်ခဲ့ရတယ်ဆိုတာ ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အစိုးရလက်ထက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို တွဲဖက်တာဝန်ယူထားတဲ့အတွက် ဝန်ကြီးဌာနရဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှု အခန်းကဏ္ဍက ပိုပြီးမြင့်မားလာခဲ့ပါတယ်။

ပြည်သူကတင်မြှောက်တဲ့ အစိုးရသစ်တစ်ရပ်ကို ကမ္ဘာ့နိုင်ငံတွေက ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်ရေးအတွက် အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲကာလအတွင်း ကူညီပံ့ပိုးတဲ့ကမ်းလှမ်းမှုတွေ တစ်ဟုန်ထိုးများပြားလာသလို၊ အစိုးရအပေါ် နိုင်ငံတကာနဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်က အလွန်ကြီးမားလာခဲ့ပါတယ်။

ဒါဟာ နိုင်ငံတကာဆက်ဆံရေးမှာ ထူးခြားတဲ့ အပြောင်းအလဲတစ်ခုဖြစ်သလို စိန်ခေါ်မှုလို့ဆိုနိုင်ပါတယ်။ ပြည်သူ့အစိုးရတက်ပြီးခါစနှစ်ပိုင်းမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးမှုဟာ အလွန်အားကောင်းလာသလို ဖွံ့ဖြိုးရေးမိတ်ဖက်သစ်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ အနောက်ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပြန်လည်မြှင့်တင်နိုင်ခဲ့တဲ့အတွက် သိသာထင်ရှားတဲ့ အောင်မြင်မှုအနေနဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ စီးပွားရေးပိတ်ဆို့မှုတွေအားလုံးကို ဖယ်ရှားပေးနိုင်ခဲ့ပါတယ်။

သို့သော်လည်း အစိုးရသက်တမ်း ဒုတိယနှစ်ဝက်ကနေစတင်ပြီး ရခိုင်ပြည်နယ်အရေးကိစ္စတွေနဲ့ပတ်သက်ပြီး အခြေအနေတွေ ပြောင်းလဲလာတာကို မြင်တွေ့ရပါတယ်။ အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးဟာ နွေးထွေးမှုတွေ လျော့ကျခဲ့ပြီး နိုင်ငံတကာက မျှော်မှန်းထားသလို အစိုးရဘက်က ဆောင်ရွက်ပေးတာတွေမရှိတဲ့အတွက် ဖိအားနဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။

အစိုးရအနေနဲ့ ပြဿနာပြေလည်ရေးအတွက် အထူးအာရုံစိုက်ပြီး ဖြေရှင်းလျက်ရှိပါတယ်။ သို့ပေမယ့် ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်လို့ နိုင်ငံရေးရည်မှန်းချက်အတွက် အသုံးပြုလိုသူတွေက ပြဿနာပြေလည်ဖို့ထက် ဖိအားပေးအရေးယူရေးနဲ့ အပြစ်ပေးရေးတွေကို အာရုံစိုက်လာကြပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံသမ္မတ ရမ်နက်သ်ကိုဗင့်ဒ်တို့ တွေ့ဆုံစဉ်။

စိန်ခေါ်မှုတွေ၊ ဖိအားတွေနဲ့ ရင်ဆိုင်လာရတဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို နားလည်ပေးကြတဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ အာဆီယံနိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေမှာ ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့် ဝင်ရောက်စွက်ဖက်တဲ့ အရေးယူဆောင်ရွက်မှုတွေမပြုလုပ်နိုင်အောင် ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေနဲ့ ရှုပ်ထွေးနက်နဲမှုကို နားလည်မှုရှိပေးခဲ့တဲ့ နိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့တာလည်း အားတက်စရာဖြစ်ပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာမျက်နှာစာမှာ စိန်ခေါ်မှုတွေ ရှိလင့်ကစား မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီကူးပြောင်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အနောက်နိုင်ငံတွေ အပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများရဲ့အားပေးထောက်ပံ့မှုတွေကိုဆက်လက်ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စမှာ နိုင်ငံတကာ သဘောထားအမြင်တွေကို အလေးထားပြီး စဉ်းစားဖို့ လိုအပ်သလို တစ်ဖက်မှာ ပြည်တွင်းအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်သူတွေရဲ့သဘောထားအမြင်နဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တာကြောင့် ဟန်ချက်ညီညီနဲ့ စနစ်တကျ ဖြေရှင်းနိုင်ဖို့ဆိုတာ အစိုးရအဖွဲ့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ပြည်သူတွေက အစိုးရအပေါ်ထားရှိတဲ့ အင်မတန်မြင့်မားတဲ့ မျှော်မှန်းချက်တွေကို ကာလတိုအတွင်းမှာ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ဆိုတာ အစိုးရအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပါတယ်။

အစိုးရဟာ ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ပတ်သက်လို့ အနောက်နိုင်ငံတွေက ဖြေရှင်းလိုတဲ့ ချဉ်းကပ်ပုံနဲ့ ဖြေရှင်းရင် မိမိတို့နိုင်ငံရဲ့ တည်ငြိမ်မှုနဲ့ ပြည်သူတွေရဲ့ အနာဂတ်ကို ထိခိုက်နိုင်မှာကို စိုးရိမ်ပူပန်တဲ့အတွက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိစ္စကို မိမိတို့နိုင်ငံတွင်းမှာ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မထိခိုက်စေတဲ့နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းနေကြခြင်း ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ တတိယ(၁)နှစ်တာ အတွင်းမှာ ဘယ်လိုဦးစားပေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ပါသလဲရှင့်။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်တွေကို ရရှိဖို့အတွက် ကမ္ဘာ့နိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေးကို တိုးချဲ့နေသလို ဒေသတွင်း နိုင်ငံတွေနဲ့သာမက အနောက်နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေ အကြားမှာ ဆွေးနွေးမှုယန္တရားတွေကို တိုးချဲ့တည်ထောင်ကာ ဆောင်ရွက်နေပါတယ်။

ဥရောပ၊ လက်တင်အမေရိကနိုင်ငံအချို့ ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ အပါအဝင် အာရှနိုင်ငံအချို့ကို အထူးသံတမန် ကိုယ်စားလှယ်တွေ စေလွှတ်စည်းရုံးတာတွေ ပြုလုပ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် အရေးနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေကို နိုင်ငံတကာမျက်နှာစာကနေတုံ့ပြန်ဖြေရှင်းခြင်းကို အဓိကဆောင်ရွက်နေတဲ့အပြင် မြေပြင်မှာလည်း ပတ်ဝန်းကျင်ကောင်းဖြစ်မယ့် လက်တွေ့တိုးတက်မှုတွေကို ပြသနိုင်ဖို့အတွက် သက်ဆိုင်တဲ့ဌာနတွေနဲ့ ကြိုးပမ်းညှိနှိုင်းဆောင်ရွက်နေပါတယ်။

တတိယ (၁)နှစ်တာအတွင်းမှာ မိမိတို့နိုင်ငံရဲ့ပုံရိပ်ကိုမြှင့်တင်ပေးဖို့အတွက် စည်းရုံးခြင်း၊ မြန်မာသံရုံး၊ အဖွဲ့ရုံးတွေနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေတစ်ဆင့် Soft Power လို့ခေါ်တဲ့ မြန်မာနိုင်ငံရဲ့ အနုပညာယဉ်ကျေးမှုတွေသာမက အခြားကဏ္ဍတွေမှာ အပြုသဘောတိုးတက်မှုတွေကို ကမ္ဘာသိအောင် ပြသတာတွေ၊ ကမ္ဘာလှည့်ခရီးသည် မြှင့်တင်ရေးအတွက် ကြိုးပမ်းတာတွေ၊ ဂျပန်နဲ့ တောင်ကိုရီးယား အပါအဝင် နိုင်ငံအချို့ကို ဗီဇာကင်းလွတ်ခွင့်ပြုတာတွေ၊ ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်း အပါအဝင် ဗီဇာစည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်တွေကို ဖြေလျှော့တာတွေ၊ မြန်မာသံရုံးတွေကို စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ဖို့အတွက် ပိုမိုအားထုတ်ဆောင်ရွက်ခြင်းတွေကို ပြုလုပ်လျက်ရှိပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကမ္ဘာလှည့်ခရီးသည်ဦးရေတွေ သိသိသာသာ တိုးတက်များပြားလာခဲ့တာကလည်း အောင်မြင်တဲ့ အကျိုးရလဒ်လို့ ပြောနိုင်ပါတယ်။

ပြည်ပနဲ့ဆက်ဆံရေး ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ကျွမ်းကျင်တဲ့ သံတမန်တွေကို ခန့်အပ်နိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် သံတမန်ဝန်ထမ်းတွေ အင်အားတိုးမြှင့်ခန့်အပ်တာနဲ့ သံတမန်တွေရဲ့စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာသံတမန်ဝန်ထမ်းတွေဟာ သံတမန်အဆင့်နဲ့အညီ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ကြဖို့အတွက် စီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ဆိုင်တဲ့ လိုအပ်ချက်တွေ၊ ဝန်ထမ်းတွေနဲ့ မိသားစုတွေရဲ့ ကျန်းမာရေး၊ ဝန်ထမ်းတွေရဲ့ သားသမီးတွေအတွက် ပညာသင်ကြားနိုင်ဖို့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ မိတ်ဖက်သစ်နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ပေးနေတဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ ဘယ်လိုစီစဉ်ပေးနိုင်ခဲ့သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ မိတ်ဖက်နိုင်ငံတွေနဲ့ နှစ်နိုင်ငံအကြား နိုင်ငံတော်အကြီးအကဲတွေ၊ အဆင့်မြင့် ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ အပြန်အလှန်သွားရောက်နိုင်ရေးကို ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်နိုင်ခဲ့ပါတယ်။ အစိုးရသက်တမ်း တတိယနှစ်အတွင်း နိုင်ငံတော်သမ္မတအနေနဲ့ ချစ်ကြည်ရေးခရီးစဉ်နဲ့ အာဆီယံနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေ တက်ရောက်ရန် စင်ကာပူ၊ ထိုင်း၊ နီပေါနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အစိုးရရဲ့ ပထမ(၂)နှစ်တာကာလအတွင်း လာအို၊ ထိုင်း၊ တရုတ်၊ အမေရိကန်၊ ဂျပန်၊ စင်ကာပူ၊ အီတလီ၊ ဗာတီကန်၊ ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယနဲ့ သြစတြေးလျစတဲ့ နိုင်ငံတို့သို့ တရားဝင်ခရီးစဉ်တွေ သွားရောက်ခဲ့ပါတယ်။ တတိယနှစ်တွင် ချစ်ကြည်ရေးခရီးစဉ်နဲ့ အာဆီယံနဲ့ ဒေသအဖွဲ့အစည်းအဝေးတွေဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေသို့ တက်ရောက်ရန် ဗီယက်နမ်၊ ဂျပန်၊ စင်ကာပူနဲ့ နီပေါနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာက ဧည့်သည်တော်တွေ အနေနဲ့ မြန်မာနိုင်ငံကို လာရောက်မှုအခြေအနေကို ပြောကြားပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ အစိုးရသစ်ရဲ့ သုံးနှစ်တာကာလတစ်လျှောက်မှာ မြန်မာနိုင်ငံကို စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံတော်သမ္မတ၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ပုပ်ရဟန်းမင်းကြီးတို့ရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ၊ တရုတ်၊ အီတလီ၊ ကနေဒါ၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ သြစတြေးလျ၊ ဆားဘီးယား၊ ဗြိတိန်၊ ဟန်ဂေရီ၊ အမေရိကန်၊ နော်ဝေ၊ ယူကရိန်း၊ လူဇင်ဘတ်၊ နယ်သာလန်၊ ပြင်သစ်၊ ချက်၊ တူရကီ၊ ဥရောပသမဂ္ဂ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနဲ့ မလေးရှားစတဲ့ နိုင်ငံတွေက ဒုတိယဝန်ကြီးချုပ်အဆင့်နဲ့ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးစဉ်ပေါင်း ၈၀ ကျော်ကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံချင်းနဲ့ ဒေသတွင်းအဆင့် ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတွေကို များစွာမြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖွံ့ဖြိုးရေး အကူအညီတွေ၊ နည်းပညာအကူအညီတွေနဲ့ ဘဏ္ဍာငွေအကူအညီတွေရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အခုလို အပြန်အလှန်ခရီးစဉ်တွေကနေပြီး နိုင်ငံအတွက် အကျိုးရလဒ်တွေ ရရှိထွက်ပေါ်လာခဲ့တဲ့အပေါ်မှာ သုံးသပ်ပြောကြားပေးပါရှင့်။**

ဖြေ။ ။ အခုလို အပြန်အလှန်ခရီးစဉ်တွေရဲ့ အကျိုးကျေးဇူးက နှစ်နိုင်ငံခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာခဲ့သလို၊ နှစ်နိုင်ငံအကြားက ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ခဲ့သလို နိုင်ငံအတွက် အခြားအကျိုးကျေးဇူးများစွာလည်းရရှိပါတယ်။ အာဆီယံ ထိပ်သီးအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ တရုတ်၊ အမေရိကန်နဲ့ နယူးဇီလန်စတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ သီးခြားတွေ့ဆုံမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဩဂုတ်လမှာ သွားရောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတရဲ့နီပေါနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဟာ မြန်မာနဲ့ နီပေါနိုင်ငံအကြား နှစ်ပေါင်း ၄၀ အတွင်း အရပ်ဘက်အဆင့်မြင့်ခေါင်းဆောင်ပိုင်း ပထမဆုံးသွားရောက်တဲ့ ခရီးစဉ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နီပေါနိုင်ငံ အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့အပြင် တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး နီပေါသမ္မတ၊ ဝန်ကြီးချုပ်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံ သမ္မတရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား ပညာရေးနဲ့ တရားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးခဲ့ကြပြီး အိန္ဒိယအစိုးရရဲ့ အကူအညီနဲ့ ရခိုင်ပြည်နယ်မှာ တည်ဆောက်နေတဲ့ အိမ်ရာအလုံး ၂၅၀ အနက် ဆောက်လုပ်ပြီးစီးတဲ့ အိမ်ရာအလုံး ၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနဲ့ ပညာရေးဗဟိုဌာန၊ စပါးဗီဇဥယျာဉ်တို့ကို အိန္ဒိယဘက်ကနေ မြန်မာဘက်ကို လွှဲပြောင်းပေးအပ်ခဲ့လို့ ဖြည့်ဆည်းကူညီခဲ့တဲ့ အိန္ဒိယနိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနီးကပ်ခိုင်မာလာခဲ့ပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးရဲ့မြန်မာနိုင်ငံ ခရီးစဉ်မှာ ရေဘေးသင့်ပြည်သူတွေအတွက် အကူအညီပေးဖို့ သဘောတူညီချက်ရခဲ့သလို ဂျပန်နိုင်ငံအစိုးရရဲ့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့မှုနဲ့ ကုလသမဂ္ဂအေဂျင်စီခုနစ်ခုက ရခိုင်ပြည်နယ်မှာ ၂၀၁၈ ခုနှစ်အတွက် လုပ်ငန်းစီမံချက်နှစ်ခုနဲ့ ၂၀၁၉ ခုနှစ်အတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်း ပံ့ပိုးမှုနဲ့ ကုလသမဂ္ဂအေဂျင်စီကိုးခုက ရခိုင်၊ ကချင်နဲ့ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဆောင်ရွက်မယ့် လုပ်ငန်းစီမံချက်သုံးခုကို အကောင်အထည်ဖော်ဖို့ ထပ်မံညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းမှာ လာရောက်ခဲ့တဲ့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ရဲ့ အထူးကိုယ်စားလှယ်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဗီယက်နမ်အစိုးရက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ တစ်သိန်းပေးအပ်ခဲ့တဲ့အပြင် အလားတူ အခြားနိုင်ငံတွေကနေ နှစ်နိုင်ငံချင်း အကူအညီပေးအပ်မှုတွေ အများအပြားရှိခဲ့ပါတယ်။ အခု ကျွန်တော်ပြောခဲ့တာတွေက နမူနာအဖြစ် ကောက်နုတ်တင်ပြတာပဲ ဖြစ်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဆွေးနွေးဆောင်ရွက်မှုတွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ နှစ်နိုင်ငံချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့အတွက် နိုင်ငံ့အကြီးအကဲအဆင့်နဲ့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်တွေကို အပြန်အလှန် သွားရောက်ခြင်းအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မရှင်တွေ၊ နိုင်ငံခြားဆွေးနွေးမှု ယန္တရားတွေ တိုးချဲ့တည်ဆောက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းပွဲတွေ ကျင်းပခဲ့တာရှိပါတယ်။

စတုတ္ထအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲဦးဆောင်တဲ့ ၂+၂ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံဘက်က အပြုသဘောကူညီပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံပြည်သူတွေရဲ့အကျိုးဖော်ဆောင်ရေးတွေကို ရင်းနှီးပွင့်လင်းစွာနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရှေ့ဆက်နိုင်ဖို့ အမေရိကန်ဒေါ်လာသုံးသန်း ကူညီထောက်ပံ့ထားသလို ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွေအတွက် UEHRD သို့ ငွေကျပ်သိန်း ၂၀၀၀ နဲ့ အလွယ်တကူ တပ်ဆင်နိုင်တဲ့ အိမ်အလုံး ၁၀၀၀ နဲ့ ထရပ်ကားအစီး ၂၀ ကို လှူဒါန်းခဲ့ပါတယ်။

သိသာထင်ရှားတဲ့ တိုးတက်မှုတွေမှာ အမေရိကန်ပြည်ထောင်စုက စီးပွားရေးကန့်သတ်ပိတ်ဆို့မှုတွေ အားလုံးဖယ်ရှားနိုင်ခဲ့ပြီး အမေရိကန်နိုင်ငံနဲ့ ဗြိတိန်နိုင်ငံ အပါအဝင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေ၊ ဆွစ်ဇာလန်နဲ့ နော်ဝေနိုင်ငံတို့ကလည်း ဖွံ့ဖြိုးရေး အကူအညီအများအပြား ပေးအပ်နေကြဆဲဖြစ်ပါတယ်။ ဥရောပသမဂ္ဂကလည်း ပညာရေးကဏ္ဍအတွက် ယူရို ၂၂၁ သန်း မြန်မာအစိုးရကို တိုက်ရိုက်ပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းမှ အလုပ်သမားလေးသိန်းကျော်ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ မဆုံးရှုံးရေးအတွက် GSP အခွင့်အရေးတွေ မရုပ်သိမ်းဖို့ ဥရောပသမဂ္ဂနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ယင်းသို့ ထိတွေ့ဆွေးနွေးမှုတွေကြောင့် နှစ်ဦးနှစ်ဖက်နားလည်မှုတွေ တိုးတက်လာခဲ့ပါတယ်။

အိမ်နီးချင်းတရုတ်နိုင်ငံနဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေး (Strategic Partnership)ကို ပိုမိုတိုးတက်ခိုင်မာစေခဲ့ခြင်း၊ ဗီယက်နမ်နိုင်ငံနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး (Comprehensive Cooperative Partnership-CCP) အဆင့်သို့ မြှင့်တင်ခဲ့ပြီး ထိုင်းနိုင်ငံနဲ့ သဘာဝမဟာဗျူဟာမိတ်ဖက်နိုင်ငံ (Natural Strategic Partners) ဆက်ဆံရေးသို့ တိုးမြှင့်ခြင်းတွေ

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ပြုလုပ်နိုင်ခဲ့ပါတယ်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွေအကြား ညှိနှိုင်းဆွေးနွေးပွဲ (Foreign Office Consultations-FoC) ယန္တရားတွေကို ယခင်က အိမ်နီးချင်းနိုင်ငံတွေနဲ့သာ ထူထောင်ခဲ့ရာမှ ယခုအခါ သြစတြေးလျ၊ ဆွစ်ဇာလန်၊ အက်စတိုးနီးယား၊ နယူးဇီလန်၊ ကိုလံဘီယာ၊ ဘယ်လာရုစ်၊ ဘရာဇီး၊ နီပေါနဲ့ တူရကီ စတဲ့ ဒေသတွင်း၊ ဒေသပြင်ပနိုင်ငံတွေနဲ့ပါ နိုင်ငံခြားရေးဆွေးနွေးမှု ယန္တရားတွေ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။ ဂျပန်၊ ဥရောပသမဂ္ဂတို့နဲ့ လူ့အခွင့်အရေးဆွေးနွေးမှုတွေကို နှစ်စဉ်ကျင်းပနိုင်ခဲ့ခြင်းဖြင့် အပြန်အလှန်နားလည်မှုရရှိရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်အောင် မိတ်ဖက်သစ်နိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေးတိုးချဲ့ခဲ့တဲ့ လုပ်ငန်းတွေရှိရင် ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ နိုင်ငံတကာစာမျက်နှာတွင် ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ဖို့နဲ့ အပြန်အလှန်ပံ့ပိုးမှုတွေ ပိုမိုဆောင်ရွက်နိုင်ဖို့ မိတ်ဖက်သစ်နိုင်ငံတွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်လျက်ရှိပါတယ်။ မိမိတို့အစိုးရရဲ့ သုံးနှစ်တာကာလအတွင်း မိတ်ဖက်သစ်နိုင်ငံ ခုနစ်နိုင်ငံနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂၁ နိုင်ငံနဲ့ သံတမန်အဆက်အသွယ် ထူထောင်ထားရှိပြီး ဖြစ်ပါတယ်။ အာဖရိကနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖို့ ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံနဲ့ တိုဂိုသမ္မတနိုင်ငံတို့နဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လက်တင်အမေရိကနဲ့ ကာရေဗီယံဒေသတွင်းနိုင်ငံတွေနဲ့ ထိတွေ့ဆက်သွယ်မှု တိုးမြှင့်ရေးအတွက် ကျူးဘားနိုင်ငံ ဟာဗားနားမြို့ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းဥရောပနိုင်ငံတွေနဲ့ ထိတွေ့ဆက်သွယ်မှုတွေ တိုးမြှင့်နိုင်ရေးအတွက် ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တို့မှာ ၂၀၁၉ ခုနှစ်တွင် မြန်မာသံရုံးသစ်တွေ တိုးချဲ့ဖွင့်လှစ်ဖို့စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

**မေး။ ။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ ပါဝင်လှုပ်ရှားမှုအပိုင်းနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ ဒေသတွင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်ဖို့အတွက် အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ ဧရာဝတီ-ချောက်ဖယား-မဲခေါင် စီးပွားရေးဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (LMI)စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်။

ACMECS ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် စီမံကိန်းတွေအတွက် စိုက်ပျိုးရေးကဏ္ဍရဲ့ ညှိနှိုင်းရေးမှူးတာဝန်၊ စီအယ်လ်အမ်ဗွီရဲ့ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်တွေချမှတ်ရာမှာ စိုက်ပျိုးရေးနဲ့ စက်မှုကဏ္ဍများ ညှိနှိုင်းရေးမှူးတာဝန်တွေ ထမ်းဆောင်လျက်ရှိပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာ စိုက်ပျိုးရေးနဲ့ စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ်ပါဝင်ပြီး နိုင်ငံတော်သမ္မတက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပါတယ်။




**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၉)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

BIMSTEC အစီအစဉ်အောက်မှာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု၊ တိုင်းရင်းရိုးရာဆေးနဲ့ပတ်သက်တဲ့ လုပ်ငန်းအဖွဲ့အစည်းအဝေးနဲ့ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူတွေအစည်းအဝေးတို့ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးအဆင့်အစည်းအဝေးနဲ့ ဘင်းမ်စတက်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိတွေ အစည်းအဝေးတို့ကို မကြာမီလက်ခံကျင်းပပေးဖို့ ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (LMI)မှာပါဝင်ပြီး (၁၁)ကြိမ်မြောက် LMI/FLM ဒေသတွင်း လုပ်ငန်းအဖွဲ့အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်း၍ အိမ်ရှင်အဖြစ်လည်းကောင်း၊ ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးနဲ့ (၁၀)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများဖိုရမ်တို့ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရဲ့ ပူးတွဲသဘာပတိတာဝန်ကို ထမ်းဆောင်ခဲ့ရာ ၂၀၁၈ ခုနှစ်မှာ အဆင့်မြင့်အရာရှိတွေ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ၊ နယူးဇီလန်နဲ့ အမေရိကန်နိုင်ငံတို့မှ ပူးတွဲဥက္ကဋ္ဌတွေအဖြစ် ဆောင်ရွက်လျက် ငြိမ်းချမ်းရေး တည်ဆောက်မှုနဲ့စပ်လျဉ်းတဲ့ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်အတွင်းက နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာမျက်နှာစာတွင် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအပေါ်တုံ့ပြန်ဖို့ ဘယ်လို ကြိုးပမ်းဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ၂၀၁၂ ခုနှစ် ဇွန်လအတွင်းမှာ ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းနှစ်ခုအကြား ပဋိပက္ခတွေပေါ်ပေါက်လာပြီး နောက်ပိုင်းမှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီတို့က ချမှတ်တဲ့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တွေမှာ ရခိုင်ပြည်နယ်ဖြစ်ပေါ်နေတဲ့ အရေးကိစ္စကို ပိုမိုအလေးပေးထည့်သွင်း ဖော်ပြလာခဲ့ပါတယ်။ ဒါကြောင့် မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ရခိုင်အရေးကိစ္စကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ပြဿနာတွေကို မျှမျှတတ ဖြေရှင်းပေးလေ့ရှိလို့ နိုင်ငံတကာက အထူးလေးစားတဲ့ ဒေါက်တာကိုဖီအာနန်ကို ဖိတ်ခေါ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းကာ ရေရှည်တည်တံ့မယ့် ဖြေရှင်းမှုရရှိနိုင်ဖို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံတွင် နှစ်ပေါင်း ၂၀ လုံးလုံး အီးယူက ဦးဆောင်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းတင်သွင်းမှုကို ပထမဆုံးအကြိမ် ရပ်ဆိုင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် အာဆာအကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုလုပ်ရပ်နဲ့ နောက်ဆက်တွဲ ဖြစ်ရပ်တွေကြောင့် ရခိုင်ပြည်နယ်မှာ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာမှုတွေကို အကြောင်းပြုပြီး အိုအိုင်စီက ၂၀၁၇ ခုနှစ်မှာ ကုလသမဂ္ဂမျက်နှာစာမှာ မြန်မာနိုင်ငံအပေါ် အဆိုမူကြမ်းတွေ ပြန်လည်တင်သွင်းခဲ့၍ ဖိအားပေးမှုတွေ တစ်ကျော့ပြန် မြင့်တက်လာခဲ့ပါတယ်။ ဒီအခြေအနေတွေကြောင့် မိမိတို့ဝန်ကြီးဌာနအနေနဲ့ မိမိတို့၏ သဘောထားရပ်တည်ချက်တွေ ထုတ်ပြန်ခြင်း၊ ပြည်တွင်းပြည်ပမျက်နှာစာအသီးသီးမှာ ကာကွယ်တုံ့ပြန်ရှင်းလင်းခြင်း၊ ဖြစ်ရပ်မှန်အခြေအနေတွေ အသိပေးကာ ချဉ်းကပ်စည်းရုံးမှုတွေ တိုးမြှင့်ပြုလုပ်ခဲ့ရပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ၂၀၁၇ ခုနှစ်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနဲ့ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တို့က တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမူဝါဒဆွေးနွေးပွဲမစတင်မီ စက်တင်ဘာ ၁၉ ရက်တွင် နေပြည်တော်မှာ နိုင်ငံတော်အခြေပြ မိန့်ခွန်းတစ်ရပ်ပြောကြားကာ ရခိုင်ပြည်နယ်အရေးကိစ္စကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ ဗီယက်နမ်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေးဖိုရမ်နဲ့ စင်ကာပူ Lecteure အစီအစဉ်ကနေ မြန်မာနိုင်ငံရဲ့အသွင်ကူးပြောင်းရေးကာလ စိန်ခေါ်မှုတွေနဲ့ သဘောထားရပ်တည်ချက်တွေကို ပြောကြားခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအနေနဲ့ အစိုးရသက်တမ်းသုံးနှစ်တာအတွင်း နှစ်စဉ်ကျင်းပတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အဆင့်မြင့်ကဏ္ဍ ဆွေးနွေးပွဲတိုင်းမှာ တက်ရောက်ပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်းမှာ ဗြိတိန်နိုင်ငံမှ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းချမှတ်နိုင်ရေး ကြိုးပမ်းခဲ့ရာမှာ မြန်မာကိုယ်စားလှယ်အဖွဲ့က ချဉ်းကပ်စည်းရုံး ရှင်းလင်းပြောကြားခြင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် နိုင်ငံတို့အကြား ဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအရေးကိစ္စနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မထုတ်ပြန်ရေးအတွက် ဟန့်တားဆောင်ရွက်နိုင်ခဲ့ပါတယ်။

မိမိတို့အနေနဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဖွဲ့စည်းဖို့ ဆုံးဖြတ်ချက်ချမှတ်တဲ့ ကနဦးအဆင့်ကပင် ယင်းအဖွဲ့အား တည်ထောင်တဲ့ဖြစ်စဉ်မှာ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအား အစိုးရမှဖြေရှင်းဆောင်ရွက်ရာမှာ အဟန့်အတားတွေဖြစ်နိုင်ခြင်းနဲ့ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိခြင်းတို့ကြောင့် FFM ဖွဲ့စည်းတာဝန်ပေးခြင်းကို လက်မခံကြောင်း ရပ်တည်ပြောကြားခဲ့ပါတယ်။ FFM အစီရင်ခံစာ ထွက်ပေါ်လာတဲ့အခါမှာ အစိုးရရဲ့ သဘောထားရပ်တည်ချက်ကို ပြတ်ပြတ်သားသားထုတ်ပြန်ခဲ့ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က ဂျီနီဗာမြို့မှာ ကျင်းပခဲ့တဲ့ လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ မိမိတက်ရောက်ပြီး မိန့်ခွန်းပြောကြားစဉ်မှာ FFM ကို လက်မခံတဲ့ အကြောင်းရင်းတွေကို ထပ်လောင်းရှင်းလင်းပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံတို့မှာ တင်သွင်းတဲ့ ဆုံးဖြတ်ချက်အဆို မူကြမ်းတွေနဲ့ပတ်သက်လို့ နယူးယောက်မြို့နဲ့ ဂျီနီဗာမြို့တို့မှ အမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးတွေဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တွေက လက်မခံနိုင်ကြောင်းကို ပြတ်ပြတ်သားသား ပြသနိုင်ဖို့အတွက် မဲခွဲရန်တောင်းဆိုခြင်း၊ မိမိတို့ရဲ့ ရပ်တည်ချက်တွေဖော်ပြတဲ့ မိန့်ခွန်းတွေပြောကြားခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါတယ်။

တစ်ဖက်မှာ မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေကို နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ အကူအညီကိုရယူပြီး မိမိတို့နိုင်ငံအတွင်း အမှန်တကယ် နေထိုင်ခဲ့သူတွေ၊ ပြစ်ချက်စိစစ်ပြီးသူတွေကို နှစ်နိုင်ငံအကြား သဘောတူညီချက်ပါ စည်းကမ်းချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးနဲ့ မြေပြင်မှာ တိုးတက်မှုအခြေအနေတွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေအတွက် တာဝန်ခံမှုရှိရေးကိစ္စရပ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ ပြည်ပကထင်ရှားတဲ့ ပုဂ္ဂိုလ်နှစ်ဦး၊ ပြည်တွင်းမှ ပညာရှင်နှစ်ဦး ပါဝင်တဲ့ လွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးကော်မရှင်(ICoE)ကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ တာဝန်ခံမှုကိစ္စကို ကိုင်တွယ်ဆောင်ရွက်ဖို့ အစိုးရအနေနဲ့ ဆန္ဒလည်းရှိ၊ ဆောင်ရွက်နိုင်စွမ်းလည်းရှိကြောင်း၊ ဒါကြောင့် နိုင်ငံတကာက ဝင်ရောက်စီရင်နိုင်ရေး ဦးတည်ကြိုးပမ်းမှုတွေကို လုံးဝလက်မခံကြောင်း ပြတ်သားစွာရပ်တည်ပြောကြားထားပါတယ်။ တစ်ချိန်တည်းမှာ လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ရန်အတွက် UEHRD ကို တည်ထောင်ထားပြီး၊ ရေရှည်အစီအစဉ်အနေနဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေကို တတ်နိုင်သမျှ အပြည့်အဝ အကောင်အထည်ဖော်ခြင်းဖြင့် ဖြေရှင်းသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ပမှ မလိုလားအပ်တဲ့ စွက်ဖက်မှုတွေမရှိဖို့နဲ့ ပြည်တွင်းရှိ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ မိမိတို့အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းအားလုံး သဟဇာတဖြစ်စွာ နေထိုင်နိုင်တဲ့ ရေရှည်တည်တံ့မယ့် အဖြေရရှိရေးအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ဘက်ပေါင်းစုံမှ စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့ဦးစားပေးလုပ်ငန်းတွေနဲ့အညီ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနဲ့ ထိတွေ့ပူးပေါင်းလုပ်ဆောင်သင့်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်စွန့်ခွာသူတွေကို စိစစ်ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေ လက်မှတ်ရေးထိုးခြင်း၊ UNHCR နဲ့ UNDP တို့ထံမှ ကူညီပံ့ပိုးမှုယူဖို့ MoU လက်မှတ်ရေးထိုးခြင်း၊ အာဆီယံနှင့် ဒေသတွင်း မိတ်ဆွေနိုင်ငံတွေထံမှ ကူညီပံ့ပိုးမှုတွေကို လက်ခံရယူခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ် အရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဖြစ်ရပ်မှန်အခြေအနေတွေကို ကျယ်ပြန့်စွာသိရှိနိုင်ဖို့နဲ့ မိမိတို့အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေ ပြောကြားတဲ့ မိန့်ခွန်းတွေကို ပြည်သူအားလုံး ရှင်းရှင်းလင်းလင်းသိရှိဖို့အတွက် သတင်းစာတွေ၊ မိမိတို့ဝန်ကြီးဌာနရဲ့ တရားဝင်ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်တွေမှာ စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိပါတယ်။ ဒါ့အပြင် အရေးပါတဲ့နိုင်ငံတွေသို့ အထူးသံတမန်တွေစေလွှတ်ကာ ရှင်းလင်းပြောကြားစေခြင်း၊ ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကလည်း ရုံးစိုက်ရာ အိမ်ရှင်နိုင်ငံတွေ၌ ဖော်ပြပါသတင်းအချက်အလက်တွေ ထပ်ဆင့်ဖြန့်ဝေခြင်း၊ သံရုံးအကြီးအကဲတွေက ရှင်းလင်းပြောကြားခြင်းတွေပြုလုပ်၍ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသို့ လာရောက်တဲ့ ပြည်ပဧည့်သည်တော်တိုင်းကို အလားတူရှင်းလင်းပြောကြားမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် အရေးကိစ္စအတွက် ဒေသတွင်းမျက်နှာစာမှာ ဘယ်လို**

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ

**ကြိုးပမ်းမှုတွေ လုပ်ခဲ့ပါသလဲ။**

ဖြေ။ ။ ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍကို ပိုမိုမြင့်တက်လာဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်၍ မြန်မာနိုင်ငံရဲ့ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေအပေါ် အာဆီယံအပါအဝင်ဒေသတွင်းမှ အဖွဲ့အစည်းတွေရဲ့ ထိပ်သီးအစည်းအဝေးအဆင့် အစည်းအဝေးတွေမှာ နိုင်ငံတော်အကြီးအကဲတွေ ကိုယ်တိုင်ရှင်းလင်းပြောကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်။

အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွေမှာ မြန်မာနိုင်ငံက ရခိုင်အရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေတွေကို စဉ်ဆက်မပြတ် အသိပေးခဲ့ပါတယ်။ အာဆီယံအနေနဲ့ ရခိုင်ပြည်နယ်ကိစ္စရပ်ရဲ့ သိမ်မွေ့နက်နဲ ရှုပ်ထွေးမှုကို နားလည်သဘောပေါက်ကြောင်း၊ အာဆီယံအနေနဲ့ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အေးချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ မိသားစုစိတ်ဓာတ်နဲ့ ကူညီပံ့ပိုးရန် အသင့်ရှိကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို မထိပါးစေဘဲ မြန်မာနိုင်ငံရဲ့လိုအပ်ချက်ကို မြန်မာနိုင်ငံရဲ့သဘောနဲ့အညီ ဖြည့်ဆည်းပေးမယ့်ပုံစံမျိုးဖြင့် အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယင်းသို့ ညှိနှိုင်းချက်အရ အာဆီယံအတွင်းရေးမှူးချုပ်အား ရခိုင်ပြည်နယ်တွင် ပံ့ပိုးကူညီနိုင်မယ့် အခြေအနေတွေကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ခဲ့ပြီး ပထမအကြိမ် အဆင့်မြင့် မဟာဗျူဟာညှိနှိုင်းရေးအစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေမှာ အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်အရ ယခုနှစ် မတ်လအတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်တွေပါဝင်တဲ့ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနဲ့ ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN ERAT)က လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့ဝင်တွေအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းပို့ချခြင်းနဲ့ မောင်တောမြို့ရှိ ပြန်လည်လက်ခံရေးစခန်းတွေနဲ့ ပြန်လည်နေရာချထားမယ့် ကျေးရွာတွေကိုကွင်းဆင်းပြီး ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာခြင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ ယင်းဆန်းစစ်လေ့လာရေးအဖွဲ့ရဲ့ အစီရင်ခံစာကို ထုတ်ပြန်သွားဖို့ရှိပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် ကိစ္စရပ်တွေကို ဖော်ထုတ်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် ကျင်းပတဲ့ (၂၂)ကြိမ်မြောက် အာဆီယံ - အီးယူဝန်ကြီးအဆင့် အစည်းအဝေးမှာ ရခိုင်အရေးကိစ္စကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်စိစစ်လက်ခံရေးကိစ္စမှာ အာဆီယံမှ အပြုသဘော ကူညီပံ့ပိုးတဲ့ကဏ္ဍနဲ့ ပါဝင်ရန် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းဟာ သံတမန်ရေးအရ ထူးခြားတဲ့ တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာစာချုပ်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ လက်ရှိအစိုးရရဲ့တတိယနှစ်အတွင်း လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှုကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုတွေ မြင့်တက်ခဲ့ပေမယ့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပိုင်း၌ တိုးတက်မှုတွေရရှိနေပါတယ်။ UNDP, UNFPA, UNICEF နဲ့ ILO တို့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်တွေ အတည်ပြုနိုင်ခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေစာရင်း(LDC)မှ လွတ်မြောက်ရေး စံသတ်မှတ်ချက်(၃)ခုလုံး ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပြည့်မီအောင် စွမ်းဆောင်နိုင်ခြင်းနဲ့ ကုလသမဂ္ဂဆိုင်ရာ စာချုပ်တွေမှာ အတည်ပြုပါဝင်လက်မှတ်ရေးထိုးခြင်း စတဲ့ တိုးတက်မှုတွေရရှိခဲ့ပါတယ်။

နျူကလီးယားလက်နက်တွေကို ဖျက်သိမ်းရေးအပါအဝင် လုံးဝတားမြစ်ပိတ်ပင်တဲ့ Treaty on the Prohibition of Nuclear Weapons (TPNW) စာချုပ်ဟာ မြန်မာနိုင်ငံရဲ့ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ရပ်တည်ချက်နဲ့ ကိုက်ညီမှုရှိတဲ့အတွက် မြန်မာနိုင်ငံမှ ယင်းစာချုပ်တွင် ပါဝင်ရန် (၇၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း လက်မှတ်ရေးထိုးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲမှာ အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက်နိုင်ငံတွေအဖွဲ့ (International Solar Alliance)သို့ မြန်မာနိုင်ငံမှ ၆၈ နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် မူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

**မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသားအကျိုးကာကွယ်ရေးကိစ္စတွေမှာ ပြောင်းလဲအောင် ဘာတွေဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အစိုးရလက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ရေးနည်းလမ်းနဲ့အညီ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေ အကျိုးကာကွယ်စောင့်ရှောက်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကဏ္ဍပေါင်းစုံမှာ ဖြေလျှော့ဆောင်ရွက်မှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာကြောင့် ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့အခက်အခဲပြဿနာတွေကို ပိုမိုထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထိုင်း-မြန်မာ နယ်စပ်မှာ တည်ငြိမ်အေးချမ်းမှုတွေရရှိလာပြီဖြစ်ရာ ထိုင်းနိုင်ငံဘက်မှာ နှစ်ပေါင်းများစွာ ဖွင့်ထားခဲ့တဲ့ ယာယီစခန်းတွေကနေ ၎င်းတို့ဆန္ဒအလျောက် ပြန်လာလိုသူ မြန်မာနိုင်ငံသား စိစစ်ပြီးသူတွေ ပြန်လည်ခေါ်ဆောင် ပေးနိုင်ခဲ့တဲ့အပြင် နောက်ထပ် ပြန်လည်ဝင်ရောက်လိုသူတွေကို စိစစ်လက်ခံ၍ နေရာချထားပေးရေးအတွက် ထိုင်းနိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံချင်း အစီအစဉ်အရ ညှိနှိုင်းဆောင်ရွက်လျက်ရှိရာမှာ တိုးတက်မှုတွေရခဲ့ပါတယ်။ ပထမအကြိမ် ၇၁ ဦး၊ ဒုတိယအကြိမ် ၉၃ ဦးနဲ့ တတိယအကြိမ် ၅၆၇ ဦးကို စိစစ်လက်ခံခဲ့ပါတယ်။ ဒါဟာလည်း ထူးခြားတဲ့ တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ နယ်နိမိတ် ကိစ္စတွေမှာရော တိုးတက်မှုရှိအောင် ဘာတွေဆောင်ရွက်ပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ယခင်အစိုးရအဆက်ဆက်က ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့တဲ့ မပြီးပြတ်သေးတဲ့ နယ်နိမိတ်ကိစ္စတွေကို ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နောင်လာနောက်သားတွေကို ကောင်းမွန်တဲ့ အမွေအနှစ်တွေပေးနိုင်မှာဖြစ်ပြီး ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေး အကောင်းဆုံးရောက်ရှိနေတဲ့ ယခုအချိန်အခါတွင် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စတွေကို ဦးစားပေးဆောင်ရွက်ဖို့ လမ်းညွှန်ထားပါတယ်။

မြန်မာနဲ့ ထိုင်းနိုင်ငံအကြား ရပ်တန့်နေတဲ့ နယ်နိမိတ်တိုင်းတာရေး ကိစ္စရပ်တွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ နှစ်နိုင်ငံအကြား နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက်ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်အောင် ညှိနှိုင်းဆွေးနွေးတဲ့ မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးတွေရဲ့ အစည်းအဝေးတွေကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်အမြင် ကွာဟမှုတွေကို လျှော့ချနိုင်ခဲ့ပါတယ်။ သဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးပါက ပတ်ချန်မြစ်နဲ့ ယင်းရဲ့မြောက်ဘက်ရှိ ကုန်းနယ်နိမိတ်မိုင် ၂၀၀ ခန့်ကို တိုင်းတာသတ်မှတ်နိုင်မှာဖြစ်ပြီး ကျန်ရှိတဲ့အပိုင်းတွေကို အပိုင်းလိုက် ဆက်လက်တိုင်းတာသွားဖို့ ရှိပါတယ်။

မြန်မာ-အိန္ဒိယ နယ်နိမိတ် နာဂဒေသရှိ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နဲ့ ၁၄၆ ကြားတွင် အိန္ဒိယဘက်ဒေသခံတွေမှ နယ်နိမိတ်အား ကျော်လွန်ပြီး အဆောက်အအုံတွေ တည်ဆောက်ခြင်း မပြုစေအောင် ခြံစည်းရိုးကာရံရန်အတွက် နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင် ၃၈ တိုင် စိုက်ထူဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အဆိုပါနေရာတွင် ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက်နိုင်ဖို့ အိန္ဒိယဘက်နဲ့ ဆက်လက်ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ အလားတူ မှတ်တိုင်အမှတ် ၈၀ နဲ့ ၈၂ အကြားတွင် ထပ်တိုးမှတ်တိုင် ၃၀ ကို ၂၀၁၇-၂၀၁၈ ကွင်းဆင်းရာသီတွင် အိန္ဒိယဘက်နဲ့ပူးတွဲ၍ တည်ဆောက်ပြီးစီးခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ ထိစပ်လျက်ရှိတဲ့ တရုတ်နိုင်ငံနဲ့အကြား နယ်နိမိတ်ပူးတွဲစစ်ဆေးမှု မပြုလုပ်နိုင်ခဲ့တာ ၂၃ နှစ်ကျော်သွားပြီ ဖြစ်တာကြောင့် နှစ်နိုင်ငံပူးတွဲ ကွင်းဆင်းနိုင်ဖို့ တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေးဆိုင်ရာ ပထမအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လအတွင်း တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီး နယ်နိမိတ်မျဉ်းအနီး တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ နှစ်ဖက်အငြင်းပွားမှုတွေကို နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ အိမ်နီးချင်းကောင်း ပီသစွာဆောင်ရွက်မှုတို့ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ သံရုံးတွေ ဖွင့်လှစ်ထားရှိမှုနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရေးမှာ ပြည်ပနိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေးနဲ့ လူမှုရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ လက်ရှိမှာ မြန်မာသံရုံး ၃၅ ရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသုံးရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံး စုစုပေါင်း ၄၄ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

မြန်မာသံရုံး / အဖွဲ့ရုံး / ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးကို အထူးပြုလျက် ပြည်ပရောက် မြန်မာနိုင်ငံသားတွေအကျိုးကို ပိုမိုအားဖြည့် ဆောင်ရွက်ပေးလျက်ရှိတဲ့ နေရာမှာ ကောင်စစ်ရေးရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးရာမှ နိုင်ငံတော်နဲ့ ပြည်သူတို့အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းမဟုတ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကိုယ်စား ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ်ဆောင်ရွက်ခနဲ့ အခြားဆောင်ရွက်ပေးမှုတို့မှ ပြည်သူ့အစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ငွေသန်းပေါင်း ၉၅၈၆၄ ဒသမ ၈၇၈ (အမေရိကန် ဒေါ်လာ ၇၁ ဒသမ ၈၆၉ သန်း) ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ယင်းစုစုပေါင်းဝင်ငွေထဲမှ တတိယတစ်နှစ်တာအတွက် ငွေကျပ်သန်းပေါင်း ၂၈၀၅၅ ဒသမ ၂၈၈ (အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၆၀၀ သန်း)ကို နိုင်ငံတော်ဝင်ငွေအဖြစ် ရှာပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းအစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်တွေကို ပြည့်ဝအောင် အကောင်အထည်ဖော်မယ့် စွမ်းရည်ထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်တဲ့အလျောက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၊ သံရုံးဒုတိယအကြီးအကဲသင်တန်း၊ ဌာနခွဲစာရေးတွေအတွက် အင်္ဂလိပ်စာနဲ့ နိုင်ငံခြားရေးရာကျွမ်းကျင်မှုသင်တန်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ အပါအဝင် စကားပြန်သင်တန်း၊ အစီရင်ခံစာရေးသားနည်း၊ မိန့်ခွန်းပြင်ဆင်ရေးသားနည်း သင်တန်းတွေ ပို့ချပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနနဲ့ အခြားဌာနတွေက အစိုးရဝန်ထမ်းတွေ၊ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေ အပါအဝင် ဘွဲ့ရလူငယ်တွေအတွက် အစိုးရသက်တမ်း တတိယတစ်နှစ်တာကာလအတွင်း အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းကို နှစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၃၇၉ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၅)ကို ဖွင့်လှစ်သင်ကြားနေပါတယ်။ သံတမန်တွေရဲ့ ဇနီးတွေအခန်းကဏ္ဍက အရေးပါတဲ့အလျောက် သံတမန်တွေရဲ့ဇနီးတွေ၊ အမျိုးသမီးဝန်ထမ်းတွေအတွက်ပါ ဝတ်စားဆင်ယင်မှုနဲ့ သံတမန်ဧည့်ခံရေး ထုံးတမ်းတွေ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။

**မေး။ ။ မြန်မာသံတမန် ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုအစီအမံတွေကို သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာသံတမန် လုပ်ငန်းတွေမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အရည်အသွေးမြင့်ပြီး တက်ကြွကြိုးစားတဲ့ သံအမတ်ကြီးတွေ၊ သံတမန်တွေ လိုအပ်ပါတယ်။ ဒါကြောင့် သံအမတ်ကြီးတွေ တာဝန်ပေးအပ်ရာမှာ သံတမန်အတွေ့အကြုံရှိသူတွေကို ဦးစားပေးပြီး ပြောင်းလဲတာဝန်ပေးခြင်း၊ အရေးကြီးတဲ့နေရာတွေမှာ သံတမန်ရေးရာကျွမ်းကျင်မှုရှိပြီး တက်ကြွစွာ ထမ်းဆောင်နေသူတွေကို ဆက်လက်တာဝန်ပေးခန့်အပ်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါဟာလည်း ထူးခြားတဲ့ ပြောင်းလဲမှုတစ်ရပ် ဖြစ်ပါတယ်။

မြန်မာသံတမန်ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေကို အလေးထားအာရုံစိုက် ဆောင်ရွက်နိုင်ရေးနဲ့ လုပ်ငန်းခွင် အဆင်ပြေချောမွေ့ရေးရည်ရွယ်ပြီး သံရုံးဝန်ထမ်းတွေနဲ့ မိသားစုတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အုပ်ချုပ်မှုဆိုင်ရာ အထောက်အပံ့တွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ပညာသင်စရိတ်ထောက်ပံ့ရေးတွေကို မိမိတို့အစိုးရလက်ထက်မှာ သိသိသာသာ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၄၄ ရုံးအနက် ယခင်ကသံရုံး ခြောက်ရုံးသာ ဝန်ထမ်းမိသားစုတွေအတွက် ကျန်းမာရေးအာမခံထားခွင့်ပြုထားခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် သံရုံး ၂၄ ရုံးအထိ ကျန်းမာရေးအာမခံတွေ ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ထမ်းတွေနဲ့ သားသမီးတွေ ပညာသင်ကြားမှု အခက်အခဲမရှိရေးအတွက် ကျောင်းလခရဲ့သုံးပုံနှစ်ပုံကို ယခုနှစ်ကစလို့ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါဟာ သံတမန်ဝန်ထမ်းမိသားစုတွေ အကျိုးအတွက် အစိုးရရဲ့ ထူးကဲတဲ့ ကူညီပံ့ပိုးမှုဖြစ်ပါတယ်။

နိုင်ငံတကာစာမျက်နှာမှာ သံတမန်ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ရေးအတွက် ပြည်ပရှိ မြန်မာသံရုံးတွေအနေနဲ့ သံတမန်ဂုဏ်သိက္ခာအဆင့်နဲ့အညီ တင့်တယ်လှပမှုရှိဖို့ သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့ နိုင်ငံတော်ပိုင်သံရုံး၊ အဖွဲ့ရုံးအဆောက်အအုံတွေကို မွမ်းမံထိန်းသိမ်းခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းတွေနဲ့ နိုင်ငံပိုင်ဆောက်လုပ်မှုတွေပြုလုပ်ကြဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်အာဖရိကနဲ့ သြစတြေးလျနိုင်ငံတို့မှာ မြန်မာသံရုံးသစ်တွေ၊ ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ပေးနေပြီး မြန်မာသံရုံးအများအပြားကို အကြီးစားပြုပြင်မှုတွေနဲ့ လုံခြုံရေးအစီအမံတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေမှာ နိုင်ငံပိုင်အဆောက်အဦတွေ ဆောက်လုပ်ခြင်းဖြင့် ရေရှည်မှာ ကမ္ဘာတစ်ဝန်း ကြီးမြင့်လာတဲ့ လူနေမှုစရိတ်အရ တိုးမြင့်လာတဲ့ ရုံးခန်းတွေ၊ နေအိမ်ခန်းတွေရဲ့ ငှားရမ်းခတွေကိုသက်သာပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်မှာ ဖြစ်ပါတယ်။ စင်ကာပူမြန်မာသံရုံးမှာ ဗီဇာဝန်ဆောင်မှုလုပ်ငန်းကို ပူးတွဲလုပ်ကိုင်နေတဲ့ ပုဂ္ဂလိကကုမ္ပဏီကို တာဝန်ရပ်ဆိုင်းပြီး သံရုံးဝန်ထမ်းတွေနဲ့ ကိုယ်တိုင်လုပ်ကိုင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**မေး။ ။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားလိုတဲ့ အချက်တွေရှိပါက သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံတကာနဲ့ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ်အရေးကိစ္စဟာ အဓိက အတားအဆီးကြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီစိန်ခေါ်မှုတွေကိုကျော်လွှားရေးဟာ မိမိတို့ ဦးစားပေးဆောင်ရွက်ရမယ့် အရေးကြီးလုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာမှာ မြန်မာနိုင်ငံရဲ့ ပုံရိပ်မြှင့်တင်ရေးနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာမှာ အစိုးရနဲ့အတူ ပြည်တွင်းပြည်ပရှိ မြန်မာပြည်သူတွေ၊ အဖွဲ့အစည်းတွေအားလုံးက အပြုသဘောနဲ့ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံအပေါ် နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ကူညီပံ့ပိုးမှု၊ ပြည်တွင်း စည်းလုံးညီညွတ်မှုနဲ့ စုပေါင်းအင်အားကို အသုံးချခြင်းဖြင့် အမှန်တရားနဲ့ တရားမျှတမှု ပေါ်ပေါက်လာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ ရခိုင်ပြည်နယ် အရေးကိစ္စကိုဖြေရှင်းရာမှာ မတူကွဲပြားတဲ့ သဘောထားအမြင်တွေ အားလုံးကို ထည့်သွင်းစဉ်းစားကာ၊ နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုးအတွက် ဦးထိပ်ထားလျက်၊ မျှတပြီးလက်တွေ့ကျတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူတင်မြှောက်ထားတဲ့ အစိုးရရဲ့မူဝါဒနဲ့အညီ မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ပြည်သူလူထုရဲ့ ထောက်ခံပံ့ပိုးမှုတွေက လွန်စွာအရေးကြီးတဲ့အတွက် ညီညွတ်စွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။ ။

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒသုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

## တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံစုစည်း - ကိုကိုစိုးညွန့်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ကောင်းမွန် ရရှိရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ဟူသည့် မူဝါဒသုံးရပ်ကို ခိုင်ခိုင်မာမာချမှတ်ကာ ပြည်သူ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ပြည်သူအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

**မေး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ချမှတ်ထားတဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေရှင့်။**

ဖြေ။ အစိုးရအဖွဲ့ တာဝန်ယူချိန်မှစပြီး အခုအချိန်အထိ သုံးနှစ်တာကာလအတွင်းမှာ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးစားပေးမူဝါဒသုံးရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမူဝါဒသုံးရပ်က စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး တိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝမြင့်တက်လာဖို့၊ အခြေခံအဆောက်အအုံကဏ္ဍမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်ဖို့နဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့တို့ ဖြစ်ပါတယ်။

ဒီမူဝါဒသုံးရပ်ကိုအခြေခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ နှစ်အလိုက် ဆောင်ရွက်ရမယ့် ဦးစားပေးရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဘာကြောင့် ဒီလိုဦးစားပေးလုပ်ဆောင်ရတယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ။ စစ်ကိုင်းတိုင်းဒေသကြီးက နိုင်ငံမှာ ဒုတိယအကျယ်ဝန်းဆုံး တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၅ ဒသမ ၄ သန်း ရှိပါတယ်။ ဒီထဲမှာ မြို့ပေါ်နေ လူဦးရေက ၁၇ ဒသမ ၁၄ ရာခိုင်နှုန်းနဲ့ ကျေးလက်နေ လူဦးရေက ၈၂ ဒသမ ၈၅ ရာခိုင်နှုန်း ရှိပါတယ်။ တိုင်းဒေသကြီးရဲ့အဓိကစီးပွားရေးလုပ်ငန်းက စိုက်ပျိုးရေးနဲ့ မွေးမြူရေးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အများစုဖြစ်တဲ့ ကျေးလက်နေပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်တန်း မြင့်မားလာမှာဖြစ်ပါတယ်။

ဒီလိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ စက်မှုကဏ္ဍလည်း တစ်ပြိုင်တည်း တိုးတက်လာနိုင်ပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက် ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးလုပ်ငန်းတွေ အဆင့်မြင့်လာမှာဖြစ်သလို ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။

ကျယ်ဝန်းတဲ့ တိုင်းဒေသကြီးအတွင်းမှာ မပျက်ယွင်းသေးတဲ့ သဘာဝတောတောင် ရေမြေအရင်းအမြစ်တွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ မတူညီတဲ့ တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းတွေ ရှိနေခြင်းဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံကောင်းတွေ ဖြစ်ပါတယ်။ ဒီအခြေခံကောင်းတွေကို ဦးစားပေးချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် အချိန်တိုကာလအတွင်း ကဏ္ဍစုံက စီးပွားရေးတိုးတက်မြင့်မားလာမှာဖြစ်တဲ့အတွက် ဒီလိုဦးစားပေး မူဝါဒတွေကို ချမှတ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**မေး။ ဒီလို အကောင်အထည်ဖော်ရာမှာ ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ။ စိုက်ပျိုးရေးကဏ္ဍမှာ လယ်မဲ့၊ ယာမဲ့ ပြည်သူတွေအတွက် မြေလွတ်မြေရိုင်း ၂၆၄၁ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး အဆင့်မြင့်လယ်ယာမြေအဖြစ် ၂၂၂၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာကူးပြောင်းနိုင်ဖို့ ထွန်စက်ကြီး ၄၆၆ စီးနဲ့ လက်တွန်းထွန်စက် ၅၈၀၆ စီးကို ရောင်းချဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။

နိုင်ငံပိုင် ဆည်၊ ကန်၊ ရေလှောင်တမံ ၄၃ ခုနဲ့ ကျေးလက်ဆည်ကန် ၂၉၀ တို့ကို နှစ်စဉ် ထိန်းသိမ်းပြုပြင်ပြီး အကျိုးပြုဧက ၇ ဒသမ ၃ သိန်းခန့်မှာ နှစ်စဉ် မိုးစပါး၊ နွေးစပါးနဲ့ အခြားသီးနှံ စိုက်ဧက ၈ ဒသမ ၉ သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါတယ်။

မြစ်ရေတင်စီမံကိန်း လုပ်ငန်းအသစ် ခြောက်ခု၊ တွင်းနက် ၁၇ တွင်းနဲ့ တွင်းတိမ် ၄၂၁ တွင်း တူးဖော်တည်ဆောက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၄၃၉၅ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ မျိုးစေ့ထုတ်လုပ်သူတွေ အသင်းဖွဲ့စည်းခြင်း၊ မျိုးစေ့ထုတ် ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံမျိုးတွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။

သရက်နဲ့ သခွားမွှေးသီးနှံတွေကို နိုင်ငံတကာကို တင်ပို့ရောင်းချနိုင်ဖို့ရည်ရွယ်ပြီး တောင်သူ ၄၄ ဦးကို Good Agriculture Practice-GAP အသိအမှတ်ပြု လက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးကဏ္ဍမှာဆိုရင် ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ ကျွဲ၊ နွားပေါင်း ၁၈၀၀၀၀ ကျော်ကို ခွာနာ လျှာနာရောဂါကာကွယ်ဆေး ခြောက်လတစ်ကြိမ် အခမဲ့ ထိုးနှံပေးနိုင်ခဲ့တဲ့အတွက် ရောဂါကူးစက်ဖြစ်ပွားမှု လျော့ချနိုင်ခဲ့ပြီး ကျွဲ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

မြင်းမူမြို့နယ်မှာ ဒေသနွားမျိုးထိန်းမျိုးပွားသုတေသနခြံ ထူထောင်ပြီး ဒေသနွားမျိုးပွားရေးပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခိုင်းနွား၊ နို့စားနွားနဲ့ အသားစားနွား စုစုပေါင်း ၅၄၀၉ ကောင်ကို နွားမျိုးမြှင့်သားစပ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်း ဂရန်အင်း ၃၅၁ အင်း၊ တင်ဒါငါးဖမ်းကွက် ၁၅၃ ကွက်နဲ့ ငါးမွေးကန်ဧက ၈၅၄၈ ဒသမ ၂၁၆ ဧကရှိပြီး ငါးထုတ်လုပ်မှု ပိဿာချိန် သန်းပေါင်း ၂၃၉ ဒသမ ၅၅ ခန့် တိုးချဲ့ဆောင်ရွက်နိုင်သလို ငါးသားပေါက်စခန်းသုံးခုကနေ ငါးသားပေါက်

အထူးကဏ္ဍ [ ၈ ] သို့ »»



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ ချင်းတွင်းတံတား(ခန္တီး)ကို တွေ့ရစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၈-၃-၂၀၁၉ ရက်က မုံရွာမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

ကောင်ရေ ၈၇၄ ဒသမ ၀၉ သိန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ပျားမွေးမြူရေးလုပ်ငန်းအနေနဲ့ သုံးနှစ်တာအတွင်းမှာ လုပ်ငန်းရှင်နှစ်ဦး တိုးတက်ကာ စုစုပေါင်း လုပ်ငန်းရှင် ၃၁၂ ဦးနဲ့ ပျားရည် ၁၄ ဒသမ ၉၄ သန်းခန့် ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့ ဆောင်ရွက်ခဲ့မှုတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ သုံးနှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် တိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းနဲ့ မြေသားလမ်း စတဲ့ လမ်းမိုင်ပေါင်း ၃၂၄၈ မိုင်၊ ပေ ၁၅၀ နဲ့အထက် တံတားအစင်း ၅၀ နဲ့ ပေ ၁၅၀ အောက်တံတား ၂၅၄၉ စင်း တည်ဆောက်နိုင်ခဲ့ပါတယ်။

အထူးသဖြင့် မြစ်ကူးတံတားကြီးတွေဖြစ်တဲ့ ချင်းတွင်းတံတား(ကလေးဝ)၊ ချင်းတွင်းတံတား(ခန္တီး)နဲ့ ချင်းတွင်းတံတား(ဟုမ္မလင်း)တို့ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မူးမြစ်ကူးတံတား(သမရိုး)နဲ့ မဲဇာချောင်းတံတားတွေကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ပြည်သူတွေအတွက် လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမှုမှာဆိုရင် သုံးနှစ်အတွင်း တမူး၊ မင်းကင်းနဲ့ ကလေးဝမြို့နယ် သုံးမြို့နယ်နဲ့ ကျေးရွာပေါင်း ၁၃၉၂ ရွာကို ဓာတ်အားလိုင်းစနစ်မှ ပြောင်းလဲဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သလို ဓာတ်အားသုံးစွဲသူ ၁၂၁၆၅၂ ဦး တိုးတက်ရရှိလာခဲ့ပါတယ်။ ၁၂၀ ဒသမ ၈၅ မဂ္ဂါဝပ်ကျော် တိုးတက်သုံးစွဲလာနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ကျေးရွာ ၅၉၈၉ ရွာရှိတဲ့အနက် ဓာတ်အားစနစ်နဲ့ ၂၇၃၉ ရွာ၊ အခြားနည်းနဲ့ ၂၅၆၃ ရွာ စုစုပေါင်း ၅၃၀၂ ရွာ မီးလင်းပြီး ရာခိုင်နှုန်းအနေနဲ့ ၈၈ ဒသမ ၅၃ ရာခိုင်နှုန်း မီးလင်းခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် ဓာတ်အားခွဲရုံ ၆၁၇ ရုံနဲ့ ဓာတ်အားလိုင်း ၁၄၆၂ ဒသမ ၆၇ မိုင်ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားခွဲရုံ ၃၀ နဲ့ ဓာတ်အားလိုင်း ၆၁၅ ဒသမ ၂၃ မိုင်ကို အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းရှိ ဟောင်းနွမ်းဆွေးမြည့်တိုင် ၂၁၄၀၅ တိုင်ကို စံချိန်မီကွန်ကရစ်တိုင်တွေနဲ့ အစားထိုးလဲလှယ်ခြင်း၊ အရည်အသွေးကျဆင်းနေတဲ့ ကြွေသီး ၁၉၆၇၇ လုံးကို အစားထိုးလဲလှယ်ခြင်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နာဂဒေသ နန်းယွန်းမြို့မှာ တိုင်းခမ်းချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီး ဟုမ္မလင်းမြို့နယ်ထဲမှာ လေးမဂ္ဂါဝပ်ထွက်ရှိမယ့် နန့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် တာပိန်ရေအားလျှပ်စစ်စက်ရုံကနေ ၂၃၀ ကေဗွီအေ ဓာတ်အားလိုင်း မိုင် ၁၈၀ နဲ့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ နှစ်ရုံ တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။ အခုနှစ်ကုန်မှာ လက်ရှိအနေအထားထက် မဂ္ဂါဝပ် ၁၈၀ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးကော်မတီတွေက မြို့ရေရရှိရေးလုပ်ငန်း ၃၃၉ ခု ဆောင်ရွက်နိုင်ခဲ့ပြီး ဈေးအသစ် သုံးခုနဲ့ ပွဲကျဈေး ရှစ်ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြို့တော်ခန်းမ ငါးခု အသစ်တည်ဆောက်ခြင်းနဲ့ အဝေးပြေးကားဝင်း အသစ်များ တည်ဆောက်ခြင်းနဲ့ ကားဝင်းအဟောင်းကို အဆင့်မြှင့်တင်ခြင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ အဲဒီလို လုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရန်ပုံငွေ ခွဲဝေသုံးစွဲမှုအတွက် စီမံခန့်ခွဲလုပ်ဆောင်တဲ့ အခြေအနေကို ပြောပြပေးပါဦးရှင့်။**

ဖြေ။ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကို အကျိုးရှိအောင်သုံးစွဲရာမှာ ဦးစားပေးမူဝါဒရည်မှန်းချက်တွေနဲ့အညီ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ပြည်သူလူထုရဲ့ ဆန္ဒနဲ့ အနီးစပ်ဆုံးကိုက်ညီအောင် ညှိနှိုင်းပြီး ခန့်မှန်းရေးဆွဲပါတယ်။ ရေးဆွဲပြီးလုပ်ငန်းတွေကို အစိုးရအဖွဲ့က စနစ်တကျစိစစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကို ပေးပို့အတည်ပြုပါတယ်။ ကဏ္ဍအလိုက် ရန်ပုံငွေတွေခွဲဝေသုံးစွဲဖို့ သေချာစနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။

နှစ်စဉ်ရရှိတဲ့ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းရဲ့ ၅၈ ရာခိုင်နှုန်းခန့်ကို လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ခွဲဝေချထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေးလုပ်ငန်းတွေမှာ အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းတွေကို ရွေးချယ်ပါတယ်။ ဒီလို ရွေးချယ်ပြီး ဘဏ္ဍာရန်ပုံငွေသုံးစွဲနိုင်အောင် စီမံဆောင်ရွက်တာဖြစ်ပါတယ်။



မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

**မေး။ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ တိုင်းဒေသကြီးအတွင်း မြို့နယ် ၃၇ မြို့နယ်မှာ မြို့မ၊ နယ်မြေနဲ့ ရဲကင်းစခန်းပေါင်း ၁၂၅ ခု၊ နယ်မြေလှုပ်ရှား၊ တံတားလုံခြုံရေး ရဲကင်းပေါင်း ၇၆ ခုတို့မှာ ရဲတပ်ဖွဲ့ဝင်

အထူးကဏ္ဍ [ ဆ ] သို့ »»»

»» အထူးကဏ္ဍ [ ၈ ] မှ

အင်အားပေါင်း ၂၈၄၄ ဦးရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုးက ၁ အချိုး ၁၄၀၅ ဖြစ်ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

သုံးနှစ်တာကာလအတွင်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၄၇၉၆ မှု၊ တရားခံ ၇၃၀၆ ဦး ဖမ်းဆီးအရေးယူခဲ့ပြီး ဘိန်းဖြူ ၈၅ ဒသမ ၄၈၁၃ ဂရမ်၊ ဘိန်းမဲ ၄၅၈ ဒသမ ၀၇၃ ဂရမ်နဲ့ မူးယစ်စိတ်ကြွဆေးပြား ၆၁၀၄၄၈၄ ပြားကို ဖမ်းဆီးရရှိခဲ့ပါတယ်။

တရားမဝင် သစ်ဖမ်းဆီးရရှိမှု ၁၄၈၂ မှု၊ တရားခံ ၂၁၁၅ ဦး၊ သစ်တန်ချိန် ၅၅၆၆ ဒသမ ၃၃၇၅ တန် စုစုပေါင်း တန်ဖိုးငွေကျပ်သန်း ၂၄၆၂ ဒသမ ၉ သန်းနဲ့ တရားမဝင် သတ္တုတူးဖော်မှု ၁၈၇ မှုကိုလည်း ဖမ်းဆီးအရေးယူခဲ့ပါတယ်။ တရားမဝင် ခိုးဝင်လာသူ ဖော်ထုတ်ဖမ်းဆီးမှု ၆၄ မှုနဲ့ တရားမဝင် ခိုးဝင်သူဦးရေ ၉၄ ဦး ဖမ်းဆီးအရေးယူခဲ့ပါတယ်။

**မေး။ တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ စက်မှုကဏ္ဍနဲ့ SME ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတာတွေကို သိပါရစေရှင့်။**

ဖြေ။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနဲ့ ကလေးဆိုပြီး စက်မှုဇုန် လေးခုရှိပါတယ်။ သုံးနှစ်တာအတွင်း စက်မှုလုပ်ငန်းသစ် ၄၂၄ ခု မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းတွေမှာ အကြီးစား ၄၁၀၊ အလတ်စား ၁၂၀၂ ခုနဲ့ အငယ်စား ၃၃၇၂ ခု စုစုပေါင်း ၆၄၀၄ ခု ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ လုပ်ငန်းရှင်တွေရဲ့အခက်အခဲတွေကို အတတ်နိုင်ဆုံး ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းဒေသကြီး MSMEs အေဂျင်စီနဲ့ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းနဲ့ ကလေးစက်မှုဇုန်တွေက လုပ်ငန်းရှင်တွေ၊ ပြင်ပလုပ်ငန်းရှင်တွေကိုတွေ့ဆုံပြီး လိုအပ်ချက်တွေကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်ပေါင်း ၄၆၁ ဦးကို လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးထားပြီး ၅၉ ဦးကို ချေးငွေကျပ်သန်းပေါင်း ၁၇၇၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ၉-၂-၂၀၁၉ ရက်က ကလေးဝမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**

ဒါ့အပြင် ဒိန်းမတ်နိုင်ငံ အထောက်အပံ့နဲ့ RBF Grant Winner ရရှိသူ စုစုပေါင်း ၇၃ ဦးကို ငွေကျပ်သန်းပေါင်း ၂၃၆၀ ဒသမ ၇ ရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။MSMEs လုပ်ငန်းတွေအတွက် နည်းပညာမြှင့်တင်ရေးဆိုင်ရာ သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေနဲ့ ချိတ်ဆက်ကာ သင်တန်း ၂၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ထုတ်ကုန် ပြပွဲ/ပြိုင်ပွဲတွေနဲ့ ဈေးရောင်းပွဲတော်တွေကို ပြုလုပ်ပေးခဲ့ပြီး လုပ်ငန်းအမျိုးအစားအလိုက် အစုအဖွဲ့ပေါင်း ၁၇၀ ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ တိုင်းဒေသကြီးအစိုးရအနေနဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒ ချမှတ်ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ကျွန်တော်တို့တိုင်းဒေသကြီးဟာ ကြီးမားကျယ်ပြန့်တဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်တာနဲ့အညီ မပျက်စီးသေးတဲ့ တောတောင်ရေမြေသဘာဝတွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ ပေါများကြွယ်ဝတဲ့အတွက် တိုင်းဒေသကြီးရဲ့ခရီးသွားလုပ်ငန်းကို တိုးတက်မှုရရှိအောင် မူဝါဒချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ခရီးသွားဇုန်ခြောက်ခုသတ်မှတ်ပြီး ရှိရင်းစွဲ ခရီးစဉ်နေရာတွေအပြင် ခရီးစဉ်အသစ်တွေကိုလည်း ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ပြင်ဆင်ထိန်းသိမ်းတာ၊ ခရီးသွားဇုန် ခြောက်ခုမှာ လမ်းညွှန်မြေပုံတွေ၊ လမ်းညွှန်ဆိုင်းဘုတ်တွေ စိုက်ထူတာ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ မင်းကွန်းဒေသနဲ့ နွယ်ငြိမ်းဒေသတွေမှာ ရေလမ်းကနေ လာရောက်တဲ့ ခရီးသွားတွေ အဆင်ပြေဖို့အတွက် ဆိပ်ခံတံတား သုံးခု တည်ဆောက်ပေးတာ၊ ခရီးသွားဈေးကွက်မြှင့်တင်ဖို့ ရည်ရွယ်ပြီး ရုပ်သံလိုင်းတွေကနေ ခရီးသွားအစီအစဉ်တွေ ထုတ်လွှင့်ပြသတာ၊ ခရီးစဉ်နေရာတွေမှာ သန့်ရှင်းတဲ့ သန့်စင်ခန်းတွေ တည်ဆောက်ပေးတာတွေကို သုံးနှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့ပါတယ်။

ဒါ့အပြင် ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်း တစ်ခုကို ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ဘုရားဖူးရာသီမှာ ဇလုံတောင်ကို ခရီးသည် နှစ်သိန်းခန့်လာရောက်ခဲ့ပါတယ်။ အခုနှစ်မှာ ငါးသိန်းကျော်အထိ လာရောက်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ကန့်ဘလူမြို့နယ်မှာ ဇင်းတောင်လင်းနို့ဂူ ဘူမိထူးခြားလေ့လာရေးစခန်းနဲ့ အပန်းဖြေစခန်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ပြီးတော့ ချပ်သင်းရွှေသမင်ဘေးမဲ့တောနဲ့ အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်းမှာပဲ တိုင်းဒေသ ကြီးအတွင်းမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ရည်ရွယ်ပြီး ဇလုံတောင် CBT၊ နွယ်ငြိမ်း CBT နဲ့ ဝက်လက်မြို့နယ်မှာ ဇရာဝတီလင်းပိုင် ကြည့်ရှုနိုင်ဖို့ အင်ဒေါင်း CBT တွေကို ဖွင့်လှစ်ခဲ့ပါတယ်။

ခရီးသွားဈေးကွက်မြှင့်တင်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီးအတွင်းမှာ ခရီးစဉ်တွေကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ အာရုံစိုက်လာအောင် Rally ကားမောင်းပွဲကို နှစ်နှစ်ဆက်တိုက် ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးရဲ့ ခရီးသွားရက်သတ္တပတ်အဖြစ် ဒီဇင်ဘာလကို သတ်မှတ်ပြီး ခရီးသွားလှုပ်ရှားမှုတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ဆောင်ရွက်ခဲ့တဲ့အတွက် ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် နှိုင်းယှဉ်ရင် ၂၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်ကို နှိုင်းယှဉ်ရင် ၁၇ ဒသမ ၁၄ ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဒီထက်ပိုပြီး ခရီးသွားလာရောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

တိုင်းဒေသကြီးအနေနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့မှာ သန့်ရှင်းသော အများသုံးသန့်စင်ခန်းတွေ စီမံဆောင်ရွက်မှုဆုကို ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာ နှစ်နှစ်ဆက်တိုက် ရရှိခဲ့ပါတယ်။ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် ASEAN Public Standard Awards ကို ရရှိခဲ့ပါတယ်။

အထူးကဏ္ဍ [ ၉ ] သို့ »»


**စစ်ကိုင်းမြို့ရှိ ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။**



ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ဟိုတယ်လုပ်ငန်းကဏ္ဍအနေနဲ့ ကျွန်တော်တို့ တာဝန်မယူခင်က ဟိုတယ် ၂၁ လုံးသာ ရှိခဲ့ရာမှ အခုအခါမှာ ၃၆ လုံးအထိ ရှိလာပြီ ဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဟိုတယ် ၁၀ လုံးကို လိုင်စင်ထုတ်ပေးဖို့ စိစစ်နေပါတယ်။

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း နှစ်ကြိမ်၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း နှစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်းဦးရေ ၇၁၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ခရီးသွားကဏ္ဍမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်ဖို့ ကြိုးပမ်းဖော်ဆောင်နေပါတယ်။

**မေး။ ရွှေသတ္တုနဲ့ ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ကွက်ချထားပေးမှု အခြေအနေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ၂၀၁၈ ခုနှစ် သတ္တုတွင်း နည်းဥပဒေအရ ဟုမ္မလင်းမြို့နယ်အတွင်း အသေးစား ရွှေလုပ်ကွက် ၁၆၄ ကွက်နဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက် ၂၃ ကွက်ကို ချထားပေးနိုင်ခဲ့ပါတယ်။

ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ကွက်ချထားပေးရေးနဲ့ပတ်သက်လို့ ခန္တီးရတနာမြေ နန့်စလင်းချောင်းဖျားမော်မှာ ကျောက်စိမ်းလက်လုပ်လက်စား တစ်ဧက လုပ်ကွက် ၃၀၃ ကွက် ဖော်ထုတ်ပြီး လုပ်ကွက် ၆၇ ကွက်ကို ချထားပေးခဲ့ပြီးဖြစ်သလို ကျန်တဲ့ ၂၃၆ ကွက်ကို ဆက်လက်ချထားပေးမှာ ဖြစ်ပါတယ်။ မော်လူး - မော်ဟန် ရတနာနယ်မြေ ၄၈၂ ဧကကျော်ကို လက်လုပ်လက်စား လုပ်ကွက်ချထားပေးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပဲ ပတ်တာဘွန်မော်မှာ ပယင်းလက်လုပ်လက်စား တစ်ဧက လုပ်ကွက် ၃၇၀ ကို ဖော်ထုတ်ခဲ့ပြီး နေရာချထားပေးမှာ ဖြစ်ပါတယ်။ ရွှေသတ္တုနဲ့ ကျောက်မျက်ရတနာ လုပ်ကွက်တွေကို ဥပဒေနဲ့အညီ ချထားပေးနိုင်ခဲ့တဲ့အတွက် တိုင်းဒေသကြီး အခွန်ဘဏ္ဍာငွေတွေရရှိသလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာမှာလည်း များစွာအထောက်အကူပြုခဲ့ပါတယ်။

**မေး။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ တိုးတက်အောင် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေ။**

ဖြေ။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့ သုံးနှစ်တာကာလအတွင်း တိုင်းဒေသကြီးမှာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပေါင်း ၂၆ ခုကနေ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၄၉၄၃၅ သန်းနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုပေါင်း ခြောက်ခုကနေ အမေရိကန်ဒေါ်လာ ၁၉၁ သန်းကျော် ခွင့်ပြုခဲ့ပြီး လုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အရင်က သတ္တုတူးဖော်ခြင်း၊ ရေနံ သဘာဝဓာတ်ငွေ့တူးဖော်ခြင်းနဲ့ သစ်အခြေခံလုပ်ငန်းစတဲ့ သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခဲ့ကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ တာဝန်ယူတဲ့ သုံးနှစ်တာကာလအတွင်းမှာ ဓာတ်မြေဩဇာနဲ့ မျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ဝါးအခြေခံတန်ဖိုးမြှင့် ထုတ်လုပ်မှုလုပ်ငန်းတွေ၊ သကြားထုတ်လုပ်မှုလုပ်ငန်းတွေ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ကွန်ကရစ်တိုင် ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ဟိုတယ်၊ အပန်းဖြေဥယျာဉ်နဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေ စတဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်နိုင်တဲ့အတွက် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးလာနိုင်တာကို တွေ့နိုင်သလို ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲလာတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီလို လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ စစ်ကိုင်း၊ မုံရွာနဲ့ ရွှေဘိုမြို့တွေမှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်နဲ့ ကျန် ၃၄ မြို့နယ်မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ရရှိမှာ ဖြစ်သလို လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း ပြည်ပကတင်သွင်းမယ့် စက်ပစ္စည်းတွေအပေါ် အခွန်အကောက် ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့်ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်တွေ တိုင်းဒေသကြီးအတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ ဒီလို လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲတွေရှိရင် လိုအပ်သလို ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ဒီလိုလာရောက်ရင်းနှီးမြှုပ်နှံဖို့ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိရင် သိပါရစေရှင့်။**

ဖြေ။ ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ကျယ်ဝန်းတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် အခြေခံအဆောက်အအုံ မပြည့်စုံတာတွေ ရှိပါတယ်။ ဒီလိုကြောင့် ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ရာမှာ အကန့်အသတ်ဖြစ်ပေါ်နေတာတွေ ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီး ကန့်သတ်ချက်တွေ ရှိနေပါသေးတယ်။ ဒါကြောင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ တတ်နိုင်သမျှ ဖြေလျှော့ပေးနေပါတယ်။ တစ်ဖက်ကနေ မူဝါဒတွေချမှတ်ပြီး တိုင်းဒေသကြီးအတွင်းက ပြည်သူတွေ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ပြည်သူအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့ ကဏ္ဍတွေထဲက ကျေနပ်အားရမှုရှိခဲ့တဲ့ ကဏ္ဍတွေကို သိပါရစေ။**

ဖြေ။ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ရရှိမှုကဏ္ဍကို မူဝါဒချမှတ်ကာ တစိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူတွေအနေနဲ့ တိုးတက်ခံစားခဲ့ရတဲ့အတွက် ကျေနပ်မှုရှိပါတယ်။ ခရီးသွားကဏ္ဍကလည်း တိုးတက်မှုရရှိခဲ့တော့ ကျေနပ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ထပ်ပြီး ကြိုးစားရဦးမှာဖြစ်ပါတယ်။ ကြိုးစားပြီးတော့လည်း ပြည်သူ့အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ကျန်ရှိနေသေးတဲ့ အစိုးရသက်တမ်းကာလမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ။ လာမယ့် ဘဏ္ဍာနှစ်တွေအတွက် ကျွန်တော်တို့ ချမှတ်ထားတဲ့ မူဝါဒ သုံးရပ်ကိုအခြေခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်ဖို့အတွက်ကို ဆက်လက်ပြီး ကြိုးပမ်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**မေး။ ပြည်သူတွေ သိရှိဖို့အတွက် ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို အဂတိတရားကင်းကင်းနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြီးတော့ အစိုးရအဖွဲ့တစ်ခုတည်းအားနဲ့ ဆောင်ရွက်လို့မရပါဘူး။ ဒါကြောင့် ပြည်သူတွေ၊ အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ။


မုံရွာမြို့ ကျောက္ကာလမ်း အဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်။